# ဇင်သန့်

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၌ ၁၉၄၆ ခုနှစ်၊ မေလ (၂၃)ရက်နေ့တွင် အဘ - ဦးအေးမောင်၊ အမိ- ဒေါ်သိန်းတန်တို့မှ မွေးဖွား။

အသက် (၄) နှစ်အရွယ်တွင် မိဘများနှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ရန်ကုန်မြို့တွင်ပင် ပညာသင်ကြားခဲ့။ ၁၉၆၅ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်။ ၁၉၇၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်။

၁၉၇၁ ခုနှစ် လုပ်သားများကောလိပ်တွင် ရူပဗေဒ အဓိကဖြင့် ပညာသင်ကြားပြီး ၁၉၇၆ ခုနှစ်တွင် သိပ္ပံဘွဲ့ကို ရရှိခဲ့။

၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း သုတေသနလက်ထောက်၊ လက်ထောက် စီစစ်ရေးမှူးရာထူးများ ထမ်းဆောင်ခဲ့။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ ဓန စီးပွားရေးမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ စာပေရေးသားခြင်း တစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်ခဲ့။

လက်ရှိတွင် အခါအားလျော်စွာ မဂ္ဂဇင်းများ၌ ဝတ္ထု၊ ဆောင်းပါးများ ရေးသားလျက်ရှိပြီး ဘာသာပြန် လုံးချင်းဝတ္ထု၊ စီးပွာရေး၊ အောင်မြင်ရေး၊ တက်ကျမ်းစာအုပ်များ ရေးသားလျက်ရှိ၊ စာရေးသူအနှစ်သက်ဆုံး တက်ကျမ်းစာအုပ်မှာ "အကြံကောင်းတော့ တစ်ချက် " ဖြစ်ပြီး အကြိုက်ဆုံး အတ္ထုပ္ပတ္တိ စာအုပ်မှာ "ဒိုက်ဦးမှ စင်ကာပူသို့" စာအုပ်ဖြစ်။

■

အရုဏ်ကောင်းကင်စာအုပ် (၅)

# စာဖတ်ကျွမ်းခြင်းဖြင့်ဘဝတိုးတက်ရေး

## စာဖတ်ကောင်းသူဖြစ်အောင် စနစ်တကျဖတ်နည်း

**ဇင်သန့်**

## READING SMART

**by**

**Nicholas Reid Schaffzin**


အရုဏ်ကောင်းကင် စာအုပ်တိုက်
အမှတ် ၅၂/၅၄၊ ဒေါ်သိန်းတင်လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
ဖုန်း-၂၈၇၄၃၁။


http://www.cherrythitsar.org

# မာတိကာ

| | | |
|---|---|---|
| - | ဘာသာပြန်သူအမှာ | |
| - | စကားဦး | |
| ၁။ | ဘာကြောင့် စာဖတ်မကျွမ်းကြသလဲ … … … … … | ၈ |
| ၂။ | လက်တွေ့လုပ် … … … … … … … | ၃၆ |
| ၃။ | နိဿရည်း … … … … … … … | ၅၂ |
| ၄။ | ဖတ်မည့်စာကိုသိ … … … … … … … | ၁၁၇ |

■

## ဘာသာပြန်သူအမှာ

ကျွန်တော်အသက် ၂၀ ပတ်ဝန်းကျင်ခန့်က ဒေါက်တာ မောင်ဖြူး နှင့် ဆရာ သိန်းဖေဖြင့်တို့၏ ကလေးစာပေနှင့် ပတ်သက်၍ ဆောင်းပါးများကို ဖတ်ခဲ့ရသည်။ ဒေါက်တာ မောင်ဖြူး၏ " ကလေးတွေ စာငတ်နေပြီ" ဟူသော အဆို ကြောင့် ကျွန်တော့်စိတ်ထဲတွင် ခံစားမှုတစ်ခု ဖြစ်ခဲ့ရသည်။

ကျွန်တော်တို့ ကလေးဘဝက စာအတော် ဖတ်ခဲ့ ကြသည်။ ကျွန်တော်ဆိုလျှင် ၁၁ နှစ်သားအရွယ်၊ လေးတန်း ကျောင်းသားဘဝကပင် လုံးချင်းဝတ္ထုများကို စတင် ဖတ်ခဲ့ သည်။ နောက်ပိုင်းတွင်လည်း စာဖတ်ရှိန် မပျက်ခဲ့။

ဒေါက်တာ မောင်ဖြူး၏ စကားကြောင့် ကျွန်တော့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ ကလေးများမှာ စာလည်းမဖတ်ကြ။ စာဖတ်ရကောင်းမှန်းလည်း မသိ ဖတ်စရာ စာအုပ်လည်း သိပ်မရှိ။ ထို့ကြောင့် ကလေးတွေကို စုကာ 'ကလေးစာကြည့်တိုက်' ကလေး တစ်ခု ထောင်ပေးခဲ့ သည်။ ကလေးများ လစဉ်တစ်ကျပ်စီ ထည့်ဝင်သော ငွေနှင့် လိုသည် ကို ကျွန်တော်စိုက်ပြီး စာအုပ်များဝယ်ပေးခဲ့ သည်။ သူတို့ ကလေးတွေ စာဖတ်ချင်လာအောင် စည်းရုံးကာ ဖတ်ခိုင်းခဲ့ သည်။

နောက်ပိုင်း အိမ်ထောင်ကျတော့ ထိုစာကြည့်တိုက် ကလေးနှင့် ဝေးရာသို့ ပြောင်းခဲ့လေသည်။ စာကြည့်တိုက် ကလေးလည်း ပျက်သွားတော့သည်။သို့သော် ကျွန်တော့် စာကြည့်တိုက် အဖွဲ့ဝင်ကလေးများအနက် ၇၀ ရာခိုင်နှုန်းမှာ ကြီးလာသောအခါ စာဖတ်ဝါသနာပါသူများ ဖြစ်ခဲ့ကြသည်။

* * *

ထုတ်ဝေသူ မောင်လွင်ပြင်က Nicholas Rcid-Schaf-fzin ရေးသည့် Reading Smart စာအုပ်ကို ဘာသာပြန်ရန် ပေးလာသည်။ ဖတ်ကြည့်တော့မှ စာဖတ်ဝါသနာပါရန်၊ စာဖတ်ကျွမ်းရန် လိုအပ်ချက်နှင့်ကိုက်သည့် စာအုပ် တစ်အုပ် ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

လူသည် စာဖတ်နှေးလျှင်၊ စာမသွားလျှင် စာအုပ်ကို မဖတ်ချင်။ စာအုပ် ဖတ်ရမည်ကို တာဝန်ကြီးတစ်ရပ်လို ကြောက်ရွံ့နေတတ်သည်။ ကြောက်တော့ စာမဖတ်၊ စာ မဖတ်တော့ ဗဟုသုတနည်းလာသည်။ စကား အပြောအဆို လူမှုဆက်ဆံရေး နယ်ပယ်တွင်လည်း ညံ့ဖျင်းလာတတ် သည်။

ဘောလုံးအားကစားကို ဝါသနာမပါသူအဖို့ ဘောလုံးကန်ရသည်ကို ပင်ပန်းသည့် အလုပ်တစ်ခုဟုထင်ကာ ရှောင်ကြသည်။ ဘောလုံး ဝါသနာ ပါသူအဖို့တော့ သူများတွေ ဘောလုံးကန်နေသည်ကိုမြင်သည်နှင့် ဝင်ကန်ချင်၍ တရွရွ ဖြစ်လာတော့သည်။ ဘောလုံးကန်ရန် ဘောလုံးကွင်းသို့ သွားစဉ် ခပ်လှမ်းလှမ်းမှ ဘောလုံးသံကြားသည်နှင့် မိမိ ခြေ လှမ်းမှာ နှေးနေသည်ထင်ကာ အပြေးသွားတော့သည်။

စာဖတ် ဝါသနာပါသူနှင့် မပါသူများလည်း ထိုအတိုင်း ပင်ဖြစ်သည်။ စာဖတ်ဝါသနာ မပါသူမှာ စာအုပ်ဖတ်ရ

သည်ကို ပင်ပန်းသည် ဟုထင်သည်။ စာအုပ်ကို မြင်သည်နှင့် ကြောက်နေတတ်သည်။ ဝါသနာပါသူကတော့ စာအုပ်ကို မြင်သည်နှင့် ဖတ်ချင်၍ မနေနိုင်တော့။စာအုပ်ဖတ်ရသည်ကိုပင် ပျော်မွေ့နေသည်။

ဤစာအုပ်သည် စာဖတ်နှေး၍ စာဖတ်ရမည်ကို ကြောက်နေသူများအား စာဖတ်မြန်၍ သက်သောင့် သက်သာ နှင့် စာဖတ်တတ်အောင် လမ်းညွှန်ပေးသည့် စာအုပ်ဖြစ်သည်။

ထိုသို့ စာဖတ်မြန်ပြီး မပင်မပန်းဖတ်ရတော့ စာဖတ်ရ မည်ကိုလည်း မကြောက်။ သို့ဖြင့် စာတွေများများ ဖတ်ဖြစ်လာ မည်။ စာဖတ်များလာသည်နှင့်အမျှ ကြီးပွားတိုးတက် ချမ်း သာမှုသာမက အခြားသောဘဝ၏ တိုးတက်မှု မျိုးစုံကိုလည်း ရမည်မှာ ပြောစရာမလိုပေ။

ဘာပဲဖြစ်ဖြစ် ဤစာအုပ်သည် စာဖတ်နှေးသည့် လူငယ် တွေ အတွက်တော့ အတော်ပင် လိုအပ်နေသည်။ စာဖတ် နှေးသူလူတွေလည်း အများကြီး ရှိနေကြသည်။ ထိုလူများ အတွက်လည်း ဤစာအုပ်မှာ ရတနာတွင် တစ်ခုပမာတည်း။ တစ်နည်းအားဖြင့် ကြီးပွားချမ်းသာ ဖို့အတွက် ဤစာအုပ်သည် ပထမခြေလှမ်းဟု ဆိုရမည်။

* * *

ဤစာအုပ်တွင် လေ့ကျင့်ခန်းများပါသည်။ စာဖတ် လေ့ကျင့်ရန် ဆောင်းပါး၊ ဝတ္ထု၊ ကျမ်းစသည်တို့ ထည့် ပေးထားသည်။ မူရင်းစာအုပ်ပါ အဆိုပါ လေ့ကျင့်ခန်းမှ စာများမှာ သူတို့နိုင်ငံသားတွေသာ စိတ်ဝင်စားနိုင်မည့် ဆောင်းပါး၊ ဝတ္ထု များဖြစ်၍ မြန်မာများအတွက်မူ ခိုးလိုးခုလု

ဖြစ်နေနိုင်ပါ သည်။ ထို့ကြောင့် ထိုလေ့ကျင့်ခန်းများတွင် မြန်မာစာပေနယ်မှ မြန်မာစာပေ စစ်စစ်များကို ရှာဖွေ၍ ထည့်ပေးထားပါသည်။

စာအုပ်ပါ မူရင်းလေ့ကျင်ခန်းမှ စာများကို ဘာသာ ပြန်ပေးလိုက်သည်ထက် ယခုလို မြန်မာဆန်သည့် မြန်မာ စာပေ များကို ထည့်ပေးလိုက်သဖြင့် မြန်မာများအတွက် ပို၍ အဆင် ပြေမည်ဟု ထင်ပါသည်။

ထိုလေ့ကျင့်ခန်းများ မှအပ ကျန်သည်များမှာ မူရင်း အတိုင်း ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ မူရင်းစာအုပ်ပါ လမ်းညွှန်ချက်များကို ဖတ်၍ မြန်မာစာပေ စစ်စစ်များဖြင့် လက်တွေ့လေ့ကျင့်ခန်းများ လုပ်ကြည့်လျှင် မုချ တိုးတက်မှု ရှိလာသည်ကို တွေ့ရမည်။ စာဖတ်မြန်ပြီးသားသူတွေ လည်း ယခုထက်ပို၍ မြန်လာနိုင်သည်။

ဤစာအုပ်ကိုဖတ်ရှု၍ စာကို မပင်မပန်း ဖတ်နိုင်လာပြီ ဆိုလျှင် ကြီးပွားတိုးတက်ရန် တစ်ဆင့်တက်လာပြီဟု ဆိုရမည်။ကြီးပွား ပြီးသား လူတွေအဖို့လည်း ပိုမိုကြီးပွား တိုးတက်လာပေ လိမ့်မည်။

စာဖတ်ခြင်းဖြင့် ကြီးပွားတိုးတက်ကြပါစေ။

**ဇင်သန့်**

# စကားဦး

စာကို လျှောလျှောလျူလျူ အလွယ်တကူ ဖတ်သွားနိုင်သူ တွေကို တွေ့ဖူးကြပေလိမ့်မည်။ ထိုလူက "ဩော် . . . ဒီစာအုပ်လား၊ ကျုပ်ဖတ်တာ သုံးနာရီပဲ ကြာတယ်" ဟု ဆိုသော စာအုပ်တစ်အုပ်ကို မိမိဖတ်နေသည်မှာ သုံးပတ်ထဲ ရောက်နေသော်လည်း မပြီးဘဲရှိနေသည်လား။ ထိုလူကဲ့သို့ မဖြစ်လိုဘူးလား။

ထိုလူများသည် ဘာမျှပိုထူးခြားသည် မဟုတ်ကြ။ ဦးနှောက်လည်း ပိုကောင်း၍ မဟုတ်။ သူတို့က စာဖတ် နည်းကို သိ၍ဖြစ်သည်။ ထိုလူတွေ ကဲ့သို့ မိမိတော့ စာဖတ် တတ်တော့မည်မဟုတ်ဟု အားငယ်နေသည်လား။

လုံးဝ အားငယ်စရာမရှိပါ။ စာကို မြန်မြန်နှင့် ကျေညက်အောင် ဖတ်တတ်ဖို့ မိမိတော့ မည်သို့မျှ လုပ်၍ရမည် မဟုတ်ဟု မထင်ပါနှင့်။ ထိုလူတွေ မည်သို့ဖတ်သည်ကို အတုခိုးရန်သာ ရှိပါသည်။

ယခု ဤစာအုပ်မှာ ထိုလူတို့၏ နည်းများကို တင်ပြ ထားခြင်း ဖြစ်သည်။

ထိုလူများမှာ စာဖတ်ကျွမ်းသည်။ သို့သော် သူတို့ကို သူတို့ အဘယ်ကြောင့် စာဖတ်ကျွမ်းမှန်းပင် မသိကြ။ သူတို့က အလေ့အကျင့်ဖြင့် အလိုအလျောက် စာဖတ်ကျွမ်းလာကြခြင်း ဖြစ်သည်။ သူတို့မှာစာကို ကျွမ်းကျင်လွယ်ကူ

စွာဖတ်ပြီး ဖတ်သမျှ စာကိုလည်း အကုန်မှတ်မိနေကြသည်။ သူတို့သည် စာဖတ် နည်းကိုကျင့်သုံးသွားကြခြင်းဖြစ်သော်လည်း ထိုသို့ ကျင့်သုံး သွားမှန်းပင် သူတို့ဘာသာ မသိလိုက်ကြ။

ဤစာအုပ်တွင် သူတို့သုံးသွားသည့် နည်းစနစ်များအပြင် အခြားနည်းစနစ်များကိုပါ ဖော်ပြထားသည်။ ဤစာအုပ် ဖတ်ပြီးသည်နှင့် စာဖတ်ကျွမ်းကျင်သူတစ်ယောက် ဖြစ်သွား မည်မှာ သေချာသည်။

ဤစာအုပ်တွင် စာဖတ်သည့်အခါ တွေ့နိုင်သည့် အခက် အခဲများကို ကျော်ဖြတ်နည်းများ ပါဝင်သည်။ စာကို မြန်မြန် ဖတ်နိုင်ရုံသာမက ကျေညက်စွာ နားလည်သွားစေရမည်။ စာ ဖတ်သည်ကတော့မြန်ပြီး ကျေညက်အောင် နားမလည်လျှင် မော်တော်ကားစက်ကို မြန်အောင်လုပ်ထားပြီး ကားဘီးနှင့် စတီယာရင်တို့ကို သွက်အောင် လုပ်ပေးမထားသည်နှင့် တူသည်။ မကြာမီ ထိုကား မှောက်သွားနိုင်သည်။

စာဖတ်ကျွမ်းရုံနှင့် မိမိဘဝ ပြောင်းလဲတိုးတက်လာ တော့မည်ဟု မထင်ပါနှင့်။ စားပွဲပေါ်တွင် ပိုက်ဆံတွေ တင်ထားပြီး မျက်နှာကျက်တွင်လည်း တစ်ရာတန် ငွေစက္ကူ တွေ ချိတ်ဆွဲထားသည့်နေရာကို နေ့စဉ် ဖြတ်သွားရသည် ဆိုပါစို့။ ထိုပိုက်ဆံများကိုလည်း မိမိယူလိုက ယူ၍ရနိုင်သည် ဆိုပါစို့။ သို့ဆိုလျှင် စားပွဲထောင့်ရှိ အကြွေစေ့ကလေး များလောက်နှင့် ကျေနပ်ပါသည်ဆိုကာ ထိုအကြွေစေ့ ကလေးများကိုသာ ယူမည်လား။

စာဖတ်ကျွမ်းရုံဖြင့် ချမ်းသာသွားမည်တော့ မဟုတ်။ သို့သော် စာဖတ်ကျွမ်းသည်နှင့် ကြီးပွားချမ်းသာရေး ဗဟု

သုတတွေ ရလာမည်တော့ အမှန်ဖြစ်သည်။ ထိုဗဟုသုတ များဖြင့် ကြီးပွားတိုးတက် ချမ်းသာလာမည် ဖြစ်သည်။

စာဖတ်ကျွမ်းသည်ကတော့ ကောင်းပါသည်။သို့သော် စာဖတ်ကျွမ်း ရုံဖြင့် မိမိဘဝ ပြောင်းလဲလာနိုင်စရာ အကြောင်း မရှိဟု ဆိုသူများ ရှိကောင်းရှိမည်။

ကျောင်းတွင်ပဲကြည့်ဦး။ ကျောင်းဘာသာရပ်များတွင် စာဖတ်ကျွမ်းသူနှင့် မကျွမ်းသူ စာမေးပွဲ၌ အဆင့်ကွာခြား သွားလိမ့်မည်။ ကျောင်းသား အများကြားတွင် မိမိက ထိပ်ဆုံး အဆင့်ရောက်ပြီဆိုလျှင် မိမိဘဝ ပြောင်းလဲ မသွားနိုင် ပေ ဘူးလား။

အလုပ်သမားတွေကြားထဲတွင်လည်း အလုပ်သမား တစ် ယောက်သည် စာအုပ်ကောင်းတစ်အုပ်နှင့်ပတ်သက်၍ မိမိ အလုပ်ရှင်နှင့် ဆွေးနွေး မိသည်ဆိုပါစို့။ ထိုအလုပ် သမားသည် မိမိနှင့် အမြင်တူသည်ဆိုကာ အလုပ်ရှင်က မျက်နှာသာ ပေးသည်မျိုးလည်း ရှိနိုင်သည်။ စာဖတ်အား ကောင်း သည်နှင့် အလုပ်ရာထူး၊ လစာ တိုးတက်မှုလည်း ဖြစ်လာနိုင်ပေသည်။

ထို့ကြောင့် စားပွဲပေါ်မှ အကြွေစေ့များကို ပြန်ချ ထား လိုက်ပါ။ ရာတန်များကိုသာ လှမ်းဆွတ်ပါ။ မိမိ ဘာအလုပ်ပဲ လုပ်လုပ် တစ်သက်လုံး စာဖတ်သွားဖို့တော့ လိုသည်။ ဤ စာအုပ်သည် စာဖတ်ကျွမ်းအောင် သင်ကြား ပေးနိုင်ပြီး စာ ဖတ်အားကောင်းခြင်းဖြင့် လူတကာ မျှော်လင့် တောင့်တနေကြ သည့် ကြီးပွားချမ်းသာမှုကို ရရှိခံစား နိုင်ပေလိမ့်မည်။ ။

ဘာကြောင့်

စာဖတ်

မကျွမ်း

ကြသလဲ

**"Men should use common words to say uncommon things, but they do the opposite"**

**- Schopenhauer**

‘ဆန်းဆန်းပြားပြား အကြောင်းအရာတွေကို စကားလုံးရိုးရိုးလေးတွေနဲ့ ရေးသားဖော်ပြသင့်တယ်။ ဒါပေမယ့် လူတွေက အဲဒါကို ပြောင်းပြန် လုပ်ကြတယ်။”

**- စကိုဖင်ဟော**

စာဖတ်တတ်အောင်တော့ လူတိုင်းသင်ခဲ့ကြသည်ပင်။ဗျည်း အက္ခရာတွေ သင်ခဲ့ရသည်။ ယင်းတို့၏ အသံထွက်ပုံ နှင့် အဓိပ္ပါယ် တို့ကိုလည်း သင်ခဲ့ရသည်ပင်။ ယင်းတို့ကို အကြိမ်ကြိမ် ရွတ်ဖတ် ခဲ့ရသည်။

စာဖတ်မြန်အောင်ကိုမူ ဆရာ၊ ဆရာမတွေကသင်ပေးပါမည် လား။ ကျောင်းသားအား စာဖတ်ခိုင်းပြီး နားထောင်ကာ တစ်နာရီ စာလုံးရေ ၁၅၀ ရအောင် ဖတ်ရမည်ဟု ခိုင်းသည် မျိုး ရှိပါမည်လား။

## ကိုယ့်ဘာသာလုပ်

စာဖတ်သည်ကတော့ တစ်သက်လုံး မိမိဘာသာ လုပ်လာခဲ့ကြ ရသည်။ စာတွေကို မိမိဘာသာ မျိုးစုံဖတ်ခဲ့ ရသည်။ သတင်းစာ၊ ကျောင်းသုံး ဖတ်စာအုပ်၊ ဆောင်းပါး၊ ဝတ္ထု၊ ကိုယ်တွေ့ဖြစ်စဉ်၊ မဂ္ဂဇင်း စသည် အစုံ ဖြစ်၏။ထိုစာတွေကို မည်သို့ ဖတ်ရမည်ဟု သင်ကြား လမ်းပြပေးသူ မရှိခဲ့။

## ဆရာ၊ ဆရာမတွေ အပြစ်လား

ဂဏန်းသင်္ချာကို ရေတွက်တတ်အောင် သင်ကြား ပေးပြီးရုံနှင့် ထိုကလေးမှာ ကားကုလပ်စ်သင်္ချာတွေ တွက်တတ်လာမည်မဟုတ်။ ဆရာ၊ ဆရာမက သင်ပေးမှ တွက်တတ်မည်။ မိမိလက်ထဲမှ ဘောလုံး လွတ်ကျသွားသည်နှင့် ထိုကလေး ရူပဗေဒ ဥပဒေတစ်ခုကို တွက်ထုတ်နိုင်ပါမည်လား။ မဖြစ်နိုင်၊ သင်ပေးမှ တတ်မည်။

သို့ဆိုလျှင်စာဖတ်ကောင်းအောင်တော့အဘယ့်ကြောင့်သင် မပေးလိုက်ကြသနည်း။ အမှန်ဆိုရလျှင် ယင်းမှာ အား နည်းချက်တစ်ခု ဖြစ်သည်။ ကျောင်းတွင်ဖြစ်စေ၊ အလုပ်အကိုင် တွင်ဖြစ်စေ၊ ဘဝအတွက် စာဖတ်ကျွမ်းကျင်မှုထက် အရေးပါသည်မရှိ။

ကျောင်းသင်ရိုးတွေကိုရေးဆွဲကြသူ လက်တွေ့သင်ကြား ပြသသူ ဆရာ၊ ဆရာမများမှာ စာဖတ်ကျွမ်းကြသည်။ သူတို့ကို မည်သူကမျှ သင်မပေးလိုက်ကြ။ ထို့ကြောင့် ကျောင်းသား တွေကို သင်ပေးရ ကောင်းမှန်းလည်း မသိကြခြင်းဖြစ်သည်။

## ဝမ်းတွင်းပညာ

ဆရာ၊ ဆရာမတွေကို စာဖတ်ကောင်းအောင် သင်ပေး ပါဟု ဆိုလျှင်လည်း သူတို့ စာဖတ်ကောင်းအောင် မည်သို့ လုပ်ရသည်ဟု ပြောပြတတ်မည် မဟုတ်။စာဖတ်ကောင်းခြင်းမှာဝမ်းတွင်းပညာ တစ်ခုလို ဖြစ်နေရာ မိမိဘာသာမည်သို့ ဖတ်သည်ပင်မသိကြ။ မိမိ မျက်နှာကို တစ်စုံ တစ်ရာလာမှန်မည်ကိုသိသည်နှင့် လက်နှင့် အလိုလို ကာကွယ်ပြီးသားဖြစ်နေသကဲ့သို့ စာဖတ်ခြင်းသည်လည်း အလိုလို ဖြစ်ပေါ် လာသော ပညာတစ်ခုဖြစ်သည်။

ဤစာအုပ်တွင် အဆိုပါ ဝမ်းတွင်းပညာကို ဖော်ထုတ်ကာ မြင်အောင်တင်ပြထားခြင်းဖြစ်သည်။ထိုပညာကို သိရှိတတ်မြောက်

သွားသည် နှင့် စာဖတ်ကောင်းသည်ဆိုသော ထိုလူများနှင့် မိမိဘာမျှ ထူးခြားမည်မဟုတ်တော့။ သူတို့က အလိုလိုတတ်သည်။ မိမိက လေ့လာပြီးမှ တတ်သည်။ ဒါပဲကွာ မည်။ မိမိလည်း မကြာမီ စာဖတ် ကောင်းသူတစ်ယောက် ဖြစ်လာပေတော့မည်။

## အပြိုင်ကြဲ

စာဖတ်ရှိန်မြင့်လာစေရန် လေ့ကျင့်ဖို့ဖတ်ရမည့်စာများ ပေးထား ပါသည်။ ယင်းတို့ကို **'စာဖတ်ပြေးလမ်းများ'** ဟု အမည်ပေးထား သည်။ ထိုစာဖတ်ပြေးလမ်းများတွင် စာမျိုးစုံ ပါရှိမည်။ ဟန် အမျိုး မျိုး၊ ပုံစံအမျိုးမျိုး ဖြစ်၏။ ဝတ္ထုတိုလည်း ပါမည်။ ကျောင်းဖတ် စာအုပ်များထဲမှလည်း ပါမည်။ မဂ္ဂဇင်း ဆောင်းပါးများလည်း ပါမည်။

အချို့စာအုပ်တွေက လေးမည်၊ အချို့စာတွေကတော့ သွက်မည်။ ထိုစာအားလုံးကိုဖတ်၍ လေ့ကျင့်သည်နှင့် စာဖတ် ကျွမ်းကျင်လာ ပေလိမ့်မည်။

## စာဖတ်ပြေးလမ်း

အောက်ပါ ဆောင်းပါးကိုဖတ်၍ အောက်တွင် ဖော်ပြ ထားသည့် မေးခွန်းများကို ဖြေပါ။ စာကိုဖတ်စဉ် နာရီကို ကြည့်၍ အချိန်ကို မှတ်ထားပါ။ စာဖတ်သည့် အချိန်ကိုသာ မှတ်ပြီး မေးခွန်းဖတ်၍ ဖြေ သည့်အချိန်ကို မထည့်ပါနှင့်။ ထို့နောက် မိမိ၏ စာဖတ်အမြန်နှုန်း၊ ကျေညက်မှု အဆင့်တို့ကို အောက်တွင် ဖော်ပြထားသည့် ပုံသေနည်း ဖြင့် တွက်ပါ။

## ရန်ကုန်မြေမျက်နှာပြင်ပေါ်ဝယ်

ရုပ်ဝတ္ထုတို့သည် အစဉ်ပြောင်းလဲနေသော သဘာဝတရား၏ ပစ္စည်းများဖြစ်သည်နှင့်အညီ ရန်ကုန်မြို့၏ မြေမျက် နှာသွင်ပြင်သည်လည်း မျက်မြင်ကို လက်တွေ့အားဖြင့် ပြောင်း လဲလျက်ပင် ရှိနေသည်မှာ ဓမ္မတာ သဘောအရ ပြောပြ ဖွယ်ရာ လိုအပ်သောအကြောင်း မဟုတ်စေကာမူ၊ ခေတ် အခါလိုက်၍ ထိုက်သည့်အားလျော်စွာ တိုးတက်မှု ရှိလာသည် များကိုမူကား ရာဇဝင်မှတ်တိုင်အနေဖြင့် တစ်ခုနှစ်ခုမျှပင် ဖြစ်စေ သိထားလျှင် ကောင်းပေလိမ့်မည်ထင်သည်။

မြစ်ဆိပ်ကမ်းတွင် ရွှံ့နွံလတာပြင်အထက်ဘက်၌ ထုံးအိုင် ကုန်းစောင်း ခြုံပိတ်ပေါင်းတို့ဖြင့် မညီမညာ တည်ရှိနေသော ဒဂုံတောရွာကလေးအား ရန်ကုန်အမည်ပြောင်းပြီးသည်၏ နောက်ပိုင်း၌ မြို့ငယ်ဘဝမှ တစ်စ တစ်စ မြို့ကြီးအဆင့်သို့ မြင့်တက်လာရာ ဝါးခနဲ အိမ်များမှ သစ်အိမ်များ၊ ထိုမှတစ်ဖန် အုတ်တိုက်အထိ အဆောက်အုံဘက်တွင် တိုးတက်မှုရှိလာသည် နှင့်အမျှ လမ်းများမှာလည်း မြေလမ်း အုတ်လမ်းပျောက်၍ ကျောက်လမ်းများပေါ်ပေါက်လာကာ ကျွန်းတောကွက်သစ်၊ မြေနီကုန်း စသည်ကဲ့သို့သော ကုန်းတန်းတို့အား တူးဖြိုမြေညှိ လျက် အလုံ၊ ရေကျော်၊ ဖို့မြေ စသည်ကဲ့သို့သော ထုံးအိုင်နိမ့်ဝှမ်း များကို အမှိုက်၊ သဲ၊ မြေဖို့ပေးခြင်းဖြင့် စည်မျက်နှာပြင်ကဲ့သို့ ညီညာသော ရန်ကုန်မြေပြင်ကို ကျွန်ုပ်တို့ခေတ်တွင် တွေ့မြင် လာရသည်မှာ အနှစ်နှစ်ရာ ကာလအတွင်း ကြိုးပမ်းမှု၏ မှတ်တမ်းတစ်ခုပင်ဖြစ်သည်။

ရန်ကုန်မြို့၏ မြေမျက်နှာသွင်ပြင် ပြောင်းလဲမှုများသည် တွေ့ရသမျှ မှတ်တမ်းများအရ ပထမနှစ်တစ်ရာကာလတွင် နှေးကွေးခဲ့သော်လည်း ဒုတိယနှစ်တစ်ရာအတွင်း၌မူ ပထမ ပိုင်း၌မှန်၍ ဒုတိယပိုင်း၌ မြန်လာသည်ကို မျက်မြင်ကိုယ်တွေ့ သိမြင်ကြရလေသည်။ ကျွန်ုပ်တို့ယနေ့ တွေ့မြင်နေကြရသော လမ်း၊ အဆောက်အအုံ၊ ပန်းခြံစသည်တို့မှာကား ဒုတိယ နှစ်တစ်ရာ ဒုတိယပိုင်းတွင် ဒုတိယကမ္ဘာစစ်ဒဏ်မှ လွတ်ကင်း ခဲ့ရသော လက်ကျန်များနှင့် ပြည်ထောင်စုခေတ်၌ အသစ်ပေါ် လာသော အဆောက်အအုံများသာ ဖြစ်လေသည်။ စစ်ကြို ခေတ်နှင့် စစ်ပြီးခေတ်၊ အဆောက်အအုံပုံစံနှင့် အရွယ်အစား တို့မှာလည်း ခြားနားလာရာ တိုးတက် ဆန်းကြယ် ထယ်ဝါခန့် ညားသော ခေတ်သစ် ဗိသုကာလက်ရာများ၏ စနစ်သစ် ထွင်နိုင်သော ဉာဏ်စွမ်း ဉာဏ်စတို့ကို ကွဲပြားစွာပင် ရိပ်စား လာနိုင်ပေသည်။ သက်သေအလွယ်ပြရသော် ပထမကမ္ဘာ စစ်ကြီးအပြီး တည်ဆောက်ခဲ့သော တိရစ္ဆာန်ရုံ တောင်ဘက် ပေါက်အနီး အင်္ဂလိပ်ခေတ် ကျောက်တိုင်နှင့် ဒုတိယကမ္ဘာစစ် အပြီး တည်ဆောက်ခဲ့သော မဟာဗန္ဓုလ ပန်းခြံအတွင်းက ပြည်ထောင်စုခေတ် ကျောက်တိုင်တို့ ခြားနားမှု ရှိခဲ့သလို ကမ်းနားဟိုတယ်အဆောက်အအုံနှင့်အင်းလျားဟိုတယ်*

✱ ၁၉၅၁ ခုနှစ်က ကျွန်ုပ်တို့ ရေးသားထုတ်ဝေခဲ့သော "ရွှေ ပြည်သာယာ" အမည်ရှိ အနာဂတ်နှစ် ၅၀ တင်ကြိုလျက် ဇာတ် ကွက်ဆင်ရေးသားချက် အဖြည့်ခံဝတ္ထုတွင် အင်းလျားဟိုတယ်ကို ဖန်ဆင်းသရုပ်ဖော် ဖွဲ့ဆိုခဲ့သော စိတ်ကူးယဉ်မှုသည် ၁၁ နှစ်နှင့် ၁၅ ရက်ကြာသောအခါ အောင်မြင်စွာ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ခြောက်ထပ်ရှိ အင်းလျားဟိုတယ်ကို ၁၉၅၇ ခုနှစ်တွင်စတင်ဆောက်လုပ်ရာ ငွေ ၂၆၅ သိန်းကျော် ကုန်ကျလေသည်။

အရဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

အဆောက်အအုံတို့ ခြားနားမှုရှိသော၊ တစ်နည်းအားဖြင့် ရွှေတိဂုံ၊ ဆူးလေ စေတီများနှင့် ဆဠသံဃာယနာတင်ရာ လိုဏ်ဂူကြီးအနီးရှိ ကမ္ဘာအေးစေတီအပြင် ဗိုလ်တစ်ထောင် စေတီတို့ခြားနားမှုရှိသော သက်သေပြဖွယ်ရာ တစ်ခုနှစ်ခု မျှဖြင့်ပင် လုံလောက်ပြီ ထင်သည်။

အလွန်ရှေးကျသော အဆောက်အအုံများကား ရန်ကုန်မြို့တွင် အတန်ပင် ရှားသွားလေပြီ။ အင်္ဂလိပ်တို့ ကြီးစိုးပြီးနောက် ခေတ်အခါ အလျောက် တည်ဆောက်ခဲ့ကြသည့် အဆောက်အအုံ ပုံစံတို့မှာလည်း ဝိတိုရိယ ခေတ်ပုံစံများပင် ဖြစ်နေရာ ဝိတိုရိယ ဘုရင်မကြီး နန်းစံနှစ် ကြာညောင်း သည်ကို အကြောင်းပြုကျင်းပသော စိန်ရတုသဘင် အထိမ်းအမှတ် ဖြစ်သည့် ၁၈၉၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသော ဂျူဘလီဟောရုံပုံစံဖြင့်လည်းကောင်း၊ ကျပ်ငွေ ခုနစ်သိန်း ကျော် (၇,၁၇,၀၀၀) ကုန် ၁၈၉၂ ခုနှစ်တွင် စတင် ဆောက် လုပ်သော ဘုရင်ခံစံအိမ်တော်ပုံစံဖြင့်လည်းကောင်း၊ ၁၈၉၀ ခုနှစ်တွင် စတင်ဆောက်လုပ်သော ကျပ်ငွေပေါင်း နှစ်ဆယ့် ငါးသိန်း ကုန် အတွင်းဝန်များရုံးဟောင်းကြီး ပုံစံဖြင့် လည်း ကောင်း ထင်ရှားစေတော့သည်။ ရန်ကုန်သူ ရန်ကုန်သား တို့သည် နိုင်ငံရေးစိတ်ဓာတ်ဝင်လာကြသောအခါ၌မူ ဝိတိုရိယ ခေတ်ပုံစံတို့နှင့် အင်္ဂလိပ်ပုံစံတို့ကို မြင်နေရခြင်းသည် မြန်မာများ အဖို့ ဗြိတိသျှ အင်ပိုင်ယာဝါဒ စိတ်ဓာတ်အမြစ်တွယ်စေသော အကြောင်းများ ဖြစ်သည်ဟူ၍ ယူဆလာကြကာ အခွင့် အရေး ကြုံလာ၊ရလာသောအခါ ခေတ် အဆောက်အအုံတို့တွင် မြန်မာပုံစံဖြင့် အထွဋ်တင်လာ သည်များလည်းတွေ့ကြုံ လာကြ

ရသည်။ မြို့တော်ခန်းမ အပါအဝင် မြူနီစပါယ် ရုံးကြီး သည်ပင် သက်သေခံတစ်ရပ် ဖြစ်တော့သည်။ ဤသည့် အ ဆောက်အအုံ ပုံစံနှစ်မျိုးနှစ်စားသည် လူမျိုး၏ စိတ်ဓာတ် ကိုပင် ရောင်ပြန်ထင်ဟပ်စေ ပြန်သည်။

ဤနေရာတွင် စကားအလျဉ်းသင့်၍ ဆိုရဦးမည်၊ ဗြိတိသျှ အမျိုးသား အုပ်စိုးသူများသည် မြန်မာများအား အင်ပိုင်ယာ ဝါဒစိတ်ဓာတ် ရိုက်သွင်းရန် နည်းလမ်းအမျိုးမျိုး ဖြင့် ကြိုးပမ်း ခဲ့ကြသည့် ထင်ရှားသော အချက်များစွာ ရှိခဲ့ သည်။ ၎င်းတို့ အနက် အတွေးအခေါ် နုနယ်၍ မရင့် ကျက် သေးသော ကျောင်းသားလောကတွင်းကစ၍ စာပေသဘော အား ဖြင့် ကျုံး သွင်းယူရန် ရွှက်ဆောင်လိုက်သည့် ကိစ္စတစ်ရပ် ပင်ဖြစ်သည်။

၁၉၁၆ ခု၊ ဇူလိုင်လ ၅ ရက်နေ့ မြန်မာပြည်အစိုးရ ပညာရေးဌာန ဆုံးဖြတ်ချက်နံပါတ် ၁၄ အီး၊ ၄၂ အရ ကော်မတီတစ်ရပ် ခန့်အပ်လိုက်ရာတွင် ကေစီအိုင်အီး-စီ အက်စ်အိုင်-ဗွီဒီ ဘွဲ့ရသူ ကော်မရှင်နာ မင်းကြီးဆာဘာ ထရမ်ရေးက သဘာပတိ ဖြစ်သည်ရည်ရွယ် ချက်မှာ မြန်မာပြည်အတွင်းရှိကောလိပ်ကျောင်းများနှင့် ကျောင်းများ တွင် အင်ပိုင်ယာဝါဒ မည်သို့သောနည်းဖြင့် အကောင်းဆုံး သွတ် သွင်းနိုင်မည်ကို လေ့လာစစ်ဆေးကြည့်ရန် ဖြစ်သည်။ အဆိုပါ ကော်မတီ သည် အင်ပိုင်ယာဝါဒ သွတ်သွင်းပေးရန် နည်းလမ်း အဖြစ်ဖြင့် မြန်မာစာ ညွှန့်ပေါင်းကျမ်း ထုတ်ဝေရေး အတွက် စီမံရွက်ဆောင်ရန် အတိုင်ပင်ခံ ဘုတ်အဖွဲ့တစ်ခု ကို လည်း ခန့်ထားလေသည်။ သဘာပတိမှာ နောင်သော

အခါ နိုင်ငံရေး ကိစ္စတွင် အလိုတော်ရိဂိုဏ်းဟုတိုင်းပြည်က ကင်ပွန်းတပ်ခြင်း ခံရသော"တူ-သာ-သင်း" အဖွဲ့၏ ခေါင်းဆောင်တစ်ဦး ဖြစ်လာသူ စီအိုင်အီးနှင့် ကေအက်စ် အမ် (ကျက်သရေဆောင် ရွှေစလွယ်ရမင်း) ဘွဲ့ရ ဦးဘတူ* ပင် ဖြစ်သည်။ သို့သော် တက္ကသိုလ် ပထမသပိတ်ကြီးမှ မွေးထုတ်လိုက်သော မျိုးချစ် ကျောင်းသားလောကတွင် အရိုးထွင်၍ အသားစားတတ်သူ တို့က လွှမ်းမိုးလာသဖြင့် မြန်မာစာ ညွန့်ပေါင်းကျမ်း ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မဝင်ဘဲ ရှိခဲ့ရသည်။ ဗြိတိသျှ အမျိုးသား အုပ်စိုးသူတို့က ဤသို့ အင်ပိုင်ယာဝါဒ သွတ်သွင်းလိုခြင်းမှာ လည်း မြန်မာနိုင်ငံအား တစ်သက်လုံး လက်မလွှတ်လို သော ကြောင့်ဖြစ်သည်ကို ဘုရင်ခံချုပ်တစ်ဦး၏ ပြောင်ကျသော စကားတစ်ရပ်ဖြင့် ထင်ရှားစေတော့သည်။

ပဉ္စမသံဃာယနာတင် မန္တလေးမြို့တည် နည်းတည် မင်းတရားကြီးသည် ဆုံးရှုံးထားသော နယ်မြေတို့ကို ငြိမ်းချမ်းသောနည်းဖြင့် အင်္ဂလိပ်လက်မှ ပြန်ယူရရှိလိုသော ဆန္ဒကိန်း ဝပ်ခဲ့သည့် ဘုရင်တစ်ပါးဖြစ်သည်။အဆိုပါ မင်းတုန်းမင်း၏ သံတမန်အဖွဲ့သည် အိန္ဒိယသို့ရောက်စဉ် ဘုရင်ခံချုပ် လော့ဒ် ဒါလဟိုဇီနှင့်တွေ့ဆုံရာ၌ မင်းတုန်းမင်း၏ဆန္ဒကို မြန်မာသံအဖွဲ့က ပြောပြဟန်တူသည်ထိုအခါလော့ဒ်

---

* တစ်နေ့သောအခါ ဘုရင်ခံအိမ်တော်သို့ ကိစ္စတစ်ရပ်ဖြင့် ရောက်ရှိစဉ် ရုတ်တရက်မူးဝေ၍ ဘုရင်ခံ၏အိပ်ရာထက် ခေတ္တတင်ပြီး ဆရာဝန်အလာစောင့်စဉ် ကွယ်လွန်သွားရရှာသူဖြစ်သည်။

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

ဒါလဟိုဇီက စကားပြန်မှတစ်ဆင့် မည်သို့မည်ပုံ ပြောပြ လိုက် သည်ကို အင်္ဂလိပ်တို့ ရေးသော ရာဇဝင်စာအုပ် တစ်အုပ်တွင် ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ "ကောင်းကင်ဌာနေဝန်း ထွန်းတောက် နေသမျှ ကာလပတ်လုံး ထိုပိုင်ဆိုင်ထားသော နယ်မြေပေါ်တွင် ဗြိတိသျှအလံတော်သည် လွင့်နေမည်ဟု သူတို့ကို ပြောပြ လိုက်စမ်းပါ" ဟူ၍ ဖြစ်သတည်း။ *

ဤအခန်းမှာ ရန်ကုန်ရေမြေ မျက်နှာပြင် အသွင် ပြောင်း လဲခြင်းများ အကြောင်းလောက်ကိုသာ အသင့်အတင့် နှလုံး သွင်းနိုင်ကြရန် ရည်သန်ဖော်ပြလိုရာ ဆက်စပ်လျက် ရှိသော အဆောက်အအုံ၊ ပန်းခြံ၊ လမ်း စသည်တို့ ၏ အကြောင်းအရာ အစေ့အငှ ရေးသားရလျှင်လည်း အဆောက် အအုံဆိုင်ရာ ကျမ်းတစ်စောင်ရေးမှသာ ပြည့်စုံပေလိမ့်မည်။ သို့ဖြစ်ရာ မြေမျက်နှာပြင် ပြောင်းလဲမှုများ အရိပ်အမြွက် ဖော်ပြပြီး အတိုင်းသဘောပေါက်ကြလိမ့်မည်ဟု ယုံကြည် ရသဖြင့် နောက်တစ်ဆင့် သိမှတ်ကြဖွယ်ရာ ဖော်ပြရန် အကြောင်းမှာ ရေမျက်နှာပြင်တွင် အရေးကြီးသော ပြောင်း လဲမှုတစ်ရပ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုသည် တို့ကား မြစ်လယ်ခေါင် ကျောက်တန်းဆည်၍ ကုန်းမြေ သစ်များ ပေါ်လာစေခြင်းပင် ဖြစ်တော့သည်။ ကျောက်တန်း ဆည်ခြင်း၏ အကြောင်းရင်း ကား ကုန်းမြေသစ်ပေါ်ထွန်း

---

*အဆိုပါစကားမြွက်ကြားသူ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီသည် ရန်ကုန်မြို့သို့ ကြွလာသည်ကို အကြောင်းပြု၍ ရန်ကုန်မြို့လယ် ဗဟိုလမ်းမ ကြီးကို ၎င်းအားဂုဏ်ပြုသောအားဖြင့် ဒါလဟိုဇီလမ်းဟု ခေါ်တွင်စေခဲ့သည်။ စကားပြန်မှာ ဖယ်ယာ ဖြစ်သည်။

လာရေးအတွက် သက်သက်ရည်မှန်းသည် မဟုတ်ဘဲမြစ် ရေကြောင်းပြောင်းသဖြင့် သင်္ဘောဆိပ်များ အား မထိခိုက် စေရန် မူလရေကြောင်းအတိုင်း ထိန်းသိမ်းထား ပေးနိုင်ရန် အတွက်သာ ဖြစ်လေသည်။

ရန်ကုန်ဆိပ်ကမ်းမှာ နှစ်ဆယ်ရာစုနှစ် အစလောက်တွင် ပင်လယ်ကူးသင်္ဘောအဝင်အထွက် တိုးတက်လာသည်နှင့် အမျှ အသုံးပြုရန်နေရာ ဆိပ်ကမ်းတို့ကိုလည်း ကျောက် နထူးစီးခြင်း၊ တံတားသစ်ဆောက်ခြင်းများဖြင့် တိုးတက် ပြုပြင်လာရသည်။ ထိုစဉ်အခါ ရန်ကုန်မြစ်၏ ရေကြောင်းမှာ မပြောင်းမလွဲ စီးမြဲလမ်းကြောင်းအတိုင်း မူမပျက် စီးနေခဲ့ ရာမှ ဖောက်ပြန် လာသည်မှာ နှစ်အတန်ပင် ကြာညောင်း ခဲ့လေရာ၊ သင်္ဘော ဆိပ်များအတွက် ဘေးအန္တရာယ် မှာ မသေးငယ်သော ပြဿနာ တစ်ရပ် ဖြစ်လာရပေသည်။ သို့ နှင့် ၁၉၀၃ ခုနှစ်တွင် ရန်ကုန် မြစ်၏ ရေကြောင်းထိန်းသိမ်း ပေးရေးကို စဉ်းစား လာကြ ရတော့သည်။ မူလရေကြောင်း အတိုင်း ပြန်လည်စီးဆင်နိုင် စေရန် ရန်ကုန်မြစ်အတွင်း အလုံးရပ်နှင့် တူရူတွင် အလျား နှစ်မိုင်ခွဲ ရှည်လျား၍ ရေကျချိန် ရေမျက်နှာပြင်အောက်သို့ အချို့နေရာတွင် စောက်ပေ ခုနစ်ဆယ်အထိပင်နက်သော ကျောက်တန်း ရေကာတာတမံ တစ်ခုကို တည်ဆောက်မည့် စီမံကိန်းအရ တည်ဆောက် ရလေတော့သည်။ ဝါးနှင့် သစ်ခက် သစ်ကိုင်းတို့ကို ဖောင်များ ဖွဲ့၍ ၎င်းအပေါ်တွင် သဲအိတ်၊ ကျောက်ခဲ စသည်များတင်ပြီး မြစ်လယ်ရေပြင်တွင် ပထမ မြှုပ်နှံခြင်းဖြင့် လုပ်ငန်း အစပြု ပုံကို ကျွန်ုပ်တို့ကိုယ်တိုင် မြင်တွေ့ခဲ့ရသည်။ ထိုစီမံကိန်း

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

နှင့်အတူတကွ သင်္ဘောဆိပ် တံတားများ တိုးချဲ့ရန်လည်း စီမံကြလေသည်။ ပထမကမ္ဘာစစ် ဖြစ်သည့် ၁၉၁၄ ခုနှစ်တွင် ငွေပေါင်း တစ်ရာ့ သုံးဆယ် ရှစ်သိန်းခန့် ကုန်ကျသော ရေကာတာတမံ ကျောက်တန်း လုပ်ငန်းပြီးစီး သွားလေသည်။ ထိုနည်းတူစွာ ယခု သမ္မတ ကမ်းခြေဟု အမည်ပြောင်းထားသော King's Bank ရေကာ ကျောက်တန်းတစ်ခုလည်း ရန်ကုန်မြစ်အောက်ပိုင်းတွင် ၁၉၅၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသွားခဲ့သည်။ ထိုအတွက် ကုန်ကျစရိတ်မှာမူ ကျပ်သုံးဆယ့်ငါးသိန်းခန့်မျှသာဖြစ်သည်။ ဤလုပ်ငန်းနှစ်ရပ် အောင်မြင်မှုကြောင့် ရန်ကုန်ဆိပ်ကမ်းများ တွင် သောင်ထွန်းခြင်း ဘေးအန္တရာယ်မှ ကင်းကွာသွားကြရ လေရာ ပြည်ထောင်စုခေတ် ရန်ကုန်သင်္ဘောဆိပ်များ အတွက် ဆိပ်ကမ်းမင်းကြီးများ ဌာနမှ သောကကင်းဝေးနေနိုင်သော အခွင့်အရေးကို ရလိုက်ကြလေ တော့သတည်း။

**ရန်ကုန်ရာဇဝင်သမိုင်း**

**စာ ၃၆၁-၃၆၆**

အချိန်ကိုမှတ်သားပြီး စာတွင်ပါသည့် အကြောင်းအရာများနှင့် ပတ်သက်၍ အောက်ပါအတိုင်း မိမိဘာသာ ဖြေကြည့်ပါ -

၁။ ရန်ကုန်မြို့၏ ထုံးအိုင်နိမ့်ဝှမ်း ရပ်ကွက်များမှာ -
- ကျွန်းတောကွက်သစ်၊မြေနီကုန်း
- အလုံ၊ ရေကျော်

၂။ ညီညာသော ရန်ကုန်မြေပြင်ကို ကျွန်ုပ်တို့ခေတ်တွင် တွေ့မြင် လာရသည်မှာ -
- နှစ်ငါးဆယ်

- နှစ်တစ်ရာ
- အနှစ် နှစ်ရာ

၃။ ရန်ကုန်မြို့ မြေမျက်နှာသွင်ပြင် ပြောင်းလဲမှုများမှာ ပထမ နှစ်တစ်ရာကာလတွင် -
- မှန်သည်
- နှေးသည်
- မြန်သည်။

၄။ ပထမကမ္ဘာစစ်အပြီးတည်ဆောက်ခဲ့သောအဆောက် အအုံမှာ
- ဗန္ဓုလပန်းခြံအတွင်းမှပြည်ထောင်စုကျောက်တိုင်
- တိရိစ္ဆာန်ရုံတောင်ဘက်ပေါက်အနီးမှ ကျောက်တိုင်
- ကမ္ဘာအေးလိုဏ်ဂူ

၅။ အဆောက်အအုံတို့တွင် မြန်မာပုံစံဖြင့် အထွဋ်ရှု တင်လာကြသည်မှာ -
- အခွင့်အရေးကြုံ၍
- နိုင်ငံရေးစိတ်ဓာတ်ဝင်၍
- ဗြိတိသျှအင်ပိုင်ယာစိတ်ဓာတ် အမြစ်တွယ်၍


၆။ ဦးဘတူသည် -
- ပညာရေးဌာန သဘာပတိ
- မြန်မာစာညွှန့်ပေါင်းကျမ်းထုတ်ဝေရေး ဘုတ်အဖွဲ့ သဘာပတိ

၇။ ကုန်းမြေသစ်ပေါ်ထွန်းရန် ရန်ကုန်မြစ်ကို -
- ကျောက်နထူးစီးသည်
- တံတားသစ်ဆောက်သည်
- ကျောက်တန်းဆယ်သည်

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org


၈။ King's Bank ရေကာတာမှာ -

- အလုံရပ်နှင့် တူရူတွင်ရှိသည်
- ရန်ကုန်မြစ် အောက်ပိုင်းတွင် ရှိသည်




စာကျေညက်မှုအဆင့်

စာဖတ်အမြန်နှုန်းကိုတွက်ရန် ပုံသေနည်းမှာ စုစုပေါင်း စာ လုံး အရေအတွက်ကိုဖတ်ရန် ကြာသည့် မိနစ်နှင့် စားရ မည်။ ထိုအခါ တစ်မိနစ်လျှင်စာဖတ် သွားနှုန်းကိုရ မည်။




စာဖတ်သွားနှုန်း

စာကျေညက်မှုအဆင့်ကို တွက်ရန် ပုံသေနည်းမှာ မိမိ ဖြေနိုင်သော မေးခွန်းအရေ အတွက်ကို မေးခွန်း စုစု ပေါင်း အရေအတွက် နှင့်စား၍ ၁၀၀ ဖြင့် မြှောက်ပါ။ ကျေ ညက်မှုအဆင့် ရာခိုင်နှုန်း ရမည်။ ၆၅% ထက် မနည်း သင့်။

## နေရာတိုင်းမမြန်ရ

ကားများကို အဝေးပြေးလမ်းပေါ်တွင် တစ်နာရီ ၅၅ မိုင်နှုန်း၊ အချို့နေရာ၌ ၆၅ မိုင်နှုန်းမောင်းခွင့်ပြုထားသည်။ သို့ရာတွင် နေရာတိုင်း၌ ၅၅ မိုင်နှုန်းမောင်းပါမည်လော။ ဆေးရုံအနီးတွင်ဖြစ်စေ၊ လူနှင့်ကား ရှုပ်သည့်အရပ်၌ဖြစ်စေ၊ ကားရပ်ဖို့နေရာရှာနေစဉ်ဖြစ်စေ၊မိုးရွာ၍ လမ်းချောနေစဉ် ဖြစ်စေ ထိုနှုန်းအတိုင်း မောင်းမည်လော။

ထိုနေရာများတွင် ၅၅ မိုင်နှုန်း မောင်းလျှင်တော့ အန္တရာယ်များ လိမ့်မည်။ ထိုသို့ မမောင်းရန် မည်သူကမျှ သတိပေးဖို့မလို၊ ကိုယ့်အသိနှင့် ကိုယ် မောင်းရမည်။ အခြေအနေကိုကြည့်ကာ လိုတိုး၊ ပိုလျှော့ မောင်းဖို့သာ ရှိသည်။

## စာဖတ်သည့်အခါတွင်လည်း

စာဖတ်နှုန်းလည်း ကားမောင်းသကဲ့သို့ ဖတ်သည့် စာပေါ်မူတည်၍ ရှိရမည်။ ကျောင်းဖတ်စာအုပ်ကို ဝတ္ထုဖတ် သည့် အမြန်နှုန်းအတိုင်း ဖတ်၍ရမည်လား။ မည်သည့် စာမျိုးကို မည်သည့်အမြန်နှုန်းနှင့် ဖတ်ရမည်ကို သိလာလေ စာဖတ်မှု ပိုကျွမ်းလာလေဖြစ်၏။

တစ်နည်းဆိုရသော် အမြဲတမ်း ၅၅ မိုင်နှုန်း မမောင်း ပါနှင့်။ ဖတ်သည့်စာတိုင်းကို နှုန်းတစ်ခုတည်းဖြင့် ဖတ်မည် ဆိုလျှင် တစ်ခါတစ်ရံ စာဖတ်ပုံမှန်၍ တစ်ခါတစ်ရံတွင် စာဖတ်နှုန်းမှာ နှေးလိုက်မြန်လိုက် ဖြစ်နေမည်၊ စာထဲမှာ အရေးကြီးသည့် အချက်အလက်များကို မသိလိုက်ဖြစ်မည်။ ဝါကျတစ်ခုတည်းကို သုံးလေးခါ ပြန်ဖတ်ဖြစ်နေမည်။

စာအမျိုးအစားပေါ်မူတည်၍ စာဖတ်နှုန်းကို ချိန်ဆ၍ ဖတ်တတ်ပါက လမ်းကြောင်းမှန်နှင့် သိပ်ဝေးမည်မဟုတ်။ အမြဲတမ်း ကိုယ့်

အသိနှင့်ကိုယ် ချိန်ဆတတ်ပါစေ။ ယင်းအသိသည် စာဖတ်ကောင်းသူ တစ်ယောက်ဖြစ်ဖို့ အကောင်းဆုံး မိတ်ဆွေဖြစ်၏။

## စမ်းကြည့်စို့

စာဖတ်ကောင်းသူတစ်ယောက်ဖြစ်ဖို့ စာဖတ်အမြန်နှုန်း ကို ချိန်ဆတတ်ရန် အလွန်အရေးကြီးသည်။ ထိုသို့ ချိန်ဆ တတ်ဖို့လည်း မခက်ကြောင်း တွေ့ရမည်။ အောက်ပါ စာပိုဒ် များကို ဖတ်ကြည့်ပြီး တစ်ပိုဒ်စီ၏ ဘေးတွင် မြန်/လတ်/နှေး စသည်ဖြင့် ရေးမှတ်ပါ -

(၁) ကာလတစ်ခုအတွက် အသားတင်ဝင်ငွေအတိုင်း အတာနှင့်ကာလတစ်ခုမှအဆုံး ဘဏ္ဍာရေး အခြေအနေ တို့သည် တစ်ခုနှင့်တစ်ခု မှီတွယ်လျက် ရှိသည်။ စားသုံးသူများအား ကုန်ပစ္စည်း ရောင်း ချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ ရရှိသော ဝင်ငွေများသည် ရရန်ပိုင်ခွင့်များကို တိုးစေ၍ ပေးရန်တာဝန်များကိုလျှော့စေသည်။ ဝင်ငွေ တိုးလာစေရေးအတွက် ဝန်ဆောင်မှုတွင် သုံးစွဲရသောအသုံးစရိတ်များသည် ရရန်ပိုင်ခွင့်များကို လျှော့စေ၍ ပေးရန်တာဝန်များကို တိုးစေသည်။ ဝင်ငွေသည် ရှယ်ယာရှင်တို့၏ ရှယ်ယာငွေကို တိုးစေသဖြင့် ရှယ်ယာရှင်၏ ရှယ်ယာငွေ စာရင်းတွင် မှီရှင်စာရင်းသွင်း၍ ရရန်ပိုင်ခွင့်များ စာရင်းတွင် ဖြစ်စေ၊ ပေးရန်တာဝန်များ စာရင်းတွင် ဖြစ်စေ မှီစားစာရင်းသွင်းရမည်။

(၂) သိပ္ပံမောင်ဝသည် ပြိတိသျှတို့၏ နိုင်ငံ့ဝန်ထမ်း အဖြစ် ဆောင်ရွက်နေရစေကာမူ မျိုးချစ်စိတ်ဓာတ် မပျက်သူ

ဖြစ်သည်။ ရောက်လေရာရာ အရပ်တိုင်း ၌ တွေ့မြင်ကြားသိသမျှတို့ကို ထိုမျိုးချစ်စိတ် အခြေခံကာ ရေးသားလေ့ရှိသည်။ ရောက်ရာ အရပ်တိုင်း ၌ မြန်မာမှု မြန်မာဓလေ့၊ မြန်မာ ရာဇဝင်တို့ကို စိတ်အား ထက်သန်စွာလေ့လာဖော်ထုတ်လေ့ရှိသည်။ သူရေးသမျှ စာတို့၌မျိုးချစ်စိတ်အငွေ့အသက်များ တစ်နည်းနည်းဖြင့်ပါဝင်နေတတ်ပေသည်။ ထို့ပြင် လူ့သဘော၊လောကသဘောကိုလည်းဆင်ခြင်လေ့ ရှိသည်။ ဤလေလံပွဲဝတ္ထုတိုတွင် မခံချင်စိတ်၏ သဘောကို တင်ပြရေးဖွဲ့ထားသည်။ လူ့သဘာဝ သရုပ်ပြဝတ္ထုတိုတစ်ပုဒ်ဟုဆိုနိုင်သည်။ ဆရာကြီး ပီမိုးနင်းက ဤဝတ္ထုတိုကလေးနှင့်ပတ်သက်၍ ဂန္တလောက မဂ္ဂဇင်းတွင် "မောင်စိန်တင် ရေးသော အင်းလေလံပွဲကြီးအကြောင်း ဖတ်ရသည်မှာ တောလားလည်းမဟုတ်၊ဝတ္ထုလည်းမဟုတ်၊ဆောင်း ပါးလည်းမဟုတ်၊ ဖတ်၍မပြီးမချင်း လက်ကမချ နိုင်အောင် ကောင်းသောစာမျိုးဖြစ်သည် "ဟု ချီးကျူးစကား ရေးသားခဲ့ ဖူးသည်။

(၃) ဖိုးဝိုင်းအစုမှာ ကျွဲခြံသူကြီးအပိုင် ကျွဲခြံရွာမှ ခွဲနေသော ခြောက်အိမ် ခုနစ်အိမ်ရှိသည့် အိမ်စု ကလေးဖြစ်၏။ ထိုအိမ်စုတွင် အကြီးအမှူးဟု အသိ အမှတ်ပြုသော ဆယ်အိမ်ခေါင်း ဦးဝိုင်းကို အစွဲပြု၍ " ဖိုးဝိုင်းအစု" ဟု ခေါ်ခြင်းဖြစ်သည်။ အလျှုအိမ်ဖြစ်သော ကိုထွန်းကျော်၏ အိမ်မှာ တဲသာသာမျှ ရှိသောဝါးအိမ်ငယ် ဖြစ်၍ အင်ဖက် မိုး၊ အင်ဖက်ကာ၊ ဝါးခင်း ဖြစ်၏။

ဘုံပြာသာဒ်၊ မုခ်တို့ဖြင့် အဆန်းတကြယ် တန်ဆာဆင် အပ် သော မဏ္ဍပ်မလိုချေ။ အိမ်ရှေ့နှင့်အိမ်ဘေးရှိ သစ်ပင်ကြီးတို့သည် ဓမ္မတာအလျောက် ပေါ်ပေါက် ၍ နေသော မဏ္ဍပ်များ ဖြစ်ပေ၏။ အိမ်ရှေ့ခေါင်း ရင်း ဘက် သရက်ပင်အောက်တွင် ချုံချာသော သစ်သား ခု တင်ပဟောင်းတစ်ခုချထားပြီးလျှင် ခုတင်ပေါ်၌ နီးကြောဖျာ တစ်ပတ်နွမ်း ထောင့် စုတ်ခင်းရ၏။ ဟို ရှေးကထုံးစံအတိုင်း ပရိက္ခရာ တစ်ပွဲ၊ ကွမ်းတောင် တစ်ခု၊ ကန်တော့ပွဲတစ်ခု၊ သပြေရွက်၊ အုန်းရွက်နှင့် တောပန်းတစ်ခက် နှစ် ခက် စိုက်ထားသောပရိတ်အိုး တစ်ခုတို့ကိုထား၏။ ရှင်လောင်းမှာ ၁၁ နှစ် ၁၂ နှစ်သားလောက်ရှိမည် ထင်သည်။မြေ၊ ရေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါးနှင့် သမလျက် ကျွဲကျောင်းသား နွားကျောင်းသား ဖြစ်၍ ကိုယ်လုံးကိုယ်ဖန်ကောင်း၏။ လုံချည်တိုတို တစ်ထည်နှင့် ကြီးခဲ့ရသူဖြစ်၍ အသား မည်း ညစ်၏။ အင်္ဂလိပ် ကျောင်းသားကဲ့သို့ ဗိုလ် ဆံ တောက်ဖြတ်ခြင်း၊ တို့ပတ်ရိုက်ခြင်း၊ ရေမွှေးဆွတ် ခြင်း စသည်တို့ကို မပြုခဲ့ရ။ ကတုံးပြောင်ပြောင်နှင့် ဖြစ်၏။ စွပ်ကျယ်လက်တိုနှင့် ပိတ်လုံချည်အဖြူကို ဝတ်ဆင် ထားသဖြင့် ဖိုးသူတော် အငယ်စားပင် ဖြစ်၏။ ချည်မျှင်စလွယ်တစ်ခုသာ ဖိုးသူတော်ထက် သာ လေ သည်။ အဆိုပါ “ ခုတင်ကြမ်းပေါက်၊ သုံးချောင်း ထောက်” အပေါ်၊ နီးကြောဖျာထက်တွင် အကြင် ရှင်လောင်းသည် တင်ပျဉ်ခွေလိုက်၊ ဒူးတုပ်လိုက်၊

ဆောင့်ကြောင့်ထိုင်လိုက်၊ ဟိုကြည့် လိုက်၊ သည်ကြည့် လိုက်နှင့် အချိန်ကုန်လွန်စေ၏။ မိမိမွေးပြီးစ ခုနစ်ရက် လောက်၌ကင်ပွန်းတပ်သော ပထမမင်္ဂလာ၊ နောက် ယခုရှင်ပြုမင်္ဂလာကြီးသည် ဤရှင်လောင်းငပုအတွက် ဒုတိယမင်္ဂလာကြီးဖြစ် ၏။ သီးသန့်ထားသောနေရာ အမြင့်အမြတ်တွင် မိမိတစ်ဦးတည်း အဝတ်သစ်အစား သစ်နှင့် ထိုင် နေရသည့်အပြင် လူအများဝိုင်း၍ ကြည့်ရ သော လူတစ်ယောက်ဖြစ်လာသည့်အနေဖြင့် ငပု သည် အလွန်နှစ်သက် ဝမ်းမြောက်ပုံလည်းရ၏။ စိတ်ကြွ မြောက်နေပုံလည်း ရ၏။ ကျွဲနွားကျောင်းဖက်၊ ကျည်းသားရိုက်ဖက်၊ ငှက်ပစ်ဖက်၊ ငါးရှာဖက် လည်း ဖြစ်ကြသောခေါင်းတုံး၊ ရောင်ထုံး၊ ဗိုက်ပူ၊ ရင်ကော့ နှင့် အကွက်မပေါ်သော ချည်လုံချည် ထည်ချင်းဖြင့် တန်ဆာ ဆင်ခြင်းလည်းရှိထသော၊ နှပ်ကြောင်း၊ ကြေးကြောင်း၊ ကြေးကွက် တို့နှင့် မက်ဖွယ်၊ ချစ်ဖွယ်၊ နှစ်သက်ဖွယ်လည်း ဖြစ်ထ သော ထိုထိုငယ်ပေါင်း သူငယ်ချင်းကောင်းများ ဖြစ်ကြသော ငချစ်၊ ငတေ၊ ငရွှေ၊ ငခွေး၊ ငအေး၊ ထွန်းပေါ်၊ ငကျော် စသော လူတစ်စုသည် ရှင်ပြု မည့်လူထူးကို အဖူးအမြော်၊ အပျော်အပြက်၊ ဝိုင်းလျက် တသောသော၊ အာလာပ သလ္လာပ ပြောဟော၍ နေကြလေသတည်း။ မိန်းမ သူငယ် ချင်းများလည်း ရှိကြသေးတမုံ့၊ ၎င်းတို့အနက် သွက်လက်သော မိပန်းသည် နားခမ်းပြတ်လုံချည်၊ တစ်ထည်သော ဖျင်အင်္ကျီနှင့် ထိုငချစ်၊ ငတေ စသော

ယောက်ျားကလေးတို့ကို တိုးဝှေ့ဖယ်ရှား ၍ အနားသို့
ကပ်ရောက်ကာ . . . . .

အထက်ပါ စာသုံးပိုဒ်မှာ ပုံစံ၊ ဝေါဟာရ အသုံးအနှုန်း နှင့် အလေးအပေါ့ တစ်မျိုးစီဖြစ်သည်။ ထိုစာပိုဒ်များကို နားလည်အောင် ဖတ်ရာတွင် ချိန်ဆတတ်ဖို့လိုသည်။ ထိုစာကို ရေးသူများသည် မိမိတို့ခေါင်းစဉ်များဖြင့် မိမိတို့ပြောလိုသည်ကို မိမိတို့ပုံစံဖြင့် ရေးထားကြခြင်းဖြစ်၏။ ပထမဆုံး စာပိုဒ်နှင့် နောက်ဆုံးစာပိုဒ်ကို အမြန်နှုန်း တစ်ခုတည်းဖြင့် ဖတ်မည် ဆိုပါက ပထမစာပိုဒ်ကို ကောင်းကောင်း နားလည်မည်မဟုတ်။

မိမိဖတ်သည့်စာအမျိုးအစား၊ ထိုစာကို မိမိဘာကြောင့် ဖတ်ရသည်တို့ကို အလျင်သိထားမှသာ စာဖတ်ကောင်းသူ တစ် ယောက် ဖြစ်လာနိုင်ပေလိမ့်မည်။

## စာပိုဒ် - ၁၊ ကျောင်းသုံးဖတ်စာ

ထိုစာပိုဒ်မျိုးကိုဖတ်၍ အိပ်ပျော်မသွားဘဲ အထဲမှ ပညာ ရပ်ဆိုင်ရာ အကြောင်းအရာများကို သိလိုက်သည်ဆိုလျှင် ကိုယ့်ကိုယ်ကို လူတော်ဟု မှတ်လိုက်ပေတော့။

အကြောင်းအရာတွေက လေးမည်။ ဝေါဟာရတွေက စိမ်းမည်၊ ဝေါဟာရတွေကို အကြိမ်ကြိမ်ထပ်၍ သုံးထားသဖြင့် ငြီးငွေ့ပြီး အိပ်ချင်လာမည်။ ထိုဝေါဟာရများကို ရှင်းပြထား ခြင်းလည်းမရှိ၊ အချို့ဝေါဟာရများမှာ မိမိတွေ့ဖူးထားသော် လည်း မိမိသိခဲ့ဖူးသော အဓိပ္ပာယ်မျိုးမဟုတ်၊ ဤဘာသာရပ် နှင့်သာသက်ဆိုင်သော အဓိပ္ပာယ်ဖြစ်သည်၊

ဤသည်မှာ ကျောင်းသုံးဖတ်စာအုပ်ထဲမှ စာပိုဒ်ဖြစ်၍ ဆက်ဖတ် ချင်စိတ်မရှိဘဲလည်း နေလိမ့်မည်။ ဝေါဟာရတွေ ကလည်း ဘာတွေမှန်းမသိ။ ထိုစာမျိုးဖတ်သည့်နည်းကို နောက်ပိုင်းတွင် ဖော်ပြသွားပါမည်။ ယခုမူ စာဖတ် 'သွား' ဖို့ကိုသာ အဓိကထား၍ တင်ပြမည်ဖြစ်၏။

ဤစာမျိုးကို ဖြည်းဖြည်းဖတ်သင့်သည်။ အချို့ အချက် အလက်များကို နားလည်အောင် အချိန်ယူဖတ်ရမည်။ အထူး သဖြင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများဖြစ်၏။ ဖြည်းဖြည်း ဖတ်မှ များများနားလည်မည်။ ထိုစာပိုဒ်မျိုးကို နားလည်အောင် သုံးလေးကြိမ် ပြန်ဖတ်ရမည်ဆိုပါက ပထမအကြိမ်နှင့် ဒုတိယ အကြိမ်များတွင် ဖြည်းဖြည်းဖတ်ပါ။

## စာပိုဒ် - ၂ ၊ စာနယ်ဇင်းသုံးစာ

ဒုတိယစာပိုဒ်သည် မိမိကို တစ်စုံတစ်ယောက်က ပို့ချနေ သည့် ပုံစံမျိုးဖြစ်၏။ သတင်းစာနှင့် မဂ္ဂဇင်းများသည် သတင်း ပေးသည့်ပုံစံဖြင့် ရေးတတ်ကြသည်။ အချို့ သတင်းဆောင်းပါး များတွင် ထင်မြင်ချက်များ ထည့်ကာ သတင်းအချက် အလက် ကို မီးမောင်းထိုး တင်ပြတတ်သည်။

ယင်းစာပိုဒ်မှာ စာနယ်ဇင်းလောက အရေးအသား ဖြစ်၍ ပထမစာပိုဒ်ကဲ့သို့ ပညာရပ်ဟန်လည်းမကျ၊ တတိယ စာပိုဒ်ကဲ့သို့လည်း မသွက်လှ။ လွယ်လွယ်တင်ပြ၍ ရနိုင်သည် များကိုပင် ပိုမိုခန့်ညား အောင် ရေးသားထား တတ်သည်။

ထိုစာပိုဒ်မျိုးဆိုလျှင်မနှေးမမြန်ဖတ်၍ အကြောင်းအရာ ကို ချက်ချင်းနားလည်အောင်လုပ်သင့်သည်။ ရေးသူက ဘာကို ပြောချင်သနည်း၊ထိုအကြောင်းအရာပေါ်တွင် ထောက်ခံသည့်သဘောနှင့်

ပြောနေသည်လား၊ မထောက်ခံသည့်သဘောနှင့်ပြောနေသည်လား။ သူ့သဘောထားက မည်သို့ရှိသနည်း စသည်တို့ဖြစ်၏။

## စာပိုဒ် - ၃ ၊ စာပြောအမျိုးအစား

တတိယစာပိုဒ်မှာ ဝတ္ထုကြောင်းတစ်ခုကို ပြောသွားခြင်း ဖြစ်သည်၊ လူအတော်များများ ဤစာမျိုးဆိုလျှင် စာဖတ်သွက် ကြသည်။ ရုပ်လုံးပေါ် လာအောင် စကားပြောတွေပါလာမည်။ ဇာတ်ကောင်နှင့် သူ၏ လှုပ်ရှားမှုကို မြင်လာအောင် ရေးနိုင် သဖြင့် စာဖတ်သူအား ခပ်မြန်မြန် ဆွဲခေါ် သွားနိုင်သည်။

ထိုစာမျိုးဖတ်သည့်အခါ မြန်သည်။ အထဲမှအကြောင်း အရာ အချက်အလက် တွေကိုလည်း မှတ်မိလွယ်သည်။ ဖန်တီးမှုဝတ္ထု ဟု ခေါ် သော 'စာပြော' ပုံစံစာမျိုးသည် အဖြစ် အပျက် အကြောင်းအရာ တစ်ခုကို ပြန်ပြောင်းပြော သည့် ဟန်မျိုး ရေးတတ်သဖြင့် ဖတ်ရ လွယ် ကူသည်။ ထိုစာမျိုးကို သာမန် ထက်ပို၍ မြန်အောင် ဖတ်နည်း လည်း တင်ပြပါမည်။

## မှတ်သားရန်

ကိုယ်ဖတ်မည့် စာအမျိုးအစားကို သိပြီဆိုသည်နှင့် ထိုစာ ကို မျှော်ကိုးမှုများနှင့် ဖတ်ပါ။ မျှော်ကိုးမှုဆိုသည်ကို သိလိုလျှင် အောက်ပါ မေးခွန်းများဖြင့် မိမိကိုယ်ကို ပြန်မေးကြည့်ပါ။

- ဤစာထဲမှ မိမိဘာတွေရအောင် ယူမည်နည်း။
- အကြောင်းအရာ အချက်အလက်တို့ကို မှတ်သား ထားဖို့ လိုမည်လား။
- သိရုံမျှ ဖတ်ရမည်လား။

- အသေးစိတ် အလွတ်ရအောင် ဖတ်ဖို့လိုမည်လား။
- ဤစာဖတ်၍ ဘာအကျိုးရှိလာနိုင်သနည်း။

ဖတ်ရမည့်စာအမျိုးအစားသာမက ဖတ်ရသည့် ရည် ရွယ်ချက်ကလည်း ထိရောက်သော စာဖတ်မှုမျိုးတွင် အရေးပါ ကြောင်း သတိထားမိပေလိမ့်မည်။ ပန်းချီဆရာကြီး တစ် ယောက်အကြောင်းကို အနားယူအပန်းဖြေရင်း ဖတ်သည်မျိုး နှင့် ပန်းချီသင်တန်းကျောင်းတွင် ဖတ်ရသည်မျိုး မတူနိုင်ပါ။ သင်တန်းတွင် အသေးစိတ်မှတ်မိအောင် ဖတ်ရသည်မျိုးတွင် ဘောလ်ပင်တစ်ချောင်းကိုင်၍ မျဉ်းသားမှတ်သင့်က သား၍ မှတ်ရမည်။ နောက်ပြီး ကျေညက်အောင် စာဖတ်နည်းများကို လည်း သုံးရမည်။

သတင်းစာ၊ မဂ္ဂဇင်းများကို ဖတ်သည့်အခါ သတင်း အချက်အလက်များသည် မိမိအတွက် အရေးမပါလှသဖြင့် အခြားနည်းစနစ်များကို သုံးရ မည်။ သွက်သွက်ဖတ်၍ မှတ်သားမှုနှုန်းကို လျှော့ထားရမည်။

ဝတ္ထုကို ဖတ်သည့်အခါ အသေးစိတ်မှတ်သားရန်မလိုတဲ့ ဇာတ်လမ်းလောက်ကိုသာ သိရန်လိုသဖြင့် မြန်မြန် ဖတ်သွား နိုင်သည်။

တစ်ဖက်ပါဇယားသည် မည်သည့်စာအမျိုးအစားကို မည်သည့်နှုန်းနှင့်ဖတ်သင့်သည်ကို ဖော်ပြထားပေသည်။ မိမိ၏ စာဖတ်နှုန်းမှာ ကျေနပ်စရာအဆင့်တွင် ရှိနေရမည်။ စာဖတ်အမြန်နှုန်းနှင့် ကျေညက်နိုင်မှုအဆင့် ကို မျှတ ညီညွတ်မှု ရှိထားဖို့လိုသည်။

## စာဖတ်နှုန်း လမ်းညွှန်ဇယား

| စာအမျိုးအစား | လိုအပ်ချက် | နှုန်း |
|---|---|---|
| **ဖတ်စာအုပ်** | | |
| - မိခင်စာပေဘာသာရပ် | -မှတ်မိနေရန် | နှေး |
| - သမိုင်း | -အလုံးစုံသိရှိနားလည်ရန် | |
| - သင်္ချာ | -ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ထားရန် | |
| - သိပ္ပံ | ။ | |
| **စာနယ်ဇင်းစာပေ** | | |
| - သတင်းစာ | - သိရှိရုံ | မနှေး/မမြန် |
| - မဂ္ဂဇင်း | -ဗဟုသုတအလို့ငှာ | |
| - ပုဂ္ဂိုလ်ရေးအတွေ့အကြုံ | -သိထားရန်အရေးကြီးသော်လည်းပိုင်နိုင်စွာသိထားရန်မလို | |
| - အက်ဆေး | ။ | |
| **အခြားစာများ** | | |
| - ဝတ္ထု | - အခြေခံသိရှိရုံ | မြန် |
| - ပုဂ္ဂိုလ်ရေးသမိုင်း | - ဗဟုသုတအလို့ငှာ | |

ဤဇယားမှာ လမ်းညွှန်ကောင်းတစ်ခု ဖြစ်နိုင်ပေ သည်။ သို့ရာတွင် ကိုယ့်အသိနှင့် ချိန်ဆမှုမရှိဘဲ ယင်းကို စည်းမျဉ်းစာအုပ်တစ်ခုလို အသုံးချ သွားမည်ဆိုပါက သိပ်ထူး ခြားလာမည် မဟုတ်ပေ။ အမြဲတမ်း ကိုယ်ပိုင်အသိနှင့် ချိန်ဆ တတ်မှု ရှိပါစေ။

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

## ဆောင်ရန်မှာ

စာဖတ်ကောင်းသူတို့သည် ကိုယ့်ဘာသာ ကြိုးစား လုပ် ဆောင်လာကြခြင်းဖြစ်သည်။ ဘယ်စာမျိုး၊ ဘာကြောင့် ဖတ်မည် စသည်တို့ကို မိမိတို့ဘာသာ ဆုံးဖြတ်ကြသည်။ စာဖတ်ခြင်းမှာ လက်နက်ကိရိယာတစ်ခုပမာ အသုံးချတတ် လျှင် ထိရောက်မှုရှိသည်။ စာတစ်အုပ်ကို ဖတ်မည်ဟု ထိုင်လိုက်သည်နှင့် မိမိတွင် အစီအစဉ်ရှိနေရမည်။ မိမိကိုယ်ကို အောက်ပါအတိုင်း မေးကြည့်ပါ -

- ဘယ်လိုစာမျိုးနည်း။
- ဤစာထဲမှ ဘာတွေရယူဖို့လိုသနည်း။
- ဘယ်နှုန်းနှင့် ဖတ်မည်နည်း။
- ဘယ်နည်းစနစ်တွေ ကျင့်သုံးမည်နည်း။

ဤမေးခွန်းများကို မည်သို့ဖြေရမည်ဟု အကြံမပေး လိုသေး။ သို့သော် မပူပါနှင့်၊ ဤစာအုပ်ကို ဆက်ဖတ်သွားလျှင် ဖော်ပြမည့် နည်းစနစ်များကို တတ်မြောက်သွားပါက စာဖတ် ရာတွင် ပိုမြန်ပြီး ကျွမ်းကျင်ကာ ပို၍ မှတ်မိလွယ်သူ တစ် ယောက် ဖြစ်သွားပါလိမ့်မည်။

## လေ့ကျင့်ခန်း - ၁

အောက်ပါစာပိုဒ်များကိုဖတ်၍ ယင်းတို့၏ ဘေးတွင် မိမိဖတ်သည်မှာ မြန်သလား၊ မနှေးမမြန်လား၊ နှေးသလား ဟူ၍ ရေးမှတ်ပါ။

၁။ နေ့တိုင်းလျှင် ငှါသား ငှါသမီးတို့သည် မိခင်လာသည် ရှိသော် ပြေးလာကြသဖြင့် ကစားစရာအလို့ငှာ ဥသျှစ် သီးမှည့်တို့ကို ပေးရကုန် ၏။ ယခုမမြင်ရခဲ့တကား။

၂။ 'ချစ်သမျှ'ကိုပတ်ပိုး၏ စာဆိုတော်မှာ ကုန်းဘောင် မင်းသည် ဘကြီးတော် စစ်ကိုင်းလက်ထက် အိမ်ရှေ့မင်း ဘဝ သာယာဝတီမြို့ စားမင်းသားအဖြစ် အောက်ပြည် သို့ မြို့နယ်သိမ်း စုံဆင်း

တော်မူခဲ့ရာတွင် ကောက်ယူ တော်မူ၍ အိမ်ရှေ့မိဖုရားအဖြစ်သို့ တင်မြှောက်ခြင်း ခံရသော ဟသ်ာတ၊ သာရဝေါမြို့သူ ပဲနင်းမင်း ပုံချို မယ်အိတို့၏ သမီး မမြကလေးပင် ဖြစ်သည်။

၃။ ထိုညက မငွေရီမှာ တစ်ညလုံး ကောင်းကောင်း အိပ် မပျော်ချေ။ နံနက်နှင့် နေ့ခင်းကတွေ့ကြုံခဲ့ရသော သူ့ အဖြစ်အပျက်တွေမှာ တရေးရေး တရိပ်ရိပ်နှင့် ပေါ်နေ လေ၏။ ရင်တွင်း၌လည်း အတန်ငယ် မကြည်မလင်ဖြစ်လေ၏။ တရှုံးရှုံးနှင့် အိပ်မောကျ နေသော ပေါက်စနှင့် ဂွက်ထော်တို့၏ သွားကြိတ်သံ၊ လူးလွန့်သံ နှင့် အသက်ရှူသံတွေမှာ တိတ်ဆိတ်သော ညကို ဆူပူစွာ တိုး ဖောက်လျက်ရှိလေ၏။

၄။ ဒုတိယကမ္ဘာစစ်ဖြစ်လိုက်တဲ့အခါ စစ်မြေပြင်တကာမှာ တိုက် ခိုက်နေရတဲ့စစ်သားတွေ၊ တိုက်ချင်အောင် သက် ဆိုင်ရာအစိုးရ များက စီးကရက် ရာရှင်ကို ဖောဖော သီသီကြီး ပို့ပေးလာတယ်။ စီးကရက် စက်မှုလက်မှု လုပ်ငန်းကြီးများက စစ်တပ်ကို ရာရှင် ပေးသွင်းရမှု များပြားအောင် လုပ်ဆောင်ချက်များလည်း ပါတာ ပေါ့။ ဘယ်အရပ်၊ ဘယ်နိုင်ငံမှာမဆို စစ်ကြီးဖြစ်နေတဲ့ အချိန် မှာ အခြားရိက္ခာတွေ ဘယ်လိုပဲရှားရှား စီးကရက်တော့ ပေါ ပေါကြီး ရပါတယ်။

၅။ ကြံ့ရင်းကြံ့ရင်း စိတ်ကူး သွင်းလျက် အခင်းကျယ်ပွား အထင် မှားပြီးလျှင် လင်သားနှင့်နေရသည့် ချမ်းသာထက် ချမ်းသာ သော အရာမှာ ကမ္ဘာမှာမတွေ့၊ ယမန်နေ့ နှစ်ယံးသွားလျှင် မင်းသား က ပြယ်ညု၍ နယ်လုလိုက် သော အရာကိုတဆာဆာတလှပ်လှပ် ဘဝင်စွဲ၍ ရင်ထဲ ကျပ်ပြီးလျှင် ငတ်ငနဲ ဆင့်တက်၍ ပင့်သက် ကြီး ရှူပြီးလျှင် "လင်ယူမှ ကောင်းမည်" ဟု အောက်မေ့ကြီး အောက်မေ့ လိုက်လေ၏။

၆။ သတ္တဝါသည် များအရာဖြင့် ပစ်အပ် သော်လည်း သေချိန်မတန် သေကံမရောက်က အသက်ရှည်၍သာ နေလေ၏။ သေချိန်တန်၍ သေကံရောက်မူကား သမန်းမြက်ဖျားဖြင့် ထိုးမျှဖြင့်ပင် အသက် မရှည်ပေ။

၇။ စင်စစ် လက်ယာဦးနှောက်ခြမ်းက သူ့အား အချိန်ကာလ သတ်မှတ် ခိုင်းစေခြင်းမျိုးကို နာခံလိုစိတ် မရှိသော်လည်း မသိစိတ်ထဲ အမှတ်မထင် ရက်ချိန်းထည့်ပေးထားလျှင် ကား ဖြစ်နိုင်သော သဘောရှိသည်။

၈။ နံနက်စာစားချိန်တိုင် ရောက်သောအခါ ဘွိုင်ကုလား သည် စားပွဲတွင် အဝတ်ခင်း၍ ဇွန်း၊ ခက်ရင်း၊ ဓား စသည် ကိရိယာ တန်ဆာများကိုစားပွဲပေါ်တွင် အစီ အစဉ်အတိုင်း လူရှစ်ယောက် အတွက် တည်ခင်းနေ သဖြင့် ကျွန်ုပ်တို့လည်း ကိုယ့်နေရာ၌ ကိုယ် ထိုင်ကြ လေရာ လူကြီးလင်မယားတို့လည်း မိမိနေရာတွင် ထိုင်ကြလေ၏။

၉။ တစ်ခါတလေ တစ်ဖက်နဲ့တစ်ဖက် အရောင်းအဝယ် စကား ပြောကြရတဲ့အခါ ဘယ်သူက ရောင်းသူ၊ ဘယ်သူက ဝယ်သူ ဆိုတာ အဓိကမဟုတ်တဲ့ အခြေအနေမျိုး ကြုံ ရတတ်ပါတယ်။ အဲဒီလိုအဖြစ်မျိုးကြုံရင် အခြေအနေ အရ အဆင်ပြေသလို လုပ်လိုက်တာ အကျိုးရှိပါတယ်။ ရောင်းသူဘဝကနေပြီး ဝယ်သူ ဘဝပြောင်းလဲသွားတာ ကြောင့် ပိုပြီး အကျိုးရှိတတ်ပါတယ်။

၁၀။ အကယ်စင်စစ်ကောင်းမွန်သော အမျိုးသားယဉ်ကျေးမှု သည် အမျိုးသားစိတ် အခြေခံရှိမည်။ အမျိုးသား သဘောတရား သက်ဝင်ကိန်းအောင်းနေရမည်။ အမျိုး သားစိတ်၊ အမျိုးသား သဘောတရား ကင်းကွာ ဆိတ် သုဉ်းခဲ့လျှင် ဖြစ်စေ၊ ခေါင်းပါး ခဲ့လျှင် ဖြစ်စေ၊ မဆီလျော် ခဲ့လျှင်ဖြစ်စေ ဤယဉ်ကျေးမှုမျိုးသည် အမျိုးသား ယဉ်ကျေးမှုအစစ် အမှန်ဟု မမှတ်ယူထိုက်ချေ။

၁၁။ ဂြိုဟ်တစ်နှစ် အချိန်တာ၊ သို့မဟုတ် နေကို တစ်ပတ်ပတ် ရန်ကြာသော အချိန်တာ၏ နှစ်ထပ်ကိန်းသည် ပတ်သောလမ်းကြောင်း ဝင်ရိုးကြီး၏ သုံးထပ်ကိန်းနှင့် တိုက်ရိုက်အချိုးတူသည်။

၁၂။ ဒေးပသွယ်ကို ရသောကြောင့် ရကြောင်းကို ရှင်ဘုရင် ကြားတော်မူလေလျှင် ဒလမြို့က မြောင်းမြမြို့သို့ ချီတော်မူ၏။ ရောက်လျှင်အမတ်တိန်ကို အားရတော်မူ၍ ပြည်တော်မူသည်၊ အမတ်ကြီးကိုနှုတ်ရေးသာ တတ် သည်ထင်သည် လက်ရေးလည်း ကောင်းလှယေသည်အမတ်ကြီး ဆင်စီးသူရဲကောင်းဖြစ်ပြီးသော ဇမ္ဗူဒိတ်ကျွန်းတွင် ငါ့ကို ဖက်နိုင်မည့်သူ မရှိဟု မိန့်တော်မူသည်။

၁၃။ တစ်နည်းအားဖြင့် သူတောင်းစားတို့၏ အိတ်ထဲမှာ တောင်းခံ၍ ရသမျှတွေကို အလုံးစုံထည့်သွင်းသကဲ့သို့ ပညာရှာမှီးသောသူသည် မည်သူ့ထံမှမဆို ရရှိသော ပညာရပ်များကို မိမိ၏ စိတ်နှလုံးတွင်းမှာ အမြဲ သွတ် သွင်း မှတ်ပိုက်ထားရာသည်။

၁၄။ ကျွန်ုပ်သည် ထိုသူငယ်မကို မေ့နေရာမှ သတိရ၍ ခါတိုင်းလိုပင် ထီးမပါ၊ ဖိနပ်မပါ၊ ဖျင်အင်္ကျီလက်တိုနှင့် ထိုဆိုင်ဘက်သို့ နံနက်လမ်းလျှောက် ထွက်ခဲ့၏။

၁၅။ တစ်ရံရောအခါ ငါးစီးရှင် စားတော်ခေါ် ကာနီးတွင် ရှင်ယောင်တစ်ယောက်သည် ပရိက္ခရာရှစ်ပါးလွယ်၍ ရှေ့တော်ဝယ်ရပ်လာ၏။ ငါးစီးရှင်လည်း အဘယ်အလို့ ငှာ ရပ်လာသနည်းဟု မေးတော်မူ၏။ ရှင်ယောင်လည်း ဆွမ်းအလို့ငှာ ရပ်လာသည်ဟု ဆို၏။ ငါးစီးရှင်လည်း စားတော်ခေါ် အံ့သည်ဟူ၍ လက်တော်ဆေးပြီးမှ အလွန် ကြည်စွာသော နှလုံးရှိသည်ဖြစ်၍ မနောလင်ပန်းနှင့် စီရင်၍ထားသော စားတော် အားလုံးကို ထိုရဟန်းအား လှူတော်မူလေ၏။

# လက်

# တွေ၏

# လုပ်

**"Zounds! I was never so bethumped with words"**

**- William Shakespeare**

*"အမလေး အခုလို စကားလုံးတွေ နှိပ်စက်တာခံရတာမျိုး တစ်ခုမှ မဖြစ်ခဲ့ဖူးဘူး။"*

**- ဝီလျံ ရှိတ်စပီးယား**

သာယာသော နေ့တစ်နေ့ လူတွေပျော်မြူးကာ သွား လာ လှုပ်ရှား နေသည့်အချိန်မျိုးတွင် စာအုပ်တစ်အုပ်ကို ဖတ်မည်ဟုရည်ရွယ်စဉ် စာအုပ်ကို မဖတ်ဖြစ်ဘဲ လက်ကကိုင် လျက် အခြားလူများသွား လာ နေသည်ကို ငေးကြည့်နေမိလိမ့် မည်။ ရာသီဥတု သာယာသည်မို့ သွားလာလည်ပတ်ရန် အကောင်းဆုံး အချိန်ဖြစ်ကြောင်း စိတ်ကသိနေ သည် မဟုတ် လား။ ထို့ကြောင့် စာထဲသို့ စိတ်ကမရောက်နိုင်။ ကက်ဆက်ကို ဖွင့်၊ ရုပ်မြင်သံကြားကို ဖွင့်ထားရင်း တယ်လီဖုန်းတစ်လုံး ဘေးတွင်ချကာ စာဖတ်၍ ရမည်မဟုတ်။

တိတ်ဆိတ်သော အခန်းထဲဝယ် မီးက မှိတ်တုတ်မှိတ် တုတ်နှင့် အခြားလူတွေက စာရွက်တွေအပေါ် ဟိုခြစ်သည်ခြစ်၊ ခေါင်းကုပ် သူ ကကုပ် ဆိုသော အခြေအနေမျိုးတွင်လည်း စာဖတ်၍ ရမည်မဟုတ်။ မူလစာဖတ်နှုန်းအတိုင်း ရအောင် ဖတ်မည်ဆိုလျှင်လည်း ခေါင်းကိုက် လာလိမ့်မည်။

သို့ဆိုလျှင် မည်သည့်နေရာမျိုးတွင် စာဖတ်သင့်သနည်း။

# နေရာကိုရွေး

အာရုံပျက်စေသည့် အခြေအနေမျိုး၊ ဆူညံမှုမျိုးမရှိသည့် တိတ်ဆိတ်ကာ သက်သောင့်သက်သာရှိသောနေရာကို ရွေးပါ။ ထိုနေရာမျိုးကို အမြဲရှာ၍ ရနိုင်မည်တော့မဟုတ်။ သို့သော် ထိုနေရာမျိုးကို ရှာနိုင်မည်ဆိုလျှင် စာဖတ်နှုန်း၊ အထူးသဖြင့် ကျေညက်မှုအဆင့်များစွာ တိုးတက်လာမည်မှာ သေချာသည်။

အလင်းရောင်ကောင်းကောင်း ရသောနေရာကို ရွေးပါ။ သို့သော် အလင်းရောင်များလွန်သည်မျိုး မဖြစ်စေရ။ တိုက်ရိုက် မဟုတ်ဘဲ တစ်ဆင့်ခံ၍ ရောက်လာသည့် အလင်းရောင်မျိုး ဖြစ်က ပိုကောင်းသည်၊

စာဖတ်သည့်အခါ မျက်လုံးကိုအသုံးချရသည် ဖြစ်၍ မျက်လုံးကြည့်၍ အဆင်ပြေဖို့လိုသည်။ အဆင်မပြေပါက မျက်လုံး အားစိုက်ရမည်။ ခေါင်းကိုက်လာမည်။ သို့ဖြင့် စာဖတ်ခြင်းကို ရပ်ပစ်စရာ အကြောင်းပြချက်ပေါ်လာမည်။

အာရုံပျက်စရာ အခြေအနေများ မရှိစေရ။ တယ်လီဖုန်း သံ၊ ရုပ်မြင် သံကြားအသံ၊ ဗီဒီယိုဂိမ်းမှအသံ စသည်တို့သည် အာရုံပျက်စရာ အကြောင်းများဖြစ်၏။ ထိုအခါ စာတွင် အာရုံမရောက်နိုင်တော့။

ကက်ဆက်ဖြင့် သီချင်းဖွင့်ထားသည် ဆိုလျှင်လည်း တီးလုံး သက်သက်မျိုးသာ ဖွင့်ထားသင့်သည်။ စာထဲတွင် အာရုံရောက်နေသည့် တိုင် သီချင်းစာသားအသံများသည် နားထဲသို့ ရောက်လာပြီး မိမိဖတ်နေသည့် စာသားများနှင့် ရောထွေးကုန်တတ်သည်။

မိမိ စာဖတ်ကျွမ်းသွားလျှင်တော့ မည်သည့်အခြေအနေ မျိုးရှိရှိ စာတွင်အာရုံနှစ်ထားနိုင်မည်ဖြစ်၍ ထိုနေရာမျိုးရွေး ရန် သိပ်မလိုတော့၊

စာဖတ်၍ ကောင်းမည့်နေရာကို မတွေ့ဟုဆိုလျှင်လည်း စိတ်မပျက်ပါနှင့်။ မည်သည့်နေရာတွင်မဆို စာဖတ်၍ ရနိုင်ပါသည်။

ပတ်ဝန်းကျင် အနှောင့်အယှက်ကြားမှ စာကို တိုး၍ တိုး၍ အာရုံပြု၍ ဖတ်သွားပါ။

တစ်ခါတုန်းက ကျောင်းသူတစ်ယောက် စာမေးပွဲတွင် သမိုင်းဘာသာရပ်၌ ကျသွားသည်။ သူမအိမ်၏ ပြတင်းပေါက် အပြင်ဘက်တွင် နကျယ်အိမ်တစ်ခုရှိသည်။ သူမစာဖတ်ရန် ထိုင်လိုက်သည်နှင့် ကုတ်ပေါ်တွင် နကျယ်အတောင် ခတ် သဖြင့် မကြာခဏ လေဟပ်သွားသည်။ သူမမှာလည်း နကျယ် ကောင် ကိုက်မည်စိုးသဖြင့် မကြာခဏ လန့်၍ ရှောင်နေရ၏။ သို့ဖြင့် သူမစာတွင် အာရုံမရောက်နိုင်တော့။ စာမေးပွဲလည်း မဖြေနိုင်တော့။

ထို့ကြောင့် အနှောင့်အယှက်များ မရှိစေသင့်။ ပြေးပွဲ တစ်ခုတွင် ပြေးမည်ဆိုလျှင် ပန်းတိုင်ရောက်အောင် လူကြို လူကြားထဲက ပြေးမည်လား။ လူတွေနှင့် တိုက်မိကာ မကြာ ခဏ လဲကျနေမည်။ အောင်မြင်လိုလျှင် အောင်မြင်နိုင်မည့် အကောင်းဆုံးအခြေအနေကို ရွေးရပေလိမ့်မည်။

## ကိုယ်နေဟန်ထား

စာမေးပွဲဖြေဆိုနေသည့် ကျောင်းသားတွေကိုကြည့်ပါ။ တက်တက်ကြွကြွနှင့် စူးစူးစိုက်စိုက် ရှိနေကြသည်ကို တွေ့ရ မည်။ မေးခွန်းတွေကို စေ့စေ့စပ်စပ် လျှောက်ဖတ်မည်။ ပြီး တော့ သင့်လျော်ရာ မေးခွန်းတွေကို စ၍ ဖြေမည်။

စာကြိုးစားသည့် ထိုကျောင်းသားလေးတွေ စာမေးပွဲတွင် ထိုင်နေသည့် ကိုယ်နေဟန်ထားကို လေ့လာပါ။ မေးခွန်းကို စျာန်ဝင်ကာ ဖတ်နေမည်။ ဖိုးကြဲလေယာဉ်တွေ ကောင်းကင် မှ ပျံလာသည်ကိုလည်း သူတို့သတိထားမိမည်မဟုတ်။ ခဲတံ ကလေးတစ်ချောင်းကို ကိုင်၊

တစ်ချောင်းကို စားပွဲပေါ် တင်ထားမည်။ စာဖတ်သည့်အခါ ထိုပုံစံအတိုင်း ဖြစ်နေရမည်။

စာမေးပွဲဖြေသည့်အတိုင်းလုပ်ရမည်ဟု မဆိုလို၊ ထိုမျှ လောက်လုပ်စရာလည်း မလိုပါ။ သို့သော် စာဖတ်သည့်အခါ စာဖတ်သည့်ကိုယ်နေဟန်ထားအတိုင်းတော့ ဖြစ်ဖို့လိုသည်။ ကိုယ်နေဟန်ထားမမှန်လျှင် ဆယ်မိနစ်ခန့်တွင် စာဖတ်နှုန်း နှင့် သဘောပေါက်မှုအဆင့်တက်မလာမီ ကျော ညောင်း၍ လာလိမ့်မည်။ ကျောကို မှီပြီး စာကိုအာရုံပြန်စိုက်သော်လည်း ရတော့မည်မဟုတ်။ စာမှာ မည်မျှပင်လေးစေကာမူ ကိုယ်တိုင် က စိတ်ပါလက်ပါဖတ်လျှင် ထိရောက်စွာဖတ်နိုင်လိမ့်မည်။

စာဖတ်သည့်အခါ စိတ်ရောကိုယ်ပါ နှစ်၍ ဖတ်ပါ။ စာအုပ်ကိုကြောက်နေလျှင်၊ ခက်ခက်ခဲခဲ ဖတ်နေရလျှင် နောက်ဆုံး၌ စာအုပ်ကအနိုင်ရသွားပေမည်။ စာအုပ်ကို စားပွဲပေါ်တင်ခဲ့ပြီး သွားချင်သည့်နေရာလျှောက်သွား၊ ပြန် လာသည့်အခါ ထိုစာအုပ်ကို မြင်သည်နှင့်ကြောက်မြဲ ကြောက်နေမည်။ မကြောက်အောင် မိမိကိုယ်တိုင်ကလုပ်ရ မည်ဖြစ်၏။

## စာဖတ်ပြေးလမ်း

အောက်ပါ ဆောင်းပါးကိုဖတ်၍ ပေးထားသည့် မေးခွန်း များကိုဖြေပါ။ ဖတ်ချိန်ကိုလည်း မှတ်ပါ။ မေးခွန်းဖြေချိန်ကို မမှတ်ပါနှင့်။ ထို့နောက် စာဖတ်နှုန်းနှင့် မှတ်မိနိုင်မှု အဆင့် တို့ကို အောက်တွင်ဖော်ပြသည့် ပုံသေနည်းအတိုင်း တွက်ပါ။

### ‘လေလံပွဲ’

ဘာလေလံပွဲလဲ။ အင်းလေလံပွဲ ဖြစ်ပါသည်။

ယနေ့ကား အင်းလေလံပွဲနေ့ဖြစ်၏။ အင်းသားကြီးတို့

အဖို့ နေ့ထူးနေ့မြတ်ကြီး ဖြစ်လေသည်။ မောင်လူအေး၏ နယ် အတွင်းရှိ ငါးများအဖို့ကား နေ့ဆိုးနေ့ယုတ်ကြီးပေတည်း။

နံနက်စောစောကပင် နယ်ပိုင်ရုံးတော်ဝင်း အတွင်းသို့ အင်းသားကြီး၊ အင်းသားလတ်၊ အင်းသားကလေး၊ အင်း သား မကြီး (ဝါ) အင်းသမီးကြီး၊ အင်းသားမလတ် (ဝါ) အင်းသမီး လတ်၊ အင်းသားမလေး (ဝါ) အင်းသမီးကလေး၊ လက်ထောက် အင်းသား၊ လက်ထောက်အင်းသမီး (ဝါ) လက်ထောက် အင်း သမ၊ အချုံအင်းသမီး (ဝါ) အချုံအင်း သမ၊ အင်းသားယောင်၊ အင်းသမီးယောင် (ဝါ) အင်းကူလီမှ စ၍ အင်းနှင့် အသက်မွေး သူတို့ ရောက်နှင့်ကြလေပြီ။

တစ်မြို့လုံးလည်း သူတို့ချည်း။ ဟိုသွားလည်း သူတို့နှင့် တွေ့၊ သည်သွားလည်း သူတို့နှင့်တွေ့။ ဈေးထဲမှာလည်း သူတို့။ တရုတ်ခေါက်ဆွဲဆိုင်မှာလည်း သူတို့။ ကုလား ထမင်းဆိုင်မှာ လည်း သူတို့။ အပြန့် အရက်ဆိုင်မှာလည်း သူတို့။ ကုလား မုဆာ၏ ကစော်ဆိုင်မှာလည်း သူတို့။ မောင်တူ၏ ဖဲဝိုင်းမှာ လည်း သူတို့။ တစ်မြို့လုံး အနှံ့အပြား အင်းသားတစ်တွေ လွတ်၍ နေကြလေသည်။

အင်းသားကြီးတစ်ယောက်မှာ နောက်လိုက်က အထွေ ထွေ၊ ခေါင်းပေါင်းစကြီးတွေက တထောင်ထောင်နှင့် ဟိုသွား သည်သွား။ အိတ်ထဲများမှာ ငွေသံတွေတချွင်ချွင်။ မယား ခမျာ မှာလည်း အပါးကမခွာ။ မျက်နှာထား ခပ်မာမာ။ အချို့မှာ အသင်းအပင်းအစုအဝေးနှင့် နယ်ပိုင်ရုံး ဝင်းအတွင်း ကုက္ကိုပင် ကြီးအောက်တွင် ကော်ဇောတွေခင်းလျက် ထမင်း စားပွဲကြီး ကျင်းပနေကြလေတော့သည်။

ကိုသာလူကား အင်းခွန်မကျေသောကြောင့် အင်းဆွဲရန် လက်မှတ်မရနိုင်။ မိတ်ဆွေ မောင်ဘိုးအောင်အား ထောင်၍ အင်းအဆွဲခိုင်းရန် ကြံ၏။ သို့သော် မောင်ဘိုးအောင်လည်း လက်မှတ်မရနိုင်။ ပစ္စည်းရှိသူ မဟုတ်။ ကိုသာလူကား အနည်း ငယ်မျှမစိုးရိမ်။ အင်းသူကြီး ဦးဘိုးရှင်ထံ သွား၍ မောင်ဘိုး အောင်၌ ပစ္စည်းရှိကြောင်း လက်မှတ်အထိုးခိုင်းရပေမည်။ ကိုယ်တော်မြတ် သူကြီးမှာ မျက်နှာထားတည်တည်နှင့် အမြင် ကတ်စရာ။ သို့သော် သူ့နေရာနှင့်သူ။ အောက်မကျို့က မဖြစ်။ တောင်းပန်စကား သွား၍ပြော၏။ အဖတ်မလုပ်။ တော်တော် လူပါးဝတဲ့သူကြီး။ သူ့ကိုယ်သူ သိကြားများ မှတ်နေရော့ သလား။ သို့သော် ကိုသာလူတို့ မည်သို့ လုပ်လိုက်သည်မသိ။ ခဏကြာလျှင် သူကြီးလည်း ပြုံးပြုံးရွှင်ရွှင်နှင့်ပင် လက်မှတ်ကို ထိုး၍ ပေးလိုက်၏။

မောင်ဘိုးအောင် လက်မှတ်ရသွားလေပြီ။ အကယ်ပင် ကိစ္စတုံးပြီလော။ မတုံးသေး။ မြို့ပိုင်မင်းထံ ပြေးရဦးမည်။ သူကြီး၏လက်မှတ်ကား ပစ္စည်းရှိကြောင်း လက်မှတ်သာတည်း။ အင်းဆွဲရန်လက်မှတ်ကား မြို့ပိုင်မင်း၊ အင်းခွန်ဝန်မင်း၊ နယ်ပိုင်မင်းတို့ကသာ ပေးနိုင်လေသည်။ မြို့အုပ်မင်းထံ ဝင်ရန် မှာလည်း မလွယ်ကူ။ အင်းလက်မှတ်အတွက် စောင့်စားနေကြ သော လူထုကြီးကား မနည်း။ မောင်ဘိုးနီ၊ မောင်သာဟန်၊ မောင်မြို့၊ မောင်နီတာတို့သည် ချွေးတလုံးလုံးနှင့်။ အင်းသား ကြီး မောင်ကြိုင်လည်း လူထုထဲတွင် ဟိုတိုးသည်တိုးနှင့် နေပါ ကလား။ သည်ကောင် မနှစ်က အင်းဖိုးငွေ မကျေတာတောင် မျက်နှာပြောင်တိုက်ပြီး လာသေးသကိုး။ တကယ့်အကောင်။

မြို့ပိုင်မင်းကား စောစောကပင် ရုံးသို့ ရောက်နေလေသည်။ သူ၏ အခန်းထဲတွင်ရှိ၏။ မြို့ပိုင်မင်းထက် ကြောက်ရသူကား မြို့ပိုင်မင်း၏ ယပ်ဆွဲသူ မောင်ခင်ဖြစ်လေသည်။ ကိုယ်တော်မြတ်မှာ မြို့ပိုင်မင်းထက်ပင် အဝတ်အစားပြောင်သေး၏။ စီးကရက်ကို လက်ကြားညှပ်၊ ဖိနပ်ဖြူကိုစီးလျက် ဟိုလူ့ကိုအော်၊ သည်လူ့ကိုမာန်နှင့် အင်မတန် ဂိုက်ထုတ်နေလေသည်။ သူနှင့် သင့်သူကား ရှေ့ကနေရ၏။ မသင့်သူတို့ကား နောက်သို့ဆုတ်ရလေသည်။ သူ့ကိုယ်သူ မြို့ပိုင်မင်းထင်နေရော့သလား။ အင်းကိုပင် မဆွဲရသေး၊ ငရဲသို့ ရောက်ကြရပေပြီ။

မောင်ခင်က မျက်နှာသာ ပေးလိုက်သောသူတို့ တစ်ယောက်ပြီး တစ်ယောက် အစဉ်အတိုင်း ရုံးခန်းထဲ ဝင်ကြရ၏။ မြို့ပိုင်မင်းနှင့် တွေ့ပြီလော၊ မတွေ့ရသေးပါ။ ရုံးစာရေးကြီး၊ ရုံးစာရေးကလေး၊ အသင်ရုံးစာရေးများ၊ ရုံးစာရေးကြီး၏ လက်ထောက်များ၊ အကူရုံးစာရေးများနှင့် တစ်ဆင့်တစ်ဆင့် တွေ့၍ သွားရလေသည်။ သူတို့လည်း အမျိုးမျိုးသော မေးခွန်း တွေ ဘာတွေနှင့် အနှောင့်အယှက် ပြုကြလေသည်။ ဩော် ဒုက္ခ၊ ကျားကြီးလည်း ကြောက်ရ၊ ကျားကလေးလည်း ကြောက်ရ။ ဘယ်နေရာမှ ဟန်မကျပါကလားနော်။

နောက်ဆုံး၌ မြို့ပိုင်မင်းထံသို့ ရောက်ကြ၏။ မြို့ပိုင်မင်းလည်း မေးခွန်းအမျိုးမျိုးထုတ်လျက် နေလေတော့သည်။ ဝိဇ္ဇာစာမေးပွဲ တွင်မေးသော မေးခွန်းတို့ထက်ပင် အင်းသားကြီးတို့အဖို့ ခက်သေး၏။ အားလုံးမမှန်သည်ကိုချည်း

ဖြေကြလေ သည်။ နှစ်ဆယ်တန်အိမ်ကို နှစ်ထောင်တန်သည် ဟု ကျမ်းကိုင် ၍ဆို၏။ ငါးကျပ်တန်သော လှေတစ်စင်းကို တစ်ရာ တန်သည် ဟု ကျမ်းကိုင်၍ ဆို၏။ တစ်ဆယ်တန်သော နွားတစ်ကောင်ကို တစ်ရာတန်သည်ဟု ကျမ်းကိုင်၍ ဆို၏။ ကျမ်းစူးသည်ဆိုသော စကားကိုမကြားဖူးကဲ့သို့ ညာနိုင်သမျှ ညာသောဟူ၏။ သေသေ ချာချာ ကျကျနန စစ်ဆေးသောသူကိုပင် ယောင်လည်လည် ဖြစ်အောင် ဖြေကြလေ သည်။ တော်လည်းတော်ကြပါပေရဲ့။

နောက်ဆုံး၌ မြို့ပိုင်မင်းလည်း အချို့ကိုပယ်၍ အချို့ကို လက်မှတ်ထုတ်၍ပေးလိုက်လေသတည်း။ လက်မှတ်ရလာသူများအနက် ဘိုးအောင်၊ ထွန်းစိန်၊ စံဦး၊ မောင်မြ၊ လုံထော် တို့လည်း ပါကြလေသည်။ လက်မှတ်ကလေး တွေကိုယ်စီနှင့် ထွက်လာကြကုန်၏။ မျက်နှာတွေကား မှုံရသလို။ ကိုစံပကြီး ကား မောင်ခင်နှင့် မသင့်သူဖြစ်သောကြောင့် ရုံးအပြင်ဘက် တွင် ဟိုတိုးသည်တိုးဖြင့် နေရရှာ၏။ သနားစရာ။ ခမျာမှာ လက်မှတ်မရမှုဖြင့် အခက်။

အင်းသားကြီးဟောင်း ဦးငွေရ၊ ဦးစံဖူး၊ ဦးဘိုးထွန်း၊ ဦးဘသာတို့ကား စောစောကပင် အင်းလက်မှတ်ရထားသူများ ဖြစ်သောကြောင့် တိုးဝှေ့နေကြသူများတွင် မပါဝင်။ ခပ်အေး အေးပင် ကုက္ကိုပင်ရိပ်တွင် ဆေးလိပ်ဖွာကာ၊ ကွမ်းစားကာနှင့် ထိုင်နေကြလေသည်။ သူတို့၏ နောက်လိုက်များကား ဝိုင်း လျက်။

မောင်မြကား လက်မှတ်ရလာသည်နှင့် တစ်ပြိုင်နက် အင်းသားကြီး ဦးငွေရတို့ ထိုင်နေရာသို့ ရောက်လာလေသည်။

အရှုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

မျက်နှာထား ရှင်ပျစွာထားလျက်နေ၏။ မောင်မြရလာသော လက်မှတ်ကား ပန်းလှိုင်ရေကျော်အင်းအတွက် လက်မှတ်ဖြစ် လေသည်။ ပန်းလှိုင်ရေကျော် အင်းသားကြီးဟောင်း ဦးငွေရ ကား လက်မှတ်ကို မောင်မြလက်ထဲ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာပျက်လျက် သွားတော့၏။ ထိုအင်း မိမိ လက်မှ လွတ်သွားက ခက်လေတော့မည်။ ဦးငွေရ၏ မယား ဒေါ်ရှုကား မျက်နှာကြီးစူလျက်။

မောင်မြကားပန်းလှိုင်ရေကျော်အင်းကို နှစ်ထောင်အထိ တက်ပေးမည်ဟု ဦးငွေရ မကြားတကြား ပြောလျက်နေ၏။ ဦးငွေရ မျက်နှာနီ၍ လာလေပြီ။ မိမိက တစ်ထောင်ထက်ပို၍ မပေးနိုင်။ တစ်ထောင်နှင့်ရမှ ငွေနှစ်ရာလောက်မြတ်မည်။ မောင်မြကား ပစ္စည်းမရှိသူမှန်၏။ သို့သော် အင်းဆွဲရန် လက်မှတ်ရသူဖြစ်လေသည်။ နောင်ခါမှ ဖြစ်ချင်ရာဖြစ်၊ နှစ်ထောင်များ ပေးလိုက်မှဖြင့် မိမိတို့အလုပ်လက်မဲ့ ဖြစ်လေ တော့မည်။ အခက်ကြီးနှင့်ကြုံရပေ၏။ မောင်မြကား လက်မှတ် ကို ဝင့်ကာဝင့်ကာနှင့် စကားများလျက် နေလေတော့သည်။ ဦးငွေရတို့ လင်မယား ချွေးဖြိုင်ဖြိုင် ယိုကာကျလေပြီ။

နောက်ဆုံး၌ ဦးငွေရကား မောင်မြအား မိမိအင်းကို ဝင်၍လုမဆွဲရန် တောင်းပန်ရှာ၏။ မောင်မြကား တောင်းပန် ၍မရ။ ခရီးစရိတ် ငွေအစိတ်ကို ထုတ်၍ပေး၏။ နည်းသေး သည်၊ မယူ။ သုံးဆယ်ပေး၏။ နည်းသေးသည်၊ မယူ။ လေး ဆယ်ပေး၏။ နည်းသေးသည်၊မယူ။ ငါးဆယ်ပေးမှ ကျေနပ် လေတော့၏။ ငါးဆယ်ရလျှင် မောင်မြကား

မောင်တူ၏ ဖဲဝိုင်းသို့ ဝိုင်းလေပြီ။ ဦးငွေရကား အင်းမှ မဆွဲရသေးမီ ငွေငါးဆယ် ထွက်ရရှာ၏။ ဤနည်းအတိုင်းပင် ဘိုးနီနှင့် သာဟန်တို့လည်း အင်းသားကြီးဟောင်း ဦးဘိုးနေနှင့် ဦးဘသာတို့ထံမှ ငွေသုံးဆယ်စီ ရခဲ့ကြလေသည်။ တရုတ် အပြန့်၏ အရက်ဆိုင်သို့ ခြေဦးလှည့်ကြလေပြီ။

ရန်ကုန်မှ ယနေ့နံနက်ရောက်၍လာသော ငါးပွဲစား မောင်ကန်မှာလည်း ခေါင်းပေါင်းစ တထောင်ထောင်ပင်။ သူ၏နောက်မှ အင်းသားကြီးဟောင်းများ၊ အင်းသားကြီးလောင်းများ တကောက်ကောက်နှင့် မခွာနိုင်ကြ။ သူ၏ အိတ်ထဲတွင် ငွေနှစ်ထောင်ပါလာသည်ဟု ကြားရ၏။ စပေါ် ငွေပေးရန် သူ့ထံမှ မျက်နှာသေကလေးများဖြင့် ငွေတောင်းနေ ကြလေသည်။ အင်းဂရန်ကို ပေါင်ထားမည် ဆိုသူကဆို။ အင်းမှထွက်သော ကုန်များကို ပေါပေါနှင့် ပေးမည်ဆိုသူကဆို။ အမျိုးမျိုးချော့ကာမော့ကာ မောင်ကန်ထံမှ ငွေထွက်အောင် ညှစ်နေကြကုန်၏။ ဤအခါတွင် မောင်ကန်ကား နတ် သိကြားထက်ပင် တန်ခိုးကြီးပေသေး၏။ ယပ်ခတ်ပေးသူက ပေး၊ ရေယူပေးသူတွေကလည်း အများ။ တော်တော်ပင် ခမ်းနားပေသည်။

သို့ဖြင့်ပင် နယ်ပိုင်ရုံးဝင်း တစ်ဝင်းလုံး ဟိုစုရုံး၊ သည်စုရုံး၊ ဟိုလူးလာခတ်၊ သည်လူးလာခတ်၊ ဟိုပြော သည်ပြောနှင့် တသောသော နေကြလေသည်။ရုံးအောက်က လက်ဖက်ရည် ဆိုင်ရှင် ဒေါ်သိန်းခင် မှာလည်း အရောင်းရတွင်သောကြောင့် တပြုံးပြုံး၊ လက်ပင်မလည်နိုင်။ နယ်ပိုင်ရုံးတွင် တစ်နှစ်ပတ်လုံး ဤအခါကဲ့သို့ လူစည်ကားခြင်း တစ်ခါမျှ

မရှိခဲ့ဖူး။ အင်းဆွဲရန် လက်မှတ်ရသူတို့ကား တရှင်ရှင်။ မရသူတို့က တမှိုင်မှိုင်။ မောင်ကုလားတို့လူစုကားအင်းဆွဲနိုင်သူတွေလည်း မဟုတ်။ လက်မှတ်ရနိုင်သူတွေလည်း မဟုတ်။ ငွေကြေးဆို၍ တစ်ပြား တစ်ချပ်မျှ ရှိသူတွေလည်း မဟုတ်။ သို့ပါလျက် ခုနစ်မိုင်ခန့် ခရီးမှလာ၍ သူတကာ အင်းလေလံဆွဲသည်ကို သွားရည်ယိုကြ သည်မှာ အံ့သြပါရဲ့။

သို့နှင့်ပင် ဆယ်နာရီထိုး၏။ ထို့နောက် ဆယ်နာရီခွဲ၏။ နယ်ပိုင် မောင်လူအေးလာလေပြီ။ အားလုံးဝိုင်း၍ ကြည့်ကြ၏။ "တယ်ဆိုးတဲ့ နယ်ပိုင်" "တယ်ကြမ်းတဲ့ နယ်ပိုင်" စသည်ဖြင့် တီးတိုးစကား ပြောကြလေသည်။ (မောင်လူအေးကား ရှေး အခါက လူအေးဖြစ်သည်မှန်၏။ ယခု လူသရမ်းတွေနှင့် လုပ်နေရသောကြောင့် လူကြမ်းဖြစ်နေလေပြီ။)

အရေးပိုင်ကား သူ၏သင်္ဘောထဲတွင် ရှိသေး၏။ အရေးပိုင်လာမှ လေလံဆွဲမည့်သူများ၏ စိတ်ထဲတွင် တထိတ်ထိတ်နှင့် နေလေတော့သည်။

လေလံပစ်မည့်နေရာကား နယ်ပိုင်မင်းရုံးအောက်တွင် ဖြစ်၏။ အရေးပိုင်မင်းထိုင်ရန် ခုံမြင့်ကလေး ပြုလုပ်၍ ထားလေသည်။ အခြားအရာရှိများကား မြေပြင်၌ ကုလားထိုင် များပေါ်တွင် ထိုင်ကြရမည်။

ဆယ့်တစ်နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် အရေးပိုင်မင်း ပေါက်၍ လာလေသည်။ နယ်ပိုင်မောင်လူအေးလည်း ခရီး ဦးကြိုပြု၍ ခုံမြင့်ရှိရာ သို့ခေါ်ခဲ့၏။ ရောက်လျှင် နှစ်ယောက်သား ခုံမြင့်ပေါ်ရှိကုလားထိုင်နှစ်လုံး တွင် ယှဉ်ကာ ထိုင်ကြလေ သည်။ မြို့ပိုင်၊ အခွန်ပိုင်၊ အင်းခွန်ဝန်တို့လည်း

အသီးသီး မိမိတို့နေရာများတွင် ထိုင်ကြလေသသည်။

အင်းဆွဲမည့်သူများနှင့်တကွ မိမိတို့၏ နောက်လိုက်များပါ ထိုနေရာသို့ ဝိုင်း၍ လာလေ၏။ ထိုသူတို့ရောက်သည်နှင့် တစ်ပြိုင်နက် အခွန်ဝန်မင်းကအင်းအမှုတွဲတစ်တွဲကို ကိုင်ပြီး လျှင် "ပန်းလှိုင် ရေကျော်အင်း" ဟူ၍ အော်လိုက်လေသည်။ အနားတွင်ထိုင်နေကြသောသူတို့လည်း ဟိုကြည့် သည်ကြည့် နှင့် လုပ်နေကြ၏။ အတန် ကလေးကြာလျှင် ထောင့်တစ်ထောင့် မှ ဦးငွေရကြီး ထ၍လာလေသည်။ အားလုံးသော ပရိသတ်တို့ သူ့အား စိုက်၍ကြည့်နေကြလေသည်။ အခြားမည်သူ ထမည် နည်း။ မည်သူတစ်ဦးမျှ မထ၊ ဦးငွေရ စိတ်အေးသွား လေတော့ သည်။ မောင်မြအား ငွေငါးဆယ်ပေးလိုက်ပြီ မဟုတ်ပါလော။

ဦးငွေရလည်း အရေးပိုင်မင်းတို့ရှေ့သို့ ရောက်လေပြီ။ အင်းဆွဲရန် လက်မှတ်ကို အခွန်ဝန်မင်းအားကမ်းပေးလိုက်၏။ အခွန်ဝန်မင်းလည်း အမှုတွဲနှင့် လက်မှတ်ကိုပါ အရေးပိုင်မင်း ထံ ကမ်း၍ပေးပြန်၏။

**သိပ္ပံမောင်ဝ**
**ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်**
**စာ ၁၈၃ - ၁၉၁**

**မေးခွန်းများ**

၁။ လေလံပွဲမှာ -
- ငါးလေလံပွဲ
- နွားလေလံပွဲ
- အင်းလေလံပွဲ
- ထင်းလေလံပွဲ

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

၂။ ထိုနေ့ကား အင်းသားကြီးတို့အဖို့ -
- နေ့ဆိုးနေ့ယုတ်ကြီး
- နေ့ထူးနေ့မြတ်ကြီး

၃။ မောင်သာလူ လက်မှတ်မရသည်မှာ -
- ပစ္စည်းမရှိ၍
- သူကြီးနှင့်မတည့်၍
- အင်းခွန်မကျေ၍

၄။ 'ကိစ္စတုံးပြီလော' ဆိုသည်မှာ
- လူညွှန့်တုံးပြီ
- သေဆုံးပြီ
- အင်းလက်မှတ်ရပြီ
- ကိစ္စပြီးမြောက်ပြီ

၅။ ပစ္စည်းရှိကြောင်း လက်မှတ်ထုတ်ပေးနိုင်သူမှာ-
- အင်းခွန်ဝန်မင်း
- နယ်ပိုင်မင်း
- သူကြီး

၆။ မြို့ပိုင်မင်းထက် ကြောက်ရသူကား -
- မောင်ဖိုးနီ
- မောင်သာဟန်
- မောင်မြို့
- မောင်နီတာ
- ယပ်ဆွဲမောင်ခင်

၇။ ပန်းလှိုင်ရေကျော်အင်းကို နှစ်ထောင်အထိ တက်ပေးမည့်သူမှာ -

- ဦးငွေရ
- ဦးစံဖူး
- မောင်မြ
- ဦးဘသာ


၈။ ဦးငွေရ -
- တောင်းပန်သဖြင့်
- အကျပ်ကိုသဖြင့်
- ငွေငါးဆယ်ရသဖြင့်

မောင်မြ ကျေနပ်သွားသည်။

၉။ ရန်ကုန်မှ ယနေ့နံနက်ရောက်လာသည့် ငါးပွဲစားမှာ-
- ဘိုးနီ
- မောင်ကန်
- သာဟန်
- မောင်မြ


၁၀။ မောင်လူအေး၏ ရာထူးမှာ-
- မြို့ပိုင်
- နယ်ပိုင်
- အင်းခွန်ဝန်မင်း
- အရေးပိုင်

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org




**စာဖတ်သွားနှုန်း**

စာလုံး အရေအတွက်ကို ဖတ်သည့် မိနစ်နှင့် စားလျှင် တစ်မိနစ် အမြန်နှုန်းကိုရ သည်။တစ်မိနစ်လျှင် စာလုံး ရေ ၁၇၀ ခန့် ရဖို့လိုသည်။




**စာကျေညက်မှုအဆင့်**

စာကျေညက်မှုအဆင့်ကိုတိုင်းတာရန် ပုံသေနည်းမှာမိမိဖြေနိုင်သောမေးခွန်း အရေ အတွက်ကို ၁၀ နှင့်မြှောက်ပါ။ ယင်းသည်ကျေ ညက်နိုင်မှု ရာခိုင်နှုန်း ဖြစ်၏။ ၇၀% အောက်သို့ကျနေလျှင် ထပ်၍ကြိုးစားရဦး မည်။

# နိ

# သ

# ရည်း

**"Reading is to the mind what exercise is to the body"**

**- Richard Steele -**

*"စာဖတ်ခြင်းသည် စိတ်နှင့်ဆိုင်၍ လက်တွေ့လုပ်ဆောင် မှုမှာ ခန္ဓာကိုယ်နှင့် ဆိုင်သည်။*

**- ရစ်ချတ်စတီးလ်**

နေရာမှာလည်း အလင်းရောင် ကောင်းကောင်းရသည်။ ကက်ဆက်မှလည်း တီးလုံးသံကလေးတွေကိုဖွင့်ထားမည်၊ ဘောလ်ပင် တစ်ချောင်းကိုင်၍ ကျောမှီခေါင်းအုံးနှင့်ထိုင်လျက် တယ်လီဖုန်းကြိုး ကို ဖြုတ်လိုက်မည်။ ပြီးတော့ စာအုပ် ကိုဖွင့်၍ ဖတ်မည်။

သို့စဉ်လျက် ဘာမှမထူးခြား။ စာသုံးလေးမျက်နှာကို အတော် ကြာအောင် ဖတ်နေရသည်။ စာအုပ်၏ ဆိုလိုချက်ကိုလည်း နား မလည်။ အသေးစိတ်တွေကိုလည်း မသိလိုက်။

ထို့ကြောင့် ဤမျှအသုံးမကျသော စာအုပ်ကို ရောင်း လိုက်သည့် စာအုပ်ဆိုင်သို့ ဖုန်းပြန်ဆက်ရန် တယ်လီဖုန်း လမ်းညွှန်စာအုပ်တွင် စာအုပ်ဆိုင်၏ ဖုန်းနံပါတ်ကိုရှာမည်။

မလုပ်လိုက်ပါလေနှင့်။ မိုင်ပေါင်းထောင်ချီသောခရီးကို ခြေ တစ်လှမ်းဖြင့် စရသည်မဟုတ်လား။ ထိုခရီးကိုသွားဖို့ ပြင်ဆင်တတ် နေပြီလည်း မဟုတ်လား။

စာဖတ်သည့် နည်းနိဿယများနှင့် ပတ်သက်၍ ပြောရ လျှင် စာဖတ်နှေးသူရော၊ စာဖတ်မြန်သူရော ထိုနည်းနိဿယ များ မလို အပ်ပါ။ သို့ရာတွင် ထိုနည်းနိဿယများသည် ဘာ့ကြောင့် မိမိ စာဖတ်ညံ့ရသည်ကို မီးမောင်းထိုးပြပေ လိမ့်မည်။

# မျက်လုံး၏ အခန်းကဏ္ဍ

စာကို ဘယ်လိုဖတ်သနည်း။ စာဖတ်ရာတွင် ရုပ်ပိုင်း (ခန္ဓာကိုယ်) နှင့် စိတ်ပိုင်း (ဦးနှောက်) တို့ကို အသုံးချရသည်။ ရုပ်ပိုင်းအရ မျက်စိမှဖတ်သည်။ မျက်စိလမ်းကြောင်းသည် စာမျက်နှာ၏ ဘယ်ဘက် ထိပ်မှ ညာဘက်ထိပ်သို့ ရွေ့လျား သွားနေသည်ဟု ထင်ရသော်လည်း တကယ်တော့ ထိုသို့မဟုတ်။ စာမျက်နှာပေါ် တွင် ခုန်ကျော်ကာ သွားရင်း စာလုံး အတွဲလိုက် အဓိပ္ပာယ်များကို ဦးနှောက်သို့ပို့ပေးခြင်း ဖြစ်သည်။

မျက်စိသည် တကယ့်စာဖတ်ခြင်းအလုပ် (နားလည်သိရှိ မှု) ကို လုပ်သည်မဟုတ်။ ယင်းကို ဦးနှောက်ကသာလုပ်ခြင်း ဖြစ်သည်။ သို့ရာတွင် စာဖတ်မြန်ဆန်မှုနှင့် စာဖတ်ကျွမ်းကျင်မှု ကို မျက်စိကသာ အဆုံးအဖြတ်ပြုသည်။

ကျန်သည့်အပိုင်းကို ခေါင်းကသာ အလုပ်လုပ်ခြင်း ဖြစ်၏။ ဦးနှောက်သည် စာလုံးအတွဲလိုက် ဖော်ညွှန်းချက်များကို ပုံသဏ္ဍာန် အလိုက်ရွေးချယ်ကာ အဓိပ္ပာယ်ဖော်ပေးသည်၊ ထိုပုံသဏ္ဍာန်များသည် စကားလုံး၊ သို့မဟုတ် စကားစုများ ဖြစ်၏။ ထိုစကားစုတွေ ပေါင်းစပ်လိုက် သောအခါ တစ်စုံတစ်ခု အဓိပ္ပာယ်ရသောဝါကျ ဖြစ်လာသည်၊ ယင်းကို ဖတ်ကြခြင်း ဖြစ်၏။

ထိုစဉ်မှာ တစ်ပြိုင်နက်ဖြစ်ခြင်း ဖြစ်သည်။ မျက်လုံးက အတွဲလိုက် စကားစုများကို ဦးနှောက်ဆီသို့ပို့ပေးသည်။ ဦး နှောက်၏ တစ်ဘက်ခြမ်းက ယင်းတို့ကို ရွေးချယ်ပြီး အခြား တစ်ဖက်ခြမ်းက စုစည်းအဓိပ္ပာယ် ဖော်သည်။

ဖြစ်ရပ်နှစ်ခုရှိသည့်အနက် တစ်ခုမှာ မျက်လုံးကို စာလုံး တွဲများ အား မြန်မြန်ဖမ်းယူနိုင်အောင် လေ့ကျင့်နိုင်လေ စာ ဖတ်မြန်လာလေ

ဖြစ်မည်။ နောက်တစ်ခုက ဦးနှောက်ကိုလည်း မျက်လုံးမှပေးပို့လာသည့် စကားလုံးတွဲများအား မြန်ဆန်ထိ ရောက်စွာ အဓိပ္ပါယ်ဖွင့်ပေးနိုင်လေ စာဖတ်ရာတွင် ပိုမိုထိ ရောက်မြန်ဆန်လေ ဖြစ်မည်။ (ဤတွင် ဝေါဟာရကြွယ်ဝလေ ဦးနှောက်ကပိုမိုထိရောက်စွာအဓိပ္ပာယ်ဖွင့်နိုင်လေဖြစ်သည်။)

## ရပ်တိုင်

စာဖတ်ရာတွင် မျက်လုံးအသုံးချမှုအပေါ်တွင် မူတည် သည်။ စာဖတ်ခြင်းသည် ရေစီးသလို တသွင်သွင် လျောကနဲ သွားသည် မျိုး မဟုတ်။ မျက်လုံးသည် စာကြောင်းတစ်ကြောင်း ပေါ်တွင် စာလုံး တစ်တွဲပြီးတစ်တွဲပေါ်၌ ရပ်နားကာ ဖတ်သွား ခြင်းဖြစ်သည်။ ထိုသို့ စာလုံး တွဲများပေါ်၌ ရပ်နားခြင်းကို **ရပ်တိုင်** ဟုခေါ်ကြပါစို့။

စာဖတ်သည်မှာ အဝေးပြေးလမ်းပေါ်ဝယ် ကားမောင်း သည်နှင့် တူသည်။ မိမိမောင်းရမည့် ခရီးရှည်တွင် မီးပွိုင့် မဖြတ်ရသဖြင့် ထို ခရီးကို အချိန်တိုတိုနှင့် ရောက်သွားပေမည်။ ထိုခရီးအကွာအဝေး လောက်ကို မြို့လယ်တွင် မောင်းရသည့် အခါ မီးပွိုင့်အမြောက်အမြား ကိုဖြတ်ရမည် ဖြစ်၍ တော်တော် နှင့် ရောက်နိုင်မည်မဟုတ်။ ထို့ကြောင့် စာဖတ်သည့်အခါတွင် လည်း 'ရပ်တိုင်' နည်းလေ ကောင်းလေဖြစ်သည်။

**စာကြောင်းပေါ်တွင် မျက်လုံးရွေ့လျားသွား ခြင်းကို အပြေးဟုခေါ်မည်။ ထိုအပြေးနှုန်း တက်လာအောင် လုပ်ဖို့လိုသည်။ သို့ရာတွင် ထိုသို့လုပ်ရန် တစ်ခုတည်းသော နည်းမှာ ရပ် တိုင် မှန်အောင် လေ့ကျင့်ရမည်ဖြစ်သည်။**

မျက်စိ၏ မြင်ကွင်းဘောင်ကို အသုံးချခြင်းအားဖြင့် စာကြောင်း တစ်ကြောင်းပေါ်တွင် ရပ်တိုင်နည်းသွားအောင် လုပ်၍ ရနိုင်ပေသည်။

အရဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

မြင်ကွင်းဘောင် အတွင်း ရောက်လာ သောအရာကို တိုက်ရိုက်မြင်ရ သလို မြင်ကွင်းဘောင် တစ် ဘက်တစ်ချက်မှ အရာများကိုလည်း မြင်နိုင်စွမ်း ရှိပေသည်။

အားကစားသမားကောင်းတို့သည် မြင်ကွင်းဘောင် ကျယ်ကျယ် ရှိကြသည်။ သို့ဆိုလျှင် ထိုလူတွေ စာဖတ်မြန်သူတွေ ဖြစ်နေ ကြ ရော့လား။ မဟုတ်ပါ။ သူတို့မြင်ကွင်းဘောင်ကို အသုံးချတတ် မှသာ စာဖတ်မြန်မည်။

စာဖတ်သိပ်နှေးနေသူများသည် စာလုံးတိုင်းတွင် ရပ်နား တတ်ကြ သည်။ စာဖတ်မြန်သူများကမူ စာကြောင်း တစ် ကြောင်းလျှင် ရပ်တိုင်သုံးခုလောက်သာ ထားသည်။

ယခု ရပ်တိုင်နည်းအောင်လုပ်ပြီး စာဖတ်မြန်စေသောနည်းကို တင်ပြပါမည်။ သို့ရာတွင် ရပ်တိုင်နည်းဖို့ကို ဂရုစိုက်နေရသဖြင့် စာကို ဘာဆိုလိုမှန်းမသိ ဖြစ်သွားလျှင်မူ လေ့ကျင့်ရကျိုး နပ်မည် မဟုတ်။ စာဖတ်တော့ မြန်ပါ၏၊ သို့သော် နားမလည် ဟုဆိုလျှင် အချည်းနှီးပင်။

အောက်တွင်ပေးထားသည့် လေ့ကျင့်ခန်းမှာ ရပ်တိုင် မှန်ကန် အောင် လေ့ကျင့်ဖို့ဖြစ်သည်။ သို့သော် ထိုလေ့ကျင့်ခန်း ကို တစ်သက် လုံးသုံးသွားလျှင်တော့ အကျင့်ပါ၍ ဖျောက်၍ ရမည်မဟုတ်။

လက်ရှိ မိမိဖတ်နေသည့်နည်းမှာ မူလကတည်းက သင် ကြား တတ် မြောက်လာခဲ့သည့်နည်း ဖြစ်သည်။ ယခုနည်းကို စ၍သုံးကြည့် အခါ ပထမတွင် လွယ်ကူအဆင်ပြေမည် မဟုတ်။ အံမဝင် ဂွင်မကျ ဖြစ်ကာအစ ပိုင်း၌ စာဖတ်ပို နှေးသွားလိမ့် မည်။ နောက်ပိုင်း အကျင့်ရလာသည်နှင့် မိမိ၏မူလစာဖတ် နည်းအတိုင်း ပြန်ဖတ်သည့် အခါ ပိုမြန်ပြီးပို နားလည် လာသည်ကို တွေ့ရမည်။

စာဖတ်တော်ချင်လျှင်တော့ အခြေခံကစ၍ လေ့ကျင့် ရပေမည်၊

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

## ရပ်တိုင်ကိုကြည့်

ဤအနက်စက်ကလေးကိုကြည့်ပါ ( ● )။ မျက်စိကိုထိုအနက်စက်ကလေး အပေါ်ထားကာ ကြည့်ရမည်ဖြစ်သည်၊ ယင်းမှာ ရပ်တိုင်ဖြစ်၏။ ထိုအနက်စက် ကလေးကို ကြည့် နေရာမှ ယင်း၏ တစ်ဖက်တစ်ချက်ရှိ စာလုံးများကို မြင်ကွင်း ဘောင်ဖြင့် ကြည့်ပါ။ မျက်လုံးကို နေရာများများ ရွေ့စရာ မလိုတဲ ဖတ်သည့်အကျင့်ရအောင် ပထမ လေ့ကျင့်ခန်းကို လုပ်ကြည့်ပါ။

စာကြောင်းပေါ်တွင် အနက်စက်ကလေး တစ်ခုမှ တစ်ခုသို့ မျက်လုံးကို ရွေ့ကာ ယင်းတို့၏ တစ်ဖက်တစ်ချက်မှ စာလုံးများကို မျက်လုံးမရွေ့ဘဲ ဖတ်သွားပါ။ တစ်စက်တွင် ဖတ်ပြီးတော့ နောက်တစ်စက်ကို ကူးပါ။ သို့ဖြင့် မျက်လုံးသည် စာလုံးများအပေါ် ခုန်ကူးဖြတ်သန်းသည်မိုးမဟုတ်သော စာဖတ်နည်းကို အကျင့်ရလာ လိမ့်မည်။ စမ်းကြည့်ပါဦး။

## လေ့ကျင့်ခန်း (၂)
## 'ကျီးတစ်ကောင်၏ အတ္ထုပ္ပတ္တိ'

ကျီးကန်း ● တစ်ကောင်သည်ပျံသန်း ● လာရင်း ထန်းပင် ●တစ်ပင်ပေါ်ရှိ
ထန်းသီးခိုင် ● တစ်ခိုင်အပေါ်တွင် နားလိုက် ●မိ၏။ ကျီး ●ကန်း ခြေချ ● သည်နှင့် တစ်ပြိုင် ●နက် ထန်းသီး ● တစ်လုံးမှာ ပြုတ်ကျ ●ကြွေဆင်းသွား၏။
ကျီးကန်း●မှာအလန့် ●တကြား ထပျံ ●လိုက်ရင်း အလွန် ●အံ့အားသင့် သွား၏။
သူ ● သည် နက်နက် ● နဲနဲ စဉ်းစား ● နေရင်းဖြင့် အဖြေ ●တစ်ခုကို ဆွဲ●မိကာ အလွန် ●ပီတိဖြစ်သွား၏။

"ကြည့်•စမ်း ငါ့ခန္ဓာကိုယ်•ထဲမှာ ငါကိုယ်တိုင် •တောင် မမှန်းဆ •နိုင်တဲ့ အတွင်းအား •တွေ ကိန်းအောင်းနေ • ပါလား၊

ငါ့ ခြေထောက် •တွေရဲ့ အထိ •အတွေ့ကို ဒီလောက် •အညှာခိုင်တယ်ဆိုတဲ့

ထန်းသီး •တောင်မခံနိုင်ရှာ •ပါလား၊ အင်•မတန် မာကျောတယ် •ဆိုတဲ့ ထန်းသီး •ထဲကို ငါ့ခြေသည်း •တွေ နက်နက်•ရှိုင်းရှိုင်းကြီး နစ်ဝင်သွား •ပုံရ တယ်။ ဒါ• ကြောင့် အညှာလည်း •မခံနိုင်၊ အသီးလည်း ရုပ်ပျက် ဆင်း ပျက်•ဖြစ်ပြီး

ကြွေဆင်းသွား •လိုက်တာ အင်း •လေ သချာ•အောင် ဆင်း•ပြီး စစ်ဆေး •ကြည့်ဦးမှ"

ကျီးကန်း•သည် တရုတ်သိုင်း •ဝတ္ထုများထဲမှ လူစွမ်း ကောင်း•ဟန်မျိုးဖြင့်

ရင်တစ်ချက် •ကော့၍ အသက် ပြင်းပြင်း •ရှုလိုက်ကာ ဝင့်ကြွား •စွာ တောင်ပံ •ခတ်ရင်း အောက်သို့ •တစ်ဟုန် ထိုး ဆင်းချ •သွား၏။

ထန်းပင် •အခြေသို့ ရောက်သော •အခါ သူ့လက်ချက် • မိသွားပြီဟု

(သူယူဆ•နေသော) ထန်းသီး •ကြွေကို အပူ •တပြင်း လိုက်•ရှာ၏။ ထိုစဉ်• ထန်းပင်ပေါ်မှ ကြွေလု• ညှာကျင် နောက်ထပ် •ထန်းသီး တစ်လုံး ပြုတ်ဆင်း• လာပြီး ပစ်မလွဲ •ဒုံးကျည်ဆန်မျိုးဖြင့်

ပစ်မှတ် •ဖြစ်သော အောက်မှ •ကျီးကန်း၏ ခေါင်း ပေါ်သို့ တိုက်ရိုက် •ထိသွား၏။

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

'ထန်းပင် •ပေါ်မှ နောက် •ထပ် ထန်းသီး •တစ်လုံး ကို မည်•သည့် အတွင်းအား •ပိုင်ရှင်က ထပ်မံ •ကြွေဆင်း ခဲ့ သနည်း'
ဟူသော• ပြဿနာကို သေအုံမှုးမှုးအချိန်ထိ ကျီးကန်း• သည် အပြင်း •အထန် စဉ်းစား •သွား၏။

**လူညို**
**ပုံပြင်ဟန်သစ်၊ ကျားသေကိုအသက်သွင်းသူများနှင့်**
**အခြားပုံပြင်များ**
**စာ ၂၅-၂၆**

အနက်စက်တစ်စက်မှ တစ်စက်သို့ လျှန်မြန်စွာ ကူးသွား နိုင်ပါ ရဲ့ လား။ စာတစ်လုံးမှ တစ်လုံးသို့ ကူးသွားသည်မျိုး မဖြစ်ပါ စေနှင့်။ ဘာစာလုံး ဟူ၍ သိရန် စာလုံးကို တိုက်ရိုက် ကြည့်ဖို့မလို။

အနက်စက်ကိုကြည့်၍ဖတ်ရန် နောက်ထပ် လေ့ကျင့်ခန်း တစ်ခုကို လုပ်ကြည့်ပါဦး။ အနက်စက်များကို တဖြည်းဖြည်း လျှော့၍ ထည့် ထားပါသည်။ မျက်စိအကြည့် ခုန်သွားသည့် နှုန်းကို တဖြည်းဖြည်း လျှော့သွားအောင် လေ့ကျင့်ပါ။ စာဖတ် မြန်လာသည်ကို တွေ့ရ လိမ့်မည်။

## လေ့ကျင့်ခန်း (၃)
## ကောက်ရိုးနွယ်

ရပ်•နေသော လယ်ကန်သင်း •ကလေးကို ငုံ့၍ •ကြည့် မိ၏။ ကန်သင်း •ကလေး၏ လက်ဝဲဘက်ချိုင့် •ကလေးတွင် ရေမခန်း •တခန်း ရှိသေး၏။ လက်ယာ •ဘက် လယ်ကွက် ထဲ •တွင်ကား ကောက်ရိတ် •သမားချန်ထား •ခဲ့သော ရိုး

ပြွတ် •ကလေးများ ငိုးတိုး •ငေါက်တောက်ရှိ •၏။ချိုင့်ကလေး •ထဲမှ လူး၍ •တက်လာသော ကန်စွန်း •ရိုးနီ အညွန့် • ကလေးသည် တစ်ဖက် •လယ်ကွင်းထဲသို့ ဆင်းရန် •ကြိုးစား နေ၏။ ကန်စွန်း•ရိုးနီကလေး မရောက်တရောက် •နေရာ မှ ရိုးပြွတ်များကို •လိမ်၍ ပက်ကြားအက်များကို •ကျော်လျက် ပေါက် •သွားသော ကောက်ရိုးနွယ် ကလေး •ကိုမြင်၏။ အတော် •သန်ပုံရ၏။ အရင်း •ဘက်တွင် အရွက်များ •ရင့် လျက် လက်ခွံ •ကြားမှ အပွင့်ကလေး •တစ်ပွင့်ထွက် •နေ ၏။ လက်သန်းဖျား •လောက်ရှိ၏။ အနား •ဖြူ၍ အလယ် တွင် •ခရမ်းရောင်လိုလိုရှိ ၏။ အနွယ်ကလေး •လည်း ရိုးရိုး •ဖြစ်၏။ အရွက်လည်း•ရိုးရိုးဖြစ်၏။ အပွင့် လည်း •ရိုးရိုး ဖြစ်၏။ မြေကြီးကိုတွား၍ •ပေါက်ရ၏။ ပပ်ကြားအပ်များ •အကြားတွင် ပျော် •ရ၏။ သူများတကာ •အပင်တွေ ဝေဝေ •ဆာဆာ ပေါက်၍ လယ်ကွက်ခြောက်မှ •ပေါက်ရ၏။ တော် တော် •အောက်တန်းကျ၏။ သို့သော် •အနွယ်ကလေးမှာ အားလျော့ •ပုံမရ။အညွန့်ကလေး • တစ်ညွှန့်သည် တစ်ထွာ ကျော်ကျော်မျှ •ရှိသော ရိုးပြွတ် •ကလေးကို လိမ်တက်၍ ခေါင်းကလေး •မော်ကာ ဟိတ် ဟန်ထုတ် •နေပုံရ၏။ ၎င်းနှင့် သုံးတောင် •လောက်တွင် မိန်းမပျိုကလေး •တစ်ယောက်သည် ရိုးပြွတ်• ကြားထဲတွင် ငုံ့ကာ •ငုံ့ကာ ကော်ရိုးနွယ် •များကို ရှာ၍• ခူးနေ၏။ အသက် ၁၆နှစ် •လောက်သာရှိ၏။ ထဘီကလေး •ဒူးလောက်ထိ ဝတ် •ထား ၏။ ဆံထုံး နောက်တွဲ •ကလေးထုံး ထား၏။ ခြောက် •တောက်တောက် ဆီနှင့်• ဝေးပုံရ၏။ အကျီကလေးမှာလည်း •လက်မောင်း

စုတ်နေ၏။ ကောက်ရိုးနွယ် ကလေး •ရိုးသလိုရိုး၏။ ကောက်ရိုးနွယ် •ကလေး အောက်ကျသလို• အောက်ကျ ၏။ ကောက်ရိုးနွယ် •ကလေးသည် တပါးအပင်များ •ပေါက် ပြီး လယ်ကွင်းခြောက်မှ •ပေါက်ရသကဲ့သို့ ကလေးမလေး • သည်လည်း သူတစ်ပါး •လက်ဦးစား သူတစ်ပါး•လက်ဦး ယူပြီး အကြွင်းအကျန် ကလေး •များကို လိုက်၍ •ကောက်ရ သူ ဖြစ်၏။ သို့သော် ကောက်ရိုးနွယ် •ကလေးသန် •သလို ထိုမိန်းကလေးလည်း •သန်၏။ ကောက်ရိုးနွယ် •ကလေး ခေါင်းကလေး •ထောင်သလို မိန်းကလေး၏ •ခေါင်းကလေး သည် ထောင် လျက် •ရှိ၏။ ထိုကောက်ရိုးနွယ် •နှင့် ထို မိန်းကလေး •တို့ကား ဘဝ၏ •ညှဉ်းပန်းခြင်းကို ခံနိုင်သူ များ •ဖြစ်၏။ ဘဝ၏ •ဖိစီးခြင်းကို ရုန်းကန်နိုင်သူများ •ဖြစ်၏။ လက်ဦးစား •လက်ဦးပေါက် ရာသီကောင်း •ကိုမှီ၍ ဟန်ပြ •ခဲ့သူများ ပြိုလဲပျက်စီး •ကြသော နွေ •ခေါင် ခေါင် မြေ •ခြောက်ခြောက် တွင် ခေါင်းထောင် •နိုင်သူများ ဖြစ်၏။ ကမ္ဘာ့ •အဆီအနှစ် ကို မစားရ •သော်လည်း ကမ္ဘာနှင့် •ဆိုးတူကောင်းဖက် သွားကြသူများ •ဖြစ်၏။ ၎င်း •အပေါ်က ငွားငွား •စွင့်စွင့် မိုး၍•ဖေါက်လျက် လူတို့ အမြတ်တနိုး •ထားကြသော ကောက် •ပင်များ အဘယ်သို့ •ရောက်ကုန်ကြပြီနည်း။ စာဆိုတော်• ကြီးများ ချီးကျူး•ခဲ့ ကြသော နှင်းဆီ•စံပယ်တို့ အဘယ်သို့• ရောက်ကုန်ကြပြီ နည်း။ ရွှေဘုံ •ရွှေနန်းအတွင်း ရွှေဘီး •ရွှေတံကျင် စိုက်၍ ပန်ကြ •သော ကံ့ကော် •စွယ်တော် သဇင် •ကြက်ရုန်းတို့သည်

အဘယ်သို့ •ရောက်ကုန် ကြပြီနည်း။ ပျောက် •ကုန်ကြပြီ။ ကောက်ရိုးနွယ် •ကလေး ကား ကျန်နေ၏။ အားယူ •နေ၏။

သို့သော် •ကောက်ရိုးနွယ်ကလေး၏ ဂုဏ်အရသာကို •သူတို့မသိကြ။ သတိ •မမူကြ။ မချီးကျူး •ကြ။ ရာသီကောင်း •ခိုကာ ခေါင်းတ •ထောင်ထောင်နှင့် မော်တတ် •ကြွားတတ် ၍ ရာသီဆိုးသည်နှင့် •တစ်ပြိုင်နက် ပြိုလဲ •ပျောက်ပျက် ကုန်သော ပန်း •တို့ကို စာဆိုတော်ကြီး၊ •စာဆိုတော်ငယ်အသီးသီး •တို့သည် ကကြီးမှ အ •အဆုံး သင်ပုန်းကြီး • တစ်ခုလုံး အတွင်းရှိ •အက္ခရာတို့ဖြင့် အမျိုးမျိုး •အဖုံ ဖုံ အထပ်ထပ် •အဖန်ဖန် ဖွဲ့နွဲ့ သီဆို •ကြွေးကြော် ချီးကျူးခဲ့ ကြသော်လည်း မြန်မာစာ •ဟူသမျှတို့၌ ကောက်ရိုးနွယ်ဘွဲ့ •ဒွေးချိုးကလေးတစ်ပုဒ်၊ တေးထပ်ကလေး •တစ်ပုဒ် ရှိဖို့ • မဆိုထားဘိ၊ အမည်ကလေး •မျှဖြင့် စပ်ကာဟပ်ကာ •ရှာမရခဲ့ ဖြစ်ပေသည်။

သို့သော် •ကောက်ရိုးနွယ်ကလေးနှင့် မိန်းကလေး • သည် ၎င်းတို့ •အား မည်သူက •ချီးကျူးကျူး၊ မကျူး •ကျူး သိသိ• မသိသိ ထိုသူတို့၏• မှတ်တမ်းကို အလေး• မမူ၊ ရှင် သီလဝံသ•တို့၊ ရှင်မဟာရဋ္ဌသာရ •တို့၊ တောင်းတွင်းကြီး •ဦးကြော့တို့၊ ရွှေတိုက်စိုး •ဦးတိုးတို့၊ စလေ• ဦးပုညတို့ စာတွေ •ပေတွေ ပုဂံခေတ်မှ• ယခုအထိ ကမ္ဘာအရှည် • တည်ရော့ဟု ထိုးခဲ့သော •ကျောက်ထက် အက္ခရာတွေ သမိုင်း •တွေ၊ မဟာရာဇဝင်တော် •တွေ၊ ရွှေနားတော်သွင်း• ဧချင်းတွေ၊ ပျောက်ပ • ကုန်သော်လည်း ၎င်းတို့ •ကား

အရှုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

ပျောက်ပ •တိမ်မြုပ်ခြင်းမရှိဘဲ လယ်ကန်သင်း•ဘေး
ပပ်ကြားအက် •အကြား တွင် ပျော်ပျော် •ပါးပါးကြီး
တည်၍သွားကြမည် •ဖြစ်သတည်း။

**ဇေယျ**
**မြန်မာစကားပြေရွေးချယ်ချက်**
**စာ ၁၁၈-၁၂၀**

အထက်လေ့ကျင့်ခန်းကို လုပ်သည့်အခါ ခိုးလိုးခုလုတော့ ဖြစ်မည်။ သို့သော် ဘာမဆို အစတွင် ထိုအတိုင်းချည်းပင် မဟုတ်လား။ နောက်ထပ် လေ့ကျင့်ခန်းတစ်ခုကို ထပ်လုပ် ကြည့်ပါဦး။ ရပ်တိုင်များကို မိမိဘာသာ သင့်သလို သတ်မှတ်၍ ဖတ်သွားပါ။ ဖတ်သွားရင်း နောက်ပိုင်းရောက်လေ ရပ်တိုင် များကို တစ်ခုနှင့်တစ်ခု ခွဲကာဝေးသွားပါစေ။ ယင်းကို တစ်ကြိမ်၊နှစ်ကြိမ် ပြန်ဖတ်ကြည့်ပါ။ ထိုအခါ စာတွင်ပါသည့် စာတွေထက် မိမိမျက်လုံး မည်သို့ထား၍ ဖတ်သွားရမည်ကို သိလာလိမ့်မည်။

## လေ့ကျင့်ခန်း - ၄
## 'ထားဝယ်လုံချည်'

မိုးကလေးက တစိမ့်စိမ့်။ အနောက်လေ ရမ်းငွေ့ သဖြင့် မိုးပေါက်သည် တစ်ခါတစ်ခါ ကြီးမားလာပြီးလျှင် ဓနိမိုး၊ ဓနိကာအိမ်များကို တဖြန်းဖြန်းနှင့် ရိုက်၏။ မြင်းပန်းထိမ် လင်မယားအိမ်ရှေ့ရှိ ပိတောက်ပင်အိုကြီးမှာ တစ်ချက် တစ်ချက် သိမ့်သိမ့်ခါသွားသည်။

မြင်းပန်းထိမ်ဟုခေါ်ရခြင်း အကြောင်းရင်းကား ပန်းထိမ်လုပ်ရင်း မြင်းမွေးသောကြောင့်တည်း။ ပိန်ချုံးချိနဲ့သော

မြင်းကို ညနေတိုင်း ကွင်းတန်းနှင့် ကမ်းနားလမ်း တစ်လျှောက် ပတ်၍ တက်စီးမောင်းနှင်တတ်သော အလေ့အထကြောင့် လည်းကောင်း၊ နေ့ကျွက်စီ ညကျွက်စီ လင်မယားရန်ဖြစ်တမ်း အချစ်စမ်းကြသော အမူအကျင့်ကြောင့်လည်းကောင်း၊ မြင်းပန်းထိမ်ဟု ဆိုရလျှင် နှံ့စပ်အောင် မလုပ်တတ်သေးသော ငခွေးက အစသိသည်။

ထိုနေ့တစ်နေ့လုံး မိုးတဖွဲဖွဲနှင့် မစဲနိုင်ရှိချေသည်။ မြင်း ပန်းထိမ် မိန်းမလည်း ဈေးပိတ်ပြီဖြစ်၍ ရောင်းပြီး လက်ကျန် ဥယျာဉ်ကွမ်းများနှင့် အလေး၊ တောင်းတို့ကို ရွက်ကာ ဦးခေါင်း မော့မော့၊ ရင်ကိုကော့ကော့နှင့် အိမ်သို့ပြန်လာလေသည်။ လင်သည်မောင်ကား မျက်မှန်နက်ကြီးကို နဖူးပေါ်တင်၍ မယားလာသည့်လမ်းကို မျှော်ကာ စောင့်စားလင့်၏။ ဇနီးသည် လည်း ကြော့ကြော့ ကြော့ကြော့နှင့်ပေါက်လာပြီးလျှင် အိမ် ပေါ်သို့တက်လေသည်။ ထိုမြင်းပန်းထိမ်လည်း ဘယ်လင်ငယ့် အိမ်ဝင်နေလို့သည်လောက်ကြာရတာလဲ ဟင်. . . ဗိုင်းဒါမ ဟု ဆီးကြို၍ ပဋိသန္ဓာရပြု၏။

တော်ကျုပ်ကို သည်လိုမပြောနှင့် သိရဲ့လား။ တစ်နေ့လုံး ရှာရတာ ဖတ်ဖတ်မောလို့၊ ရှင့် ပန်းထိမ်ကို ဘယ်သူလာအပ် သလဲလို့၊ ကဲ. . . ပြောစမ်း။ ရှင့် လုပ်စာဘာများစားရသလဲလို့၊ ကဲ. . . ဆိုစမ်း။ ကျုပ်လိုဟာမျိုး ထမင်းထုပ်နှင့် လည်ရှာစမ်း ပါတော်။ အကြောင်းသိရအောင် ဘယ်သူအနွံ့အတာခံပြီး ရှာကျွေးမလဲ ဟင်။ ဒါနှင့်တောင်မှ တောင်ပြောမြောက်ပြော နှင့် ကျုပ်ကို ဘယ်လိုအစား မှတ်သလဲ။

ကရားမှ ရေယိုကျဘိသကဲ့သို့ တဖွဖွနှင့် ချက်ကျ

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

အောင် ပြောလိုက်သော မယား၏ စကားရပ်တို့ကို စိတ်ရှည် လက်ရှည် နားထောင်ပြီးသည်၏ အန္တိမအဆုံး၌ လင်သည် မောင်သည် ကောင်းချီးဩဘာ ထောမနာပေးသော အားဖြင့် ဖိနပ်ချွတ်သို့ လှမ်းရန်အားယူနေသော ဇနီးသည်ကို ကန်ချ လိုက်လေ၏။

မိန်းမသည် လှေကားရင်းတွင် အခွေသား ပုံလျက် လဲ၏။ ခေါင်းခုမှာလည်း ထိုနည်းလည်းကောင်း ၊ အလေး တောင်းမှာ လည်း ထိုနည်းအတူ။ ချိန်ခွင်ကြီးမှာလည်း ထိုကဲ့သို့။ ကွမ်းရွက် တို့ကား ပြန့်ကြဲလျက်။

အနောက်လေရမ်းသည် ကသောကမြောနှင့် ရွာရိုးကို စွတ်၍ ဝင်လာ ပြန်လေသည်။ ပိတောက်ပင်ကြီးမှာကား ယိုယွင်းသော ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင် ဟန်တား ရရှာ သည်။ မိုးလည်းပို၍ သည်းလာ၏။ မြင်းပန်းထိမ် မိန်းမသည် ကြောက်အားလန့်အားနှင့် အလူးအလဲထသည်။ ခေါင်းခုမှာမူ လေယူရာသို့ တွန့်တွန့်လူးကာ ပါသွားလေ သည်။ အလေး တောင်းကြီးမှာလည်း အလေးတို့ကို ထား ခဲ့၍ လေနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွား သည်။ ချိန်ခွင်ကြီးကား တစ်လှမ်းနှစ်လှမ်းခန့် မိမိကိုယ်ကို အနိုင်နိုင်သယ်ပြီးမှ မဟန် နိုင်သောကြောင့် ကုက္ကိုပင်ပေါက် ကလေးကိုမှီရင်း ငြိမ်သက်စွာ နားနေ လိုက်သည်။ စဥ့်အိုးကွဲ အလေးတိုက်ထားသော နှစ်ကျပ်ခွဲလေး၊ ဆယ်လေး စသည် တို့နှင့် သံလေးငါးဆယ်သား၊ ပိဿာလေးတို့မှာ ရာဇအိန္ဒြေ မပျက်။ ပပထူမှ ထမယ်လေး ....ဟူသော သန္နိဋ္ဌာန်ဖြင့် ဖြုံမှုပင်မဖြုံ။

ပပနှင့် မတူလှစွာသော မြင်းပန်းထိမ် မိန်းမလည်း အလေးရှိရာသို့ ချဉ်း၍ ထူအံ့သောငှာ အားထုတ်၏။ ဒေါသပုံ ခင်း၍လာသော အမွှန်မောင်ကို ဖက်ပြိုင်၍ အန်တုလိုသော မြင်းပန်းထိမ် ဆရာကြီးကား ဖိနပ်ချွတ်မှ လွှားကနဲခုန်ဆင်း၍ အကြင်သို့သော မယ်ပပ၏ ဆီချေး တစ်ဆယ့်လေးသစ် တက်နေသော ကုတ်ပိုးကို နှိပ်ခွစီးပြီးလျှင် ပါးကိုရိုက်လတ္တံ့ဟု ရွယ်၏။ ဆရာကြီး၏ နဖူးပေါ်တွင် အတင့်အတယ် စံပယ်လျက်ရှိသော မျက်မှန်နက်ကြီးသည်လည်း မိမိ၏ ဇာတိချက်မြှုပ်ဖြစ်သော နှာရိုးပေါ်သို့ ဆင်းသက်လိုက်၏။ ထိုအခါမှ ဆရာကြီးသည် သတိရ၍ မိန်းမ၏ဇက်ကို ဒူးနှစ်လုံးဖြင့် ခေတ္တညှပ် ပြီးလျှင် လက်တစ်ဘက်ဖြင့် မျက်မှန်ကိုချွတ်၊ တစ်ဖက်ဖြင့် အင်္ကျီအိတ် မှ မျက်မှန်အိတ်ကိုနှိုက်၊ ကျနသေသပ်စွာ မျက်မှန်ကို အိမ်သွင်း ပြီးလတ်သော် အင်္ကျီအိတ်ထဲသို့ ပြန်ထည့်၏။ ထိုမျှလောက် သော အတောအတွင်းကလေးတွင် ပြားပြားပိနေသော မိန်းမ သည် အောက်မှနေ၍ တအားကုန်ဆောင့်လိုက်ရာ ယောက်ျား ဖြစ်သူသည် ပက်လက်လန်လဲလေသည်။

မိန်းမလည်း လွတ်သည်နှင့်တပြိုင်နက် အင်္ကျီလက်ကို ပင့်၏။ ကြည့်စမ်း၊ကြည့်စမ်း၊ ရှင်ဘာအငြိုးနဲ့ သည်လိုလုပ်တာ လဲဟင်ဟု တစ်ခွန်း ပြော၏။ ထဘီတိုကို ပြင်ဝတ်၏။ ကျုပ်ကို စမ်းတာလားဟု တစ်ခွန်းပြော လိုက်၏။ ပြေကျသောဆံပင်ကို ကပျာကသီ ရစ်ပတ်လိုက်၏။ ဘယ်လို အစားမှတ်သလဲဟု တတိယမ္ပိသုံးကြိမ် မမြောက်တမြောက် ထ၍အတွန့်တွင် မြင်း ပန်းထိမ် ဆရာကြီးသည် အစင်းသား

လဲနေသော ကြိယာ ပုတ်မှ မတ်မတ်နေသော ကြိယာပုတ်သို့ ရုတ်ချည်းပြောင်းလဲ လိုက်ပြီးလျှင် ချစ်လှစွာသော ဇနီးသည်၏ ပါးပြင်ကို ဖြောင်း ဖြောင်းမည်အောင် တီးလိုက်လေသည်။

အမယ်လေးတော်၊ လုပ်ကြပါဦး . . . ဟူသော စူးရှသောအသံကြီးသည်အနောက်လေရမ်းပင့်ရာသို့အလံလေးဆယ်၊ လယ်တစ်ခွက်ခန့် ပါသွားပြီးမှ မိုးသက်လေသက်တို့နှင့် ရောနှောကာ ပျောက် ပျက်သွားလေသည်။

အိမ်နီးပါးချင်းတို့သည် ထိုအသံကို ကြားကြကုန်၏။ သို့သော်မည်သူမျှ ဆင်းမလာကြ။ ခြေရင်းခေါင်းရင်းနှင့် အိမ်ရှေ့အိမ်များမှ အိမ်သားတို့ကား လင်မယားရန် ဖြစ်သည်ကို အိန္ဒြေရရနှင့် ရှုစားလျက်ရှိကြကုန်၏။ ကူညီ ဖျန်ဖြေရန်ကား မည်သူမျှစိတ်မကူး။

မြင်းပန်းထိမ်လည်း ပါးကိုအရိုက် ချစ်ဇနီးအငိုက်တွင် မလဲအောင် မှီရာလှမ်းဆွဲလိုက်ရာ ပြေကျနေသော ဆံပင်များ တစ်ပြုံတစ်ခေါင်းကြီး သူ၏လက်ထဲတွင် ပါလာလေ၏။ ပါလာသမျှ ဆံပင်တို့ကို တင်းကျပ်နိုင် သမျှ တင်းကျပ်စွာ လက်တွင်အထပ်ထပ်ရစ်ပတ်၍ ခိုင်မခိုင် နှစ် ချက်သုံးချက်ခန့် တုပ်ဆွဲစမ်းသပ်ပြီးမှ အိမ်ပေါ်သို့ ချစ်ဇနီး အားဆွဲတင်၏။ အိမ်ပေါ်ရောက်သော် ထရံတွင် ညှပ်ထား သော လိပ်ကျောက်မြီးကို အားသော လက်တစ်ဖက်ဖြင့် လှမ်း ဆွဲပြီးလျှင် အဘယ်မယားအား ကျောတစ်ရာ ရင်တစ်ရာ ခတ်၏၊ ပြီးလတ်သော် မြိုင်ရပ်နှင့်ရန်ကျန်ပေသေး ရကား ဇနီးသည်၏ ဆံပင်ကို ဆွဲလျက်နှင့်ပင် လှေကားကို

သုံးထစ် လျှင် တစ်လှမ်းကျလှမ်း၍ ဆင်းပြန်ပြီးသော လမ်းမ တစ် လျှောက် ဒရွတ်ပါအောင် ဆွဲငင်သွားလေ၏။

ထိုအတွင်း လျှက်သည်ပြက်၏။ တောင်အရပ်ဆီမှ မိုးသည်ချုန်း၏။ သိကြားမင်းကြီးရဲ့ ကြည့်နေရက်တော့ မလားဟု နှာသံပါပါနှင့် တအားကုန်ညည်းစ် ထုတ်လိုက်သော မြင်းပန်းထိမ်မိန်းမ၏ အသံသည် မိုးခြိမ်းသံကိုအဖော်ပြုကာ စကြာဝဠာတံတိုင်းသို့ လိုက်ပါသွားဘိ၏။

ဤအချင်းအရာတို့ကို သိကြားမင်းကြီးသည် မိမိ၏ ဣန္ဒြိ ပါဒ် တန်ခိုးဖြင့် မြင်နိုင်ပေမည်။ မြင်လျှက်နှင့် ရှုစိမ့်နိုင်ပါဦး မည်လော။ သိကြားသာသနာရောက်ခါနီး သိကြား စွမ်းပြချင် သည်မှာ တရွရွဖြစ်နေသည့်အထဲ ဤမလျော်သော အမှုကို လျစ်လျူပြုနိုင်အံ့လော။

ပန်းထိမ်လင်မယားတို့ ထွေးလုံးရစ်ပတ်နှင့် လေးထပ် ကျောင်းလမ်းထိပ်သို့ ရောက်လုနီးသည်နှင့်တစ်ပြိုင်နက် လက် တစ်ဖက်ကား လောက်လေး၊ လက်တစ်ဖက်ကား ခမောက်ကို ဆွဲကိုင်လျက် ခါးပိုက်ထောင်တွင် လောက်စာလုံး အပြည့်နှင့် ကိုယ်ရောင် ကိုယ်ဝါ မဲမှောင်စွာ ထွက်ပေါ် လာသည်ကား သိကြားမင်းထင့်။

ဟုတ်ပေလိမ့်မည်။ သိကြားမင်း လူယောင်ဖန်ဆင်း၍ လူ့ပြည်သို့ သက်ဆင်းခြင်းဖြစ်ရပေမည်။ သို့သော် အသေ အချာ ရှုစမ်းပါရစေဦး။ သိကြားမင်းက ဘယ်သူနဲ့တူ သလိုလို ရှိလိုက်ပါဘိ။ အလို၊ လက်စသတ်တော့ ကိုဒေါင်း ပါကလား ကရို့။

မဟုတ်လျှင် မခံတတ် ၊ မတော်သည်ကို တွေ့လျှင်

မနေ တတ်သော ကိုဒေါင်းမှာ မိန်းမသား အားနွဲ့သူအား ထိုသို့ စော်ကား နှိပ်စက်သည်ကိုမြင်လျှင် အူရောအသည်း ပါ ကျွမ်း သန္တာလန်ကာ လှိုက်လှိုက်လှဲလှဲဖြစ်အောင် စိတ်ဆာ သွားလေ သည်။ အူထဲမှ လိမ့်၍တက်လာသော မခံချင်စိတ် သည် အထက်လျှံပြီးသကာလ လက်ဖျားသို့ ရောက်အောင် ဝေကျ လာလေရကား လက်ယားလာ လေသည်။ ထိုယား လာသော လက်တစ်ဖက်သည် လောက်လေးကို အဆင်သင့် ကိုင်ပြီး ဖြစ်လေရာ ကိုဒေါင်းသည် သိကြားမင်းတို့၏ အဆောင် အယောင်ဖြစ်သော မကိုဋ္ဌ်အစား ခမောက်ကို ခေါင်းပေါ်တွင် မာန်ပါပါနှင့် အသာတင်၊ မိုးကြိုးသွားတည်း ဟူသော လောက် စာလုံးကိုနှိုက်၊ ဝရဇိန်လက်နက် တည်းဟူ သော လေးကိုင၊ ဘယ်ခြေကို ရှေ့ထား ညာခြေဖြင့် ကိုယ်ကိုမတ်ပြီးလျှင် မိုးကြိုးသွားကို အားကုန်လွှတ်၏။

'ဒေါင်' ဟူ၍ ကုလားတက်ခေါက်သံထက် ပြင်းအောင် မြည်သောအသံ၏ အဆုံးတွင် ပန်းတိမ်ဆရာမှာ မယားကို လွှတ်၍ နားထင်ကို လက်ဖြင့်အုပ်ကာ အိမ်ပေါ်သို့ကသုတ် ကရုတ် တက်ပြေးလေ၏။ ကိုဒေါင်းလည်း ကျောင်းလမ်း ထိပ်သို့ ခပ်သုတ်သုတ်ချိုးပြီးသော် ပန်းထိမ်ဆရာ၏ အိမ်ရှေ့ တည့် တည့်မှနေ၍ အိမ်တွင်းထရံကို ဖုံးဖုံးမြည်အောင် လေးနှင့် ပစ်၏။ ထို့နောက် နောက်ဆုံးတစ်ချက်ပဲဟု စိတ် တွင်ရည် မှတ်၍ လောက်စာလုံးတစ်လုံးကို အနှိုက် နောက်မှ နေ၍ လူတစ်ယောက်သည် နှိုက်သောလက်ကို တုပ်ဆွဲ လိုက်သော ကြောင့် လှည့်ကြည့်မိရာ မြင်းပန်းထိမ်ဆရာ ကတော်သည် အကြည့်ခံရသူတိုင်း လောင်ကျွမ်းပြာကျသွား

လောက်အောင် မီးလျှံကဲ့သို့တောက်ပပူပြင်းသော မျက်လုံးများဖြင့် မိမိကို ကြည့်ကာ - ရှင် ကျွန်မလင်ကို ဘယ်လိုလုပ်လိုက်သလဲ ဟင်။ မခံဘူးတော့ -မခံဘူး။ လာ၊ ဂတ်သွားတိုင်မယ်ဟု ပြောဆိုကာ လက်ကို အတွင်းသားဆွဲ၍ ခေါ်နေသည်ကို တွေ့ရလေ၏။

ကိုဒေါင်းသည် မင်သက်မိသွား၏။ လက်ဖျစ် တတွတ်၊ လျှပ်တပြတ် အတွင်းတွင် ကိုဒေါင်း၏ ရုပ်နှင့်နာမ်ဓာတ်တို့သည် အကြင်လင်မယား အဖြစ်မှ ယာယီပြတ်စဲသွားလေသည်။ ထိုရုပ်နှင့်နာမ်တို့ ယတြာကျေ၍ ပြန်ပေါင်း အထုပ်တွင် ကိုဒေါင်း၏ သုံးဆယ့်နှစ်ကောဋ္ဌာသတို့မှာ ဖွဲ့စည်းခြင်းအာပေါ ၏အရှိန်ကို မခံမရပ်နိုင်သောကြောင့် တသိမ့်သိမ့် တုန်လှုပ် သွားလေ၏။ သတိကို ဖြစ်စေလတ်သော် ကိုဒေါင်းတည်း ဟူသော သိကြားယောင်မှာ လေးကန့်လန့်နှင့် မြင်းပန်းထိမ် ဆရာကတော် ဆွဲခေါ်ရာသို့ လိုက်ပါနေရသည်၏ အဖြစ်ကို ဝမ်းနည်းစွာတွေ့ မြင်ရလေသတည်း။

ကိုဒေါင်းကား ရှုန်းရန်သတိမရ။ လွှတ်ပါဟု ပြောရန်လည်း မတွေးမိ။ ဘာ့ကြောင့်ဆွဲရသလဲဟု မေးရန်မျှပင် စိတ်မကူး။ ဆုတ်ကန် ဆုတ်ကန်နှင့် ပါသွားတော့သည်။

ဂတ်တဲသို့ရောက်၏။ ပုလိပ်သားများ ဝိုင်းလာ၏။ အသိလိုလို စာသင်တစ်ယောက်က ဘာဖြစ်တာလဲ - ဟု မိမိကို မေးလိုက်သလား မပြောတတ်။ မိမိလည်း ပြန်ပြောလိုက်၏။ ဘာပြောလိုက်သည် မသိ။ ရာဇဝတ်အုပ်မင်းလည်း အပါးသို့ ရောက်လာ၏။ မြင်းပန်းထိမ် မိန်းမနှင့် အမေးအဖြေပြု၏။ မြင်းပန်းထိမ်မိန်းမ အသံချည်းပင်။

ဘာများပြောကြသလဲ မဆိုနိုင်။ ရာဇဝတ်အုပ်မင်းကား ခေါင်းတညိတ်ညိတ်နှင့်။ ထိုအတွင်း လူစုလူဝေးလည်း ထုထည်ကြီးမားလာသည်။ ကြီးမားသော လူစုလူဝေးတည်း ဟူသော အဏ္ဏဝါပြင်ကျယ်တွင် ကိုဒေါင်းသည် စုံးစုံးမြုပ်၍ နစ်နေသည်။ မွန်းလှချည်ဟု အောက်မေ့နေရင်း ရာဇဝတ်အုပ်မင်း၏ လက်သည် မိမိပခုံးအား ချစ်ကျွမ်းဝင်ယောင်ပြုသည်ကို သတိထားလိုက်မိ ၏။

ကဲ၊ မင်းဘယ်နှယ် လုပ်လိုက်တာလဲကွဲ့ မောင်ဒေါင်းရဲ့၊ စကားမများနှင့်ကွာ ငွေငါးကျပ်ရှာယူခဲ့ဟု ရာဇဝတ်အုပ်မင်း သည် ဗျာဒိတ်တော်မြတ်ခတ်နှိပ်ပြီးလျှင် လူထုကြီးကို ခွဲလိုက်၏။

အနောက်ဘက်တခွင်တွင် မိုးသားရိပ်တို့မှာ လိပ်၍ လိပ်၍တက် နေသည်။ သချိုင်းကုန်းဘက်ရှိ သစ်ပင် ဝါး ပင်တို့မှာ မည်းမည်း မည်းမည်း နှင့် တောင်နွဲ့မြောက်ယိမ်း ကတိမ်းကပါးဖြစ်နေကြသည်။ သစ်ရိပ် ဝါးရိပ် မိုးရိပ် လေရိပ်တို့မှာ ကိုဒေါင်း၏ နှလုံးသားထဲသို့ ချဉ်းနင်းဝင် ရောက်ကာ ကလိချင်တိုင်းကလိ၍ နေကြကုန်၏။ ဤသို့ ကလိခြင်းကို ခိုင်မာသောစိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံပြီးလျှင် လေးကန်လှသော ခြေတို့ကို ပင်ပန်းနွမ်းရိစွာ သယ်ယူ၍ ကိုဒေါင်းသည် ဦးခေါင်းငိုက်စိုက်ဖြင့် အိမ်သို့ပြန်လေ၏။

အနောက်ဘက်တခွင်မှ မိုးကလေးများ ညို၍ညို၍ လာတိုင်း လာတိုင်း ကိုဒေါင်းသည် သူ့ မမဝယ်ပေးသော တစ်ခါဝတ်ပြီး ထားဝယ် လုံချည် ကလေးကို ငွေ ၆ကျပ်ဖြင့် ထုံရိပ်အပေါင်ဆိုင်တွင် အဆုံးခံလိုက် ရသည်ကို ပြေးပြီး

အမှတ် ရသဖြင့် ယခုတိုင်ပင်လျှင် စုတ်တသတ်သတ် ဖြစ်မိ သေး သတည်း။

မောင်ထင်
မြန်မာစကားပြေရွေးချယ်ချက်
စာ ၁၃၆-၁၄၄

စာတစ်ကြောင်းတွင် မျက်လုံးရပ်နားသည့်နေရာ နည်း အောင် လေ့ကျင့်သွားရန် အရေးကြီးသည်။ ရပ်တိုင်ကို မလျှော့နိုင်လျှင်တော့ စာဖတ် မြန်လာရန် အကြောင်းမမြင်။

## စကားလုံးတွဲများ

ရပ်တိုင်အပြင် **စကားလုံးတွဲ** ဆိုသည်ကိုလည်း သိထားဖို့ လိုပါသည်။ စကားလုံးတွဲဆိုသည်မှာ စကားလုံးများကို တစ်လုံးချင်း မကြည့်ဘဲ အတွဲလိုက် မြင်တတ်ဖို့ကို ဆိုလိုသည်။ အချို့စကားလုံး များသည် တစ်လုံးချင်းဖတ်နေလျှင် စာဖတ်နှေးသွားတတ်သည်။

"မိုးတိမ်ကင်းစင်သော နေ့တစ်နေ့တွင် ကျေးငှက်သ ရကာတို့ မြူးတူး ကြကုန်၏။"

ဟူသောဝါကျကို တစ်လုံးချင်း "မိုး-တိမ်-ကင်း-စင်-သော-နေ့-တစ်-နေ့-တွင်- ကျေး-ငှက်-သာ-ရ -ကာ-တို့-မြူး-တူး-ကြ-ကုန်-၏" ဟု ဖတ်ကြည့်ပါ။ ဤတွင် "မိုးတိမ် ကင်းစင်သော" သည် သဒ္ဒါအရ နာမဝိသေသန ပုဒ်စုဖြစ်သည်။ "နေ့တစ်နေ့"မှာ နာမ်ပုဒ်စုဖြစ်သည်။ "ကျေးငှက်သာရကာ" မှာ လည်း နာမ်ပုဒ်စု ဖြစ်သည်။ "မြူးတူးကြကုန်၏" မှာ ကြိယာပုဒ်စုဖြစ်၏။ ယင်းတို့ မှာ ယူနစ်ခေါ် အစု ကလေးများ ဖြစ်သည်။

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

စာဖတ်ကျွမ်းသူတို့သည် "၍-သော-တွင်-တို့-သည်-၏-နှင့်" အစ ရှိသည့် ပုဒ်ဆက်၊ ဝိဘတ်တို့နှင့်တွဲသော စကားစုတွေကို အတွဲလိုက် ဖတ်သွားကြခြင်း ဖြစ်သည်။

## လေ့ကျင့်ခန်း (၅)

အောက်ပါ လေ့ကျင့်ခန်းကို လုပ်ကြည့်ပါဦး။ ဖတ်သွား ရင်း စကားလုံးအတွဲများကို မျဉ်းစောင်းဖြင့် ခြားသွားပါ။ ပထမဝါကျ နှစ်ကြောင်းကို နမူနာ လုပ်ပြထားသည်။ စကား လုံးတွဲများအလိုက် ဖတ်ခြင်းမှာ အထက်က 'ရပ်တိုင်' လေ့ကျင့် ခန်းနှင့် ဆက်နွယ်မှု ရှိပါသည်။ ရပ်တိုင်နည်းလာလေ စာဖတ် မြန်လာလေဖြစ်ပြီး စကားလုံး ကို များများတွဲနိုင်လေ စာဖတ် ချော၍ မြန်လာလေဖြစ်မည်။ ထို နှစ်ချက်အနက် တစ်ချက် လစ်ချက်လစ်ဟင်းသည်နှင့်ပွဲမပါသော လေ့ကျင့်သို့ လိုရာ မရောက်နိုင်တော့။ ရပ်တိုင်တော့ နည်းပါသည်၊ သို့သော် စကား လုံးတွဲက မကြီးလျှင် အချို့စကားလုံးများ မဖတ်မိဘဲ ကျန်ခဲ့ နိုင်သည်။

### 'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' (၁)

မည်မျှ ကြာအောင် /သတိမေ့မြောနေသည်/မသိ။

သူ့တစ်ကိုယ်လုံးသည်/နာကျင်လျက် ရှိသည်။ ရင်ထဲ တွင် တလှပ်လှပ် ခံစားရသည်။ ခေါင်းက တရိပ်ရိပ်မူး သည်။ ခြေလက်တို့ကို မသယ်ချင်တော့။ သယ်လည်း မသယ်နိုင်တော့။ ရင်ညွန့်ထဲမှာ မီးစကြီး ထိုးထားသလို ပူနေသည်။ ပါးစပ်မှာ စေးထန်းနေသည်။ သူသည် တံတွေး

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

ကို မျိုချ၏။ မျိုချ၍ မရ။ သူ့ပါးစပ်ထဲတွင် တံတွေးပင် မရှိတော့။ ခန်းခြောက်နေလေပြီ။

သူသည်ခေါင်းကိုထောင်ကြည့်၏။ ခေါင်းထောင်၍ မရ။ ခေါင်းထူလိုက်သည်နှင့် တစ်ပြိုင်နက် အရုပ်ကြိုးကြိုးဖြတ်ချ လိုက်သလို မြေကြီးပေါ်ပြန်ကျသွားသည်။ စိတ်မကျေနပ် သဖြင့် လက်တွေကို လှုပ်ကြည့်သည်။ လက်ကလည်း ကောင်း ကောင်း လှုပ်၍မရ။ လှုပ်လိုက်သည်နှင့် သူ့လက်တံသည် ငှက်ပျောခွံဖတ်ကြီး ကွာကျသလို အောက်သို့ပြန်ကျသွားသည်။ ခြေထောက်တွေကကော။ ခြေထောက်ကို လှုပ်ကြည့်တော့ လည်း မရ။ နာကျင်ကိုက်ခဲနေသည်။ ခါးတွေ ကျောတွေက လည်း အောင့်နေသည်။ တစ်ကိုယ်လုံး စပ်ဖျင်းဖျင်း ဖြစ်နေ သည်။ ပွန်းပဲ့ထားသည့် ဒဏ်ရာတွေ တစ်ကိုယ်လုံးပြည့် နေသည်။ ခြေဖမိုး၊ ခြေသလုံး၊ ဒူး၊ တင်ပါး၊ ရင်ဘတ်၊ လက်မောင်း၊ တံတောင် ဆစ်၊ ပခုံး၊ ဦးခေါင်း။

သူသည် အင့်ကနဲညည်းကာ မျက်စိကိုဖွင့်ကြည့်သည်။ လင်းထိန်သော အလင်းရောင်သည် စူးကနဲဝင်လာသည်။ မျက်လုံးကို ကြာကြာဖွင့်ကြည့်၍ မရ။သူ့မျက်ခွံကြောများက တင်းနေသည်။ စူးရှလွန်းသော အလင်းရောင်ကြောင့် သူ့မျက်လုံးများသည် အလိုလိုပြန်မှိတ်သွားကြသည်။

သူ့ခန္ဓာကိုယ်ထဲတွင် ခွန်အားဆို၍ တစ်စက်မျှ မရှိတော့ဟု သူထင်သည်။ သူ့နားထဲတွင် ဆူညံသော အသံ များကို ကြားရသလိုလိုလည်း ထင်သည်။ သို့ရာတွင် မည်သည့် အသံများ ဆိုသည်ကို မသိ။ စက်ခုတ်သံလော၊ မိုးသက်

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

မုန့်တိုင်း ပြင်းစွာတိုက်ခတ်သံလော၊ လှိုင်းပုတ်သံလော၊ အထောင် အသောင်းသော ကျည်ဆံတို့ ပေါက်ကွဲနေသံလော။ မည်သည့် အသံမှန်း သူခွဲခြား၍ မရ။

သူ့နားများထဲက လေတဟူးဟူး ထွက်နေသည်။ မြွေ အကောင်ပေါင်းများစွာတို့ အနီးတွင် ကပ်၍တွန်နေကြသည့် နှယ်။ နားထဲတွင် တရှီရှီမြည်နေသည်။

မည်သည့်နေရာကို ရောက်နေသနည်း။

သူသည် အတတ်နိုင်ဆုံးကြိုးစား၍ ဦးနှောက်ကို အလုပ် လုပ်ခိုင်း၏။ သို့ရာတွင် သူ၏ဦးနှောက်သည် ပုံမှန် အလုပ် မလုပ်တော့။ ကျန်းမာသန်စွမ်း သူတစ်ဦး၏ ဦးနှောက်သည် တစ်ခုခု ပေါ်တွင်ကျရောက်နေသော အာရုံကို အခြားအရာ ဝတ္ထု တစ်ခုဆီသို့ ရောက်အောင် ဒက်ခနဲ ပို့ဆောင်ပေးနိုင်စွမ်း ရှိ၏။ ရှည်ဝေးသော အတိတ်တွင် ကျက်စားလျက် ရှိရာမှ မျက်မှောက် ပစ္စုပ္ပန် ဘဝသို့ ပြောင်းသွားအောင် အာရုံကို စေခိုင်းနိုင်သော အစွမ်းသတ္တိ ရှိ၏။ ပစ္စုပ္ပန်ဘဝမှ အတိတ်ဆီ သို့လည်း ချက်ချင်းပြန်ပြောင်း တွေးတောနိုင်စွမ်း ရှိ၏။ ယခု သူ့တွင်မူကား အတိတ်ကို တွေးတောနိုင်စွမ်းလည်း မရှိ။ မျက်မှောက်ကို တွေးတော နိုင်စွမ်းလည်း မရှိ။ နေရာဌာန ကိုလည်း သိနိုင်စွမ်းမရှိ။

တစ်ခုတော့ ရှိသည်။ သူ့တစ်ကိုယ်လုံး နာကျင်နေမှန်းကို တော့ သူသိသည်။ ကိုက်ခဲနေမှန်းကိုတော့ သိသည်။ အလွန် အမင်း မောပန်းနွမ်းဟိုက် နေမှန်းကိုတော့သိသည်။ ထို့ထက် သူ ဘာမျှပို၍မသိ။ စဉ်းစား၍မရ။

သည်နေရာ၌ သူ မည်မျှကြာကြာ မေ့မြောနေခဲ့ပြီ

နည်း။ သူ မေ့မြောလဲကျနေစဉ်အတွင်း၌ စကြာဝဠာ၏ နာရီကြီးဟု ဆိုကြသော နေမင်းကြီးသည် ဘယ်နှစ်ကြိမ် ထွက်၍ ဘယ်နှစ် ကြိမ် ဝင်ပြီနည်း။ ဤသည်ကို သူ မသိ။

သူ့မှတ်ဉာဏ်၌နေရာအမှတ်အသား ပျောက်နေသည်။ ကမ္ဘာမြေကြီး ၏ မည်သည့်အစိတ်အပိုင်းတွင် သူ ရောက်နေသနည်း။ မြောက်ဘက်ခြမ်းလော၊ တောင်ဘက်ခြမ်းလော၊ အရှေ့ဘက်ခြမ်းလော၊ အနောက်ဘက်ခြမ်း လော။ သူ မသိ။

သူ့အသိ၌ အချိန်လမ်းကြောင်းပျောက်နေသည်။ မည် သည့် နှစ် နည်း။ မည်သည့် လ နည်း။ မည်သည့် ရက် နည်း။ မည်သည့် နာရီ၊ မည်သည့် မိနစ်၊ မည်သည့် စက္ကန့် နည်း။ သူ မသိ။

သူ့တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေခြင်းကိုတော့ သူ သိသည်။ ထို့ကြောင့် သူသည် မူးဝေလျက်ရှိရာမှ နာကျင် ကိုက်ခဲသော ဝေဒနာဆီသို့ သူ့အာရုံကို ကြိုးစား၍ ပို့ဆောင် ပေးသည်။ စဉ်းစား၍ မရတော့သည့် အတူတူ ခံစားနေရသော ဝေဒနာဆီသို့ အာရုံကို ပို့ဆောင်ပေးခြင်းက အနည်းဆုံး စိတ်သက်သာမှုကို ရကောင်း ရလိမ့်မည်ဟု သူထင်သည်။

ဝိပဿနာ ကျင့်စဉ်များ၌ ထိလျှင် ထိသည်ဟု သိ၊ သိလျှင် သိသည်ဟု မှတ်၊ ဤနည်းဖြင့် ဉာဏ်စဉ်ဆယ်ပါး ကို လိုက်ကြ သည်ဟု သူ ကြားဖူး၊ ဖတ် ဖူး၏။ အသက်ရှူ လျှင် ရှူ သည်ဟု မှတ်၊ ထွက်သက်လေကို ထုတ်လျှင် ထုတ်သည်ဟု သိ စသဖြင့် ဝေဒနာကို ဝိပဿနာ တင်ကြ သည်။ သမထတရား ပွားများ ကြသည်။ သို့ဖြင့် သုတမယ

ဉာဏ်၊ ဘာဝနာမယဉာဏ်၊ ဥဒ္ဒယဗ္ဗယ ဉာဏ် စသည်တို့ကို ရကြသည်ဟု သူ ကြားဖူးသည်။

ဝိပဿနာ အလုပ်သည် ဖြစ်၊ ပျက် သဘောကို သတိဖြင့် ထိန်း၍ တည့်တည့်ရှုရသော အလုပ် ဖြစ်သည်။ ဤနည်းဖြင့် မိမိ၏အတ္တကို ပယ်ခွာရန် ကြိုးစားရသည်ဟု သူ ဖတ်ဖူးသည်။

ကိုနန္ဒာသည် ဗုဒ္ဓဘာသာ မိဘများမှ ပေါက်ဖွားလာသည် မှန်သော်လည်း ဗုဒ္ဓဘာသာမဟုတ်။ သူ့ထက် တုန်နိုင်း၍ မရ အောင် ဉာဏ်ကြီးသော ဂေါတမဗုဒ္ဓ၊ ယေရှုခရစ်၊ မိုဟာမက် စသည့် ဘုရားအဆူဆူတို့ကို သူ မာန်လျှော့ရိုကျိုးသည် မှန်သော်လည်း ၎င်းတို့၏ အဆုံးအမ၌ တည်သူမဟုတ်။ မည်သည့် ဘာသာတရားကိုမျှ သူ မကိုးကွယ်။

သို့ရာတွင် အရေးကြုံလာတော့ ဗုဒ္ဓ၏ အဆုံးအမသည် သူ့ဦးနှောက်ထဲသို့ အလိုလို ဝင်ရောက်လာ၏။ ဝိပဿနာ တရားကို အားထုတ်လိုသော စေတနာကြောင့် မဟုတ်။ သူ့ကိုယ့်မှ နာကျင်ကိုက်ခဲနေသော ဝေဒနာကို မေ့ပျောက်ရန် နှလုံးသွင်းကြည့် ခြင်းသာ ဖြစ်သည်။

တစစ်စစ် ကိုက်ခဲလျက်ရှိသော ခေါင်းက ဝေဒနာကို သတိပြုသည်။ ဤတွင် တစ်ကိုယ်လုံးစပ်ဖျင်းဖျင်း ဖြစ်နေသော ဝေဒနာကို ခံစားမိသဖြင့် ထိုဝေဒနာကို အာရုံပြုပြန်သည်။ ထိုသို့ အာရုံပြုဆဲ ခါးနှင့် ခြောက်ထောက်မှ ဝေဒနာများက သူ့ကိုလာ၍ တိုက်ခိုက်ကြပြန်သည်။ ထိုအခါ ကိုနန္ဒာသည် ထိုဝေဒနာများဆီသို့ အာရုံပြောင်းပြန်သည်။

သို့ရာတွင် ကြာကြာ အာရုံပြောင်း၍ မရ။ သူ၏ ဦးနှောက် သည် ကောင်းစွာ အလုပ်မလုပ်နိုင်တော့။ ခေါင်းက မူးဝေလာ သည်။ မှိတ်ထားသော မျက်လုံးများထဲတွင် အစိမ်း၊ အနီ၊ အပြာ၊ အဝါ အရောင်တွေ ရှုန်းရှန်းဆန်ခတ် ဖြစ်နေကြသည်။ ကိုနန္ဒာသည် နောက်တစ်ကြိမ် မေ့မြောသွားသည်။ သူ၏ခေါင်း သည် ဘေးသို့ စောင်းကျသွားသည်။ ဤသို့ဖြင့် ကိုနန္ဒာ မေ့မြောသွားသည်မှာ မည်မျှ ကြာသည် မသိ။ မည်မျှကြာသည် မသိ။

( ၂ )

နားကို စွင့်ကြည့်သည်။

ပထမတော့ အသံတစ်သံကို ကြားရသည်။ ထိုအသံသည် တိတ်ဆိတ်ခြင်း၏ အသံဖြစ်သည်။ ဗုံးပေါက်ကွဲသံတစ်ခုကို ရုတ်တရက်ကြားရသည့်အခါ၌ ထိတ်လန့် တုန်လှုပ်သွားကြ စမြဲ ဖြစ်သည်။ သို့ရာတွင် ဗုံးပေါက်ကွဲသံများကို ဆက်တိုက် ကြားလာရသော အခါ၌ကား ထိုအသံများသည် ကြောက်စရာ မကောင်းတော့။ မြူးကြွဖွယ်၊ အားတက်ဖွယ်ပင် ဖြစ်သေး သည်။

တိတ်ဆိတ်ခြင်း၏ အသံမှာ ပေါက်ကွဲသံနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ တိတ်ဆိတ်ခြင်းသည် စိတ်ကို ကြည်လင်အေးချမ်းစေသည်ဟု ရုတ်တရက် ထင်ရသည်။ သို့ရာတွင် တိတ်ဆိတ်ခြင်း၏ အသံကို ဂရုတစိုက် နားထောင်ကြည့်သည့် အခါတွင်မူ ကြောက်စရာကောင်းလာသည်။ အားငယ်လာ သည်။ သွေးပျက်ချင်လာသည်။

လူသည် မွေးကတည်းက သြကာသ လောကကြီး၏

အသံ၊ သတ္တလူ့လောကကြီး၏ ငိုသံ၊ ရယ်သံ၊ အံကြိတ်သံ၊ တက်ခေါက် သံ၊ မြူးကြွဖွယ်အသံ၊ ညည်းညူသံ၊ ကုန်ထုတ်လုပ်သံ စသည့် အသံပေါင်းစုံနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ သို့ရာတွင် ထိုလူ့ အဖွဲ့အစည်း၌ အသံ လုံးဝတိတ်ဆိတ်သွားပြီဆိုလျှင် မည်သို့ ရှိမည်နည်း။

အရည်ကင်၊ ဓူတင်ဆောက်တည်သူ ပုဂ္ဂိုလ်များသည် ညဥ့်ကြီးသန်းခေါင် တိတ်ဆိတ်ငြိမ်သက်သော သုသာန်တစ ပြင်တွင် သွား၍ ဓူတင်ဆောက်တည်ကြသည်ဟု ကိုနန္ဒာ ကြားဖူးသည်။ စိတ်ဓာတ ကြံ့ခိုင်၏၊ မကြံ့ခိုင်၏ကို စမ်းသပ် သော နည်းလမ်းတစ်ခုဟု ကိုနန္ဒာ ယူဆ၏။

အာကာသသို့ သွားမည့် အာကာသသူရဲကောင်းတို့သည် လည်းအသံလုံးဝတိတ်ဆိတ်လျက်ရှိသောအလုံခန်းထဲ၌ ရက်ပေါင်း လပေါင်းများစွာ နေထိုင်၍ စိတ်ဓာတ်ကြံ့ခိုင်မှု ရအောင်လေ့ကျင့်ပေးရသည်ဟုကိုနန္ဒာဖတ်ဖူးသည်။

သို့ ဖတ်ရစဉ်တုန်းက ကိုနန္ဒာ ဤမျှလောက် လေးလေးနက်နက် မယုံကြည်ချင်။ လိုရ မယ်ရ စမ်းသပ်ကြခြင်းသာ ဖြစ်လိမ့်မည်ဟု ပေါ့ပေါ့တန်တန် သဘောထားခဲ့သည်။

ယခုတော့ ကိုနန္ဒာ ယုံချင်လာပြီ။

စင်စစ် တိတ်ဆိတ်သံသည် ဆူညံသံထက် ကြောက်ဖွယ် ကောင်းသည်။ တုန်လှုပ်ဖွယ် ကောင်းသည်။ ချောက်ချားဖွယ် ကောင်းသည်။

နားကို စွင့်ကြည့်သည့်အခါ၌ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ သည်။ ဘာသံမျှ မကြားရ။ ထို တိတ်ဆိတ်သံက ရှည်ကြာ လာလေလေ ကြောက်စရာ ကောင်းလာလေလေ ဖြစ်သည်။

အရဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

သို့ရာတွင် ကိုနန္ဒာသည် ဟင်းလင်းပြင်၏ အပြင်သို့ ရောက်နေသူ မဟုတ်။ အချိန်၏ ပညတ်ဖြင့် ကင်းလွတ်နေသူ လည်း မဟုတ်။ ဟင်းလင်းပြင် နှင့် အချိန်၏ ပညတ်အတွင်း၌ မှီတင်းနေထိုင်သူသာ ဖြစ်သည်။ ဟင်းလင်းပြင်နှင့် အချိန်၏ ပညတ်အတွင်း၌ မှီတင်းနေထိုင်သူသာ ဖြစ်လျှင် အရာဝတ္ထုဟူ ၍ ရှိမည်။ အရာဝတ္ထုဟူ ၍ ရှိလျှင် ထိုအသံသည် တိုးချင်လျှင် တိုးမည်။ ကျယ်လောင်ချင်လျှင် ကျယ်လောင်မည်။ သူ မကြားနိုင်သောအသံ ဖြစ်ချင် ဖြစ်မည်။ အသံ လုံးဝမရှိ ဆိုသည်မှာ ဖြစ်နိုင်ကောင်းသော ကိစ္စမဟုတ်။ အနည်းဆုံး တိတ်ဆိတ် ခြင်းမှာပင်လျှင် အသံတော့ ရှိစမြဲ။

ယခုပင် တိတ်ဆိတ်ခြင်း၏ အသံကို နားထောင်နေသည် မဟုတ်လော။

ကိုနန္ဒာသည် အင့်ကနဲ ညည်းလိုက်မိသည်။ သူ့ အသံကို သူ ကြားလိုက်ရပြီး နောက်တစ်ခါ ညည်းမိပြန်သည်။ ဤတစ်ကြိမ်၌လည်း သူ့ညည်းသံကို သူပြန်ကြားရသည်။ သည်လောက်ဆိုလျှင် သိပ်မဆိုးသေး။

သို့ရာတွင် သူ ညည်းသည့်အတွက်သာ သူ့ပတ်ဝန်းကျင် တွင် အသံဟူ၍ ရှိနေခြင်းဖြစ်သည်။ သူ ညည်းညူခြင်း မပြု သည့်အခါ၌မူ ပတ်ဝန်းကျင်သည် တိတ်ဆိတ်မြဲ တိတ်ဆိတ် လျက်သာ ရှိသည်။ ကိုနန္ဒာသည် နောက်ထပ် ညည်းညူးခြင်း မပြုတော့။ အသက်ကိုသာ ခပ်ပြင်းပြင်း ရှူနေသည်။

ထိုစဉ်တွင် မည်သည့်အသံဟူ၍ ခွဲခြားမသိနိုင်သော အသံများကို ကြားရသည်။ ထိုအသံများသည် ဝေးဝေးမှ

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

လော၊ နီးနီးမှလာ ဟူ၍ကား ခွဲခြား၍ မရ။ တစ်ခါ တစ်ခါ အနီး ကလေးကပါဟု ထင်ရသည်။ တစ်ခါ တစ်ခါ၌လည်း အဝေးက ဟု ထင်ရသည်။ ထိုအသံသည် တစ်သံတည်း မဟုတ်။ အရာ အထောင်များစွာသော အသံများ ဖြစ်သည်။ မြေကြီးပေါ်သို့ မိုးသီးတွေ ကြွေကျသံ လိုလို၊ ကျောက်စလစ်ခဲများကို ဆုပ်၍ ကြဲနေသံလိုလို၊ မန်ကျည်းစေ့များကို ဖြန့်ကြဲနေသံလိုလို အသံ များ ဖြစ်သည်။

ကိုနန္ဒာသည် အမျိုးအမည် ခွဲခြားမရသော ထိုအသံများ ကို နားထောင်ရင်း မှိန်းနေသည်။ မိမိသည် မည်သည့်နေရာကို ရောက်နေသနည်း။ ထိုအသံများသည် မည်သည့်အသံများ နည်း။ ဤအသံကိုလည်း ကိုနန္ဒာ မသိ။

ထိုသို့ စဉ်းစားနေစဉ် နောက်အသံသစ် တစ်မျိုးကို ကြားရပြန်သည်။ ထိုအသံမှာ မိုးခြိမ်းသံမျိုး ဖြစ်သည်။ တဝုန်းဝုန်း မြည်နေသည်။ သို့ရာတွင် ဆက်တိုက်မြည်ခြင်း မဟုတ်။ နရီမှန်မှန်နှင့် မြည်နေခြင်း ဖြစ်သည်။ ပထမ အဝေးကြီးမှ တရှုရှု မြည်လာသံ ကြားရပြီးနောက် တဝုန်းဝုန်း မြည်သံ ပေါ်လာသည်။ ပျောက်သွားပြန်သည်။ နောက် တရှုရှု အော်လာသံ ကြားရပြီးနောက် ဒိန်းခနဲ မြည်သံ ပေါ်လာပြန် သည်။ ဤသို့ဖြင့် နရီ စည်းချက်မှန်မှန် ပေါ်နေသည်။

ကိုနန္ဒာသည် ထိုအသံတို့ကို နားထောင်ကာ သူရောက်ရှိ နေရာ အရပ်ကို သူပြန်စဉ်းစားသည်။ သို့ရာတွင် သူခေါင်းက တစစ်စစ် ကိုက်ခဲနေသည်။ မူးဝေ နောက်ကျိုလျက်ရှိသည်။

ငှက်တစ်ကောင် အော်မြည်ပျံသန်းသွား သံကိုလည်း ကြား လိုက် ရသည်ဟု သူ ထင်သည်။

စင်စစ်၌ လောကသည် လုံးဝ တိတ်ဆိတ်နေ သည် မဟုတ်။ သူ့ပတ်ဝန်းကျင်တွင် ကျောက်စရစ်ခဲ ဖြန့်သည့် နှယ် ရှိသောအသံ၊ မိုးချုန်းသည့်နှယ် ရှိသောအသံ၊ ငှက် မြည်သံ တို့တော့ ရှိနေသေးသည်။ ထို့ကြောင့် ကိုနန္ဒာ ခွန်အားပြည့်ဖြိုး လာသလို ရှိသည်။ အားတက်လာသလို ရှိသည်။

သူသည် ချမ်းစပြုလာ၏။ တဆတ်ဆတ် တုန်လာ၏။ ချမ်းသဖြင့် ကိုယ်ကိုတစောင်းလှဲ၍ကွေးမည်ပြုသည်။ သို့ရာ တွင် သူခန္ဓာကိုယ်သည် စောင်း၍လည်း မရ။ တစ် ကိုယ်လုံး ဒဏ်ရာတွေကြောင့် တောင့်တင်းနေသည်။ သူ့ ဒူးကလည်း ကွေးမရ။ သွေးတို့ဖြင့် စေးကပ် တင်းရင်း နေသည်။

ခန္ဓာကိုယ်ကို စောင်းမည်ပြုစဉ် တစ်စုံတစ်ခုကို သူ သတိထား လိုက်မိသည်။ ထိုအရာမှာ သူ့ကျောပြင်အောက်က အခင်း ဖြစ်သည်။ မွေ့ရာလည်း မဟုတ်၊ အဖုအထစ် အချွန် အတက်တွေဖြင့် ပြည့်နှက် လျက်ရှိသည့် ကျောက် ဆောင် ကျောက်ချွန်များပင် ဖြစ်ပါ၏။

ထိုအခါကျမှ ကိုနန္ဒာ မျက်လုံးဖွင့်ကြည့်သည်။

သူ့ခေါင်းပေါ်တွင် အမိုး မရှိ။ သူ့ဘေးတွင် အကာ မရှိ။

ကြယ်ပွင့်တို့ ပြိုးပြက်နေသော ကောင်းကင် ဟင်းလင်း ပြင်ကြီးကို သူ မြင်ရသည်။ အတားအဆီးမရှိ တဟူးဟူး တိုက်ခတ်နေသော လေ၏ အတွေ့ကို သူ ခံစားရသည်။

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

သူ့ပခုံးသည်တစ်စုံတစ်ခုနှင့် ထိခိုက်သည့် အတွက် ဆတ်ခနဲ တွန့်သွားသည်။ မြွေများ ကိုက်လိုက်လေသလော။ ကိုနန္ဒာ လန့်သွားသည်။ နာကျင်ခြင်းတော့ မရှိ။ ယားကျိကျိနှင့် အခံရခက်သည်။ ခဏကြာတော့ သတ္တဝါတစ်ကောင် သူ့မေးအောက် လည်ပင်းပေါ်သို့ တရွရွ တက်လာသည်။ သတ္တဝါ၏ ခြေထောက်များက စူးစူးချွန်ချွန် ပျော့ဖတ်ဖတ်။

ကိုနန္ဒာသည် သတ္တဝါကို လက်ဖြင့် ကောက်ယူလွှင့်ပစ်ရန် ကြိုးစားကြည့်၏။ သို့ရာတွင် သူ့လက်သည် အဝတ်စုတ်ဖတ်ကြီး သဖွယ် လေးလံနေသည်။ ကွေး၍လည်း မရ။ မ,ယူ၍လည်း မရ။ မ,ယူလိုက်တိုင်း လက်သည် ကျောက်ဆောင်ပေါ်သို့ ပြန်ကျ သွားသည်။

လည်းပင်ပေါ်က သတ္တဝါသည် ငြိမ်သွားသည်။ ကိုနန္ဒာ က ထိုသတ္တဝါကို မေးဖြင့် ညှပ်ထားသည်။ ထိုသတ္တဝါ၏ အတွေ့က မာကျောကျော လုံးလုံးဝန်းဝန်း၊ ကျောက်ခဲလုံးလိုလို။

နောက် သတ္တဝါ တစ်ကောင်က ရင်ဘတ်ပေါ် တက်လာ ပြန်သည်။ အချို့က ပေါင်ပေါ်၊ခြေထောက်ပေါ်၊ ဝမ်းဗိုက်ပေါ် တက်လာကြသည်။

ကိုနန္ဒာသည် အားယူ၍ ခေါင်းထောင်ကာ ဝမ်းဗိုက်နှင့် ရင်ပတ်ပေါ်က သတ္တဝါများကို ကြည့်လိုက်သည်။ ကိုယ်ကို လူးလွန့်လိုက် သဖြင့် ဝမ်းဗိုက်နှင့် ရင်ပတ်ပေါ်မှ သတ္တဝါများ သည် ကျောက်ဆောင်ပေါ်သို့ လိမ့်ကျသွားသည်။

ထိုအခါကျမှ ကိုနန္ဒာ ပြုံးလိုက်မိသည်။ မေးအောက်တွင် ညှပ်ထားသော သတ္တဝါကိုလည်း လွှတ်ပေးလိုက်သည်။

အရဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

ထို သတ္တဝါသည် ကျောက်ခဲလေး တစ်လုံးလို အောက်သို့ လိမ့်ကျသွားသည်။

ခေါင်းကို စောင်းငဲ့၍ ကြည့်လိုက်သောအခါ၌ သူ့အထက် နား ကျောက်ဆောင်ပေါ်မှ တရွေ့ရွေ့ လိမ့်ဆင်းလာကြသော ရာထောင်မကများစွာသော ဝင်ကစွပ်ကောင် များကိုမြင် ရသည်။ ကျောက်စရစ်ခဲ များကို အဆက်မပြတ်ဖြန့်ကြဲ နေသည့်နှယ် ရှိသောအသံမှာ ရာထောင်မက များလှသော ဝင်ကစွပ် ကောင်များ၏ အသံပင်ဖြစ်၏။

'ဝင်ကစွပ်၊ မြင်ဆွတ်က ကြည်စဖွယ်၊ ဖြူ၊ နီ၊ ဝါ၊ ပြာ တစ်စုနှင့် ခရုထွေလာဆန်း၊ ကမ်းကွေ့ပတ်လည်' ဆိုသော ဦးကြင်ဥ၏ ကဗျာတိုလေး တစ်ပုဒ်ကို ကိုနန္ဒာ သွား၍ အမှတ်ရသည်။ ဦးကျင်ဥက ဝင်ကစွပ်ကို 'ကြည်စဖွယ်' ဟုဆိုသော်လည်း ကိုနန္ဒာအဖို့ ဝင်ကစွပ်တို့သည် ကြည့်စရာ မကောင်း၊ဒဏ်ရာဒဏ်ချက်များဖြင့် မလှုပ်နိုင် မယှက်နိုင် ဖြစ်နေ သော သူ၏အဖို့ ကြီးစွာသော အနှောင့်အယှက်များ ဖြစ်နေကြသည်။

ကိုနန္ဒာသည် တပ်ချီကာ လှုပ်ရှားနေကြသော ဝင်ကစွပ်များကို ကြည့်ရာမှ ၎င်းတို့ဆင်းလာရာ ကျောက်ဆောင်အထက်သို့ မော်ကြည့်လိုက်သည်။ မှုန်မွှားသော ကြယ်ရောင်တွင် တောရိပ်လိုလို၊ တောင်ရိပ်လိုလို သဏ္ဍာန် တစ်ခုကို မြင်ရ၏။ ကိုနန္ဒာသည် ထိုတောရိပ်သဏ္ဍာန် ဘက်ဆီသို့ ခေါင်းပြု၍ လဲနေခြင်းဖြစ်သည်ကို ယခုမှ သတိထားမိသည်။

သူ့ခြေရင်တွင်တော့ တောရိပ် တောင်ရိပ်ဆို၍ ဘာမျှ မမြင်ရ။ မှိုင်းပြာသော မိုးကောင်းကင်ကြီးကို မြင်ရသည်။

မိုးကောင်းကင်သည် မြေကြီးနှင့် ထိစပ်လျက်ရှိသည်။ အတားအဆီး ဘာမျှမရှိ။

တရှဲရှဲ အော်မြည်သံများနှင့် မိုးချုန်းသကဲ့သို့ တဝုန်းဝုန်း မြည်နေသော အသံများသည် ထိုမိုးကုပ်စက်ဝိုင်းဆီမှ ပေါ် ထွက် လာခြင်းဖြစ်သည်။

ကိုနန္ဒာသည် လဲနေလျက် သူ့ခြေရင်ဘက်သို့ လှမ်းကြည့် သည်။ သူလဲကျနေသည့်နေရာသည် ကျောက်ဆောင်အစွန်း တစ်ခု ဖြစ်သည်။ သေသေချာချာကြည့်တော့ မိုးကုပ်စက်ဝိုင်း နှင့် ထိတွေ့လျက်ရှိသော အရာသည် မြေပြင်မဟုတ်။ အပြော ကျယ်သော ပင်လယ် သမုဒ္ဒရာကြီး ဖြစ်ကြောင်းကို ကိုနန္ဒာ သိလာသည်။

သူလဲကျနေရာ ကျောက်ဆောင်စွန်းနှင့် ပင်လယ်စပ်သည် တော်တော် ဝေးသေးသည်။ ရေစစ်ချိန်ဖြစ်၍ ပင်လယ်ရေသည် ကမ်းနှင့်တော်တော် ဝေးနေပြီ။ တရှဲရှဲ အော်မြည်သံ သည် လှိုင်းသံများဖြစ်၍ ဝုန်းခနဲ မြည်သံများမှာ ပင်လယ်ရေ လှိုင်းတို့ ကျောက်ဆောင်များကို ရိုက်ခတ်နေသံ ဖြစ်သည်။

သူ မည်သည့်နေရာသို့ ရောက်နေသနည်း။ ဘာဖြစ်ခဲ့ သနည်း သူတစ်ယောက်တည်းလော။

ကိုနန္ဒာတံတွေးကို တစ်ချက်မျိုချလိုက်၏။ ရေငတ်လှပြီ။ ရင်ထဲက ပူလှပြီ။

**မြသန်းတင့်**

**မားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်**

**စာ ၁၇- ၂၄**

# လေ့ကျင့်ခန်း (၆)

အောက်ပါ ဝါကျများမှ အတွဲလိုက်ဖတ်သင့်သော စကားလုံးတွဲများကို မင်ဖြင့် ဝိုင်းပါ။ အတွဲတွေကို လိုက်မရှာဘဲ ဖတ်ရင်းတွဲသွားပါ -

## ‘အိမ်ရှေ့ကိုယ်တော်ကြီး’

ကျွန်ုပ်၏ အဘိုးအရင်း၏ အစ်ကိုအရင်းသည် တိုင်တား မင်းကြီး ဖြစ်၏။ ထို့ကြောင့်ကျွန်ုပ်တို့မှာ ငယ်စဉ်ကတည်းက လက်ရုံးအားကိုးသော စိတ်ရင်းများ ပါခဲ့သည်ဟု ခတ်သိများ အပြောခံခဲ့ရ၏။ သို့ရာတွင် ကျွန်ုပ်မှာ ခေတ်ပညာ အတော် ကလေး သင်ဖူးသဖြင့် မိုက်ရူးရဲ အလုပ်မျိုးကို စိတ်မကူး ခဲ့ဖူးချေ။ သို့သော် ပါးစပ်သမား၊ ကလောင်သမားသက်သက် ဖြင့်ရည်မှန်းသည့်အတိုင်း အထမြောက်မည်ဟု ကျွန်ုပ် ဘယ် အခါမှ မထင်မြင်ခဲ့ချေ။

ကမ္ဘာပေါ်၌ တန်ဖိုးအကြီးဆုံးသော နိုင်ငံသည် လက်ရုံးတည်းဟူသော စစ်မက်လက်နက် အားကောင်းသော နိုင်ငံများ ဖြစ်ကြ၏။ ပါးစပ်သမား၊ လူခရာတွေကို လက်နက်သမား လက်ရုံးသမားက ရယ်မောကာ မခန့်လေးစားပြုမူရဲကြ၏။ အကြင်နိုင်ငံသည် စစ်သားဖြစ်၏။

လက်နက်မရှိ နေခဲ့အံ့။ သူ့ကျွန် မဖြစ်သေးသော် တစ်နေ့ နေ့ ဖြစ်လတ္တံ့။ ဖြစ်ခဲ့သော် လွတ်လပ်ရေးနှင့် ဝေးလတ္တံ့။ ကျွန်ုပ်သည် ထိုအကြောင်းများကို တွေးမိသော အခါ ငယ်စဉ်က မိဘဘိုးဘွားတို့ ပြောပြသည့် အိမ်ရှေ့ကိုယ်တော်ကြီး အ ကြောင်းကို သတိရမိပေ၏။

အိမ်ရှေ့ ကိုယ်တော်ကြီးကား အခြားမဟုတ်။ မင်းတုန်းမင်းတရားကြီး၏ ညီတော်အရင်းတည်း။နောင်တော် ပုဂံ

မင်းသည် တိုင်းပြည်တစ်ဝက် သူများလက်ပါအောင် ပေါ့လျော့သည်ဟုဆိုကာ ပုန်ကန်ထကြွရာတွင် မင်းတုန်းမင်း၏ အစွမ်းဖြင့် မရ၊ အိမ်ရှေ့ကိုယ်တော်ကြီး အစွမ်းကြောင့်သာ ရရှိခဲ့ခြင်းဖြစ်၏။ ကိုယ်တော်ကြီးမှာ ပိဋကတ်ကျမ်းတတ် စာပေတတ် ဖြစ်သော်လည်း၊ စာပေထက် လက်နက်ကို အားကိုးတော်မူ၏ ကိုယ်တော်ကြီးမှာ အရပ်အမောင်း သန်မာ ထွားကျိုင်း၍ ဘိုးတော် ဦးအောင်ဇေယျ ၏သွေးများ ကူးစက် လာသည်ဟု ထင်မှတ်ရ၏။

ကျွန်ုပ်တို့သည် ကုန်းဘောင်ရာဇဝင်တွင် အိမ်ရှေ့ကိုယ် တော်ကြီး၏ ကုသိုလ်ကောင်းမှုကိုမတွေ့ရချေ။ ရှေးလူကြီးများ ကလည်း ဘုရားတစ်ဆူတည်ရမှာကို ဗုံးတစ်လုံး လုပ်ရမှ ၁လောက် နှစ်ခြိုက်တော်မမူဘူးဟု ပြောစမှတ်ပြုကြ၏။ အမှန် အားဖြင့် ကိုယ်တော်ကြီးမှာ ဝတ်ကျေဝတ်ကုန် ဇရပ်ကလေး သုံးဆောင်မျှသာ ဆောက်လုပ်ဖူး ကြောင်းသိခဲ့ရသူတို့ပြောကြားသဖြင့် တစ်ဆင့်ကြားသိရ၏။

ကိုယ်တော်ကြီးမှာ ငါတို့ လက်နက်မရှိ၍ သူများ အောက် ကျခံရမည်ဟု လက်နက်လုပ်သောအတတ်ကို နိုင်ငံခြားသို့ လူလွှတ်၍ သင်ကြားစေတော်မူခဲ့၏။ ခေတ်အလျောက် ကြီးပွားသော စက်ရုံအမျိုးပေါင်း ၅၀လောက်မှာ အိမ်ရှေ့ ကိုယ်တော်ကြီး၏ လုံ့လကြောင့် မန္တလေးမြို့တွင် ဖြစ်ပေါ်ခဲ့ သေး၏။ ပန်းကန်စက်၊ ပိတ်စက်၊ ကော်ဇော အထည်၊ ကဗ္ဗလာ မကျန် မြန်မာလူမျိုး စက်ဆရာ အလုပ်သမားတို့နှင့် မြိုင်မြိုင် ကြီး ဖြစ်ခဲ့၏။

စစ်ကိုင်းမြို့တွင် လက်နက်ရုံတစ်ရုံ၊ မန္တလေးမြို့တွင် လက်နက်ရုံတစ်ရုံ တည်ဆောက်ထား၏။ စစ်ကိုင်းဘူတာ ဟောင်းအနီးတွင် ယနေ့အထိ မြင်နိုင်သေး၏။ မန္တလေး ဒိုင်ယာမီကင် ဗျစ်စက်ရုံသည် ရှေးက အိမ်ရှေ့ကိုယ်တော် ကြီး၏ လက်နက်ရုံဖြစ်ခဲ့၏။ အိမ်ရှေ့ကိုယ်တော်ကြီးမှာ အေးချမ်း သော ဆောင်းရာသီ ဖြစ်စေကာမူ အချိတ်ဝတ်လဲ တော်ကို ခြုံလျက် စောစောစီးစီး လက်နက်ရုံသို့ ရောက်ရှိ တော်မူ၏။ ကိုယ်တော်တိုင်တံစဉ်း၊ ပြုတ်တူတို့ကို ကိုင်တော် မူပြီးလျှင် ဟိုတိုက်သည်စားနှင့် ပြုတော်မူ၏။

အနောက်နိုင်ငံက လက်နက်များ ဝယ်ယူထားပြီးဖြစ် ၍ ထို လက်နက်ထက်သာအောင် အနောက်နိုင်ငံ၏ စနစ် အတိုင်း လုပ်ဆောင်တော် မူ၏။ ရိုင်ဖယ် သေနတ်၊ ဗလချိုက် သေနတ်၊ ဗုံးလက်နတ်တို့လည်း ဖြစ်မြောက်ခဲ့လေပြီ။

အိမ်ရှေ့ကိုယ်တော်ကြီးမှာ ရေမြှုပ်ဗုံးကို ကိုယ်တော် တိုင် စီမံပြီးလျှင် နောက်ပါစစ်သား သတ္တိခဲများ၊ အခြွေ အရံများနှင့် ရေကြီးချိန်တွင် အောင်ပင်လယ်သို့ ထွက်ကြွလေ့ ရှိ၏။ အောင် ပင်လယ် ရေပြင်လယ်ခေါင်တွင် ရေမြှုပ်ဗုံး များကို အသင့် မြှုပ်ထား၍ ကန်ကြီး၏ ဟိုဘက်သည် ဘက် ကြိုးတန်းကာ ကြီးမားသော လှေသမ္ဗာန်ကြီးပေါ်တွင် ငါး ပိဿာ ခွက်တစ် ဆယ်ရှိ ကျောက်ခဲကြီးများတင်လျက် ရွက် ဖွင့်၍ လွှန်တော်မူ ၏။ ကြိုးနှင့် ထိန်းထားသဖြင့် လှေကြီး မှာ ရေမြှုပ်ဗုံးရှိရာသို့ တန်းတန်းကြီး ပြေးသွားရာ မိုးကြိုး အချက်ပေါင်း သိန်းသောင်း ပစ်ခတ်သကဲ့သို့ အလွန်မြည် ဟိန်းသော အသံကြီးများ ကြား ရပြီးလျှင် လှေကွဲကာပျဉ်တို

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

ပျဉ်စများသည် ကောင်းကင်တွင် မီးခိုးများနှင့် ရောနှော လျက် ငှက်ပျံသလို ဖြစ်၍နေပေ၏။ ကျောက်ကြီးများမှာ ကောင်းကင်သို့ မြောက်ပါပြီးလျှင် ရေထဲကန်ဘေးသို့ လွင့်ပါကျလေ၏။ကမ်းနားမှ တစ်ခဲနက် သော ကြွေးကြော် သံများကိုလည်း ကြားရလေ၏။ အိမ်ရှေ့ ကိုယ်တော်ကြီး ဖိုးခွဲလေ့ကျင့်သော အလုပ်သည် မြန်မာတို့တွင် ပျော်ပွဲ၊ အားတက်ပွဲကဲ့သို့ အထူးစည်ကားလျက် ရှိလေသည်။

ကိုယ်တော်ကြီးက ကျေနပ်ပြုံးရွှင်သော အမူအရာ တော် ဖြင့် "ရန်သူတွေ တို့ကိုတိုက်မယ်ဆိုရင် ရေလမ်းက သင်္ဘောနှင့်သာ လာနိုင်တာ၊ ဒါမျိုး မြစ်ကြောင်းက ဆို့ ထားရင် ဘာတတ်နိုင်မှာလဲ" ဟု အားပါးတရ မိန့်မြွက် တော်မူ၏။

"ကွာ . . . . . ဇမ္ဗူဒီပါမှာ ဗမာ (မြန်မာ) ကိုနိုင်မယ့်လူ မပေါ်သေးပါဘူး" ဟု မိန့်မြွတ်တော်မူ၏။ အိမ်ရှေ့ ကိုယ်တော် ကြီးမှာ အနောက်တိုင်းသားများ၏ အောက်ကျ နောက်ကျ မခံလိုသဖြင့် ပညာတော်သင် လူရှစ်ဆယ်ရွေး ရာ၌ပင် အရပ်အမြင့် လေးတောင် (ခြောက်ပေ) ကျော်သူ၊ ဉာဏ်ပညာ ထက်မြက်သူများမှ ရွေးချယ်တော်မူ၏။

ဗမာ (မြန်မာ) သည် လူပုကလေးတွေ မဟုတ်၊ ဉာဏ် နည်းသူ မဟုတ်ဟု သိုးဆောင်းတို့ အထင်သေး ခံလိုတော် မမူချေ။ အိမ်ရှေ့ကိုယ်တော်ကြီး ယနေ့တိုင် ရှိလျှင်လည်း နိုင်ငံခြားသားလက်ထဲ ပါမည်မဟုတ်ဟု ရှေးဗမာ (မြန်မာ) ကြီးတွေ အယူရှိကြ၏။ အကျွန်ုပ်လည်း ယုံ၏။ ထိုစကားမှန်၏။နိုင်ငံတစ်နိုင်ငံကိုအခြားနိုင်ငံက

တိုက်ခိုက်သိမ်းယူလိုသောအ ခါ မိမိတို့တိုက်ခိုက်၍ ကုန်ကျသောစရိတ်နှင့် ကာမိမှ ယူလိုကြ၏။ မိမိတို့ စရိတ်မကျေလျှင် မည်သူမျှ တိုက်ခိုက် မည်မဟုတ်ချေ။ နိုင်ငံတစ်နိုင်ငံသည် အမှန်အားဖြင့် မိမိတို့ စစ်ထွက်လျှင် နိုင်မည်ကား မှန်၏။ သို့ရာတွင် အဆိုပါ နိုင်ငံကလေးက အေးအေးနှင့် မခံ၊ လူတစ်ယောက်နှင့် ဓား တစ်စင်း ကျန်တောင် မလျှော့ဆိုလျှင် အထက်ပါအတိုင်း စစ်စရိတ်တွက်ချက်ကာ အမြတ်ရှိမှ တိုက်မည်ဖြစ်၏။

ဥပမာ-အီတလီသည် အဘစ်ဆီနီယာ ပြည်ကလေးကို မုချနိုင်မည် ဖြစ်၏။ သို့ရာတွင် ထိုပြည်ကလေးက စစ်မတိုက်ဘဲ ကျွန်တော်တို့ ဘုရင်ကိုဖမ်းသွားပါ၊ နိုင်ငံကိုလည်း သိမ်းပါတော့ ဟု အသာတကြည် အပ်မည်မဟုတ်။ ရှုံးမှ ရှုံးစေတော့ ခုခံတိုက်ခိုက်မည်ကား မလွဲ။ တိုက်မည်ဟုလည်း ကြိမ်းဝါး၏။ အီတလီသည် အဘစ်ဆီနီယာကို မကြောက်။ အီတလီလူမျိုး မဟုတ်သော ၎င်းတို့လက်အောက်ခံစစ်သား ရလျှင် တိုက်မည် လော မပြောတတ်။ သို့သော် စစ်စရိတ်နှင့် ရရှိသောအကျိုးကို ချိန်ဆ၍ ယနေ့တိုင် ညာဝါးနေကြခြင်း ဖြစ်၏။ ဘေးက ဉာဏ် ရည်တူ အကြံသမား လောဘသား တိုင်းပြည်များကို ကြည့်ရ သောကြောင့်ဟူ၍လည်း ဆိုနိုင်၏။

ထို့ကြောင့် ကျွန်ုပ်တို့ ထင်မြင်ချက်ကား အိမ်ရှေ့ ကိုယ်တော်ကြီး ရှိလျှင် တော်တော်နှင့် သိမ်းဖြစ်မည် မဟုတ် ချေ။

သို့ရာတွင် ကျွန်ုပ်တို့နောက်ပေါက်တွေ ကံကြမ္မာဆိုးရွားသဖြင့် တူတော် မြင်ကွန်း၊ မြင်းခုံတိုင်တို့၏ လက်ချက်ကြောင့် ကိုယ်တော်ကြီး နတ်ရွာလားခဲ့၏။ ထိုစဉ်အခါ

ကလည်း ကိုယ် တော်ကြီးမှာ တူတော်မောင်များအား "ဟေ့ မင်းတို့ သူပုန် ထမယ်လို့ကြားတယ်၊ ဟုတ်ကဲ့လား။ မင်းတို့ထကြရင် ငါ့ဆီက စစ်သားဘယ်လောက်ယူမလဲ" ဟု မေးတော်မူ၏။ တူတော် မောင်များက "မဝံ့ပေါင်ပါ ဘုရား" ဆိုလျှင် "အိမ်း. . . ကောင်းကောင်းနေကြ" ဟု မိန့်တော်မူ၏။ နန်း ကြမ်ပြင်တွင် တူတော်မောင်များ လာစဉ်က အိမ်ရှေ့ကိုယ် တော်ကြီးတွင် လက်နက်မရှိ။ ပြေးလျှင် လွတ်၏။ ပြေးခြင်းကို ဝါသနာမပါ။ ကြောက်ခြင်းကို စက်ဆုပ်သဖြင့် တူတော် မောင်များ၏ ဓားလက်နက်နှင့် ကံတော်ကုန်တော်မူရရှာ၏။

အမောင်တို့. . . ကျွန်ုပ်ဆိုလိုရင်းကို နားလည်ကြပြီ မဟုတ်လော။ အမောင်တို့နိုင်ငံ ကောင်းစားရေးအတွက် သေနတ်ပစ်တတ်မှ၊ လက်ပစ်ဗုံးပစ်တတ်မှ၊ လေယာဉ်ပျံ မောင်းတတ်မှ၊ ဝိုင်ယာလက်၊ ရေမြှုပ်၊ ကြေးနန်း ဘာမဆို ခေတ်နှင့်အညီ ပေါ်ထွက်လာသော လက်ရုံးအားကိုး လက်နက် မျိုး လုပ်ကိုင်နိုင်မှ အဆင့်အတန်းမြင့်ကြမည်ကို သတိပြုကြ လော့။ အနာဂတ်အုပ်ချုပ်ရေး၌ အမောင်တို့ တိုင်းပြည်ကို အမောင်တို့ ကာကွယ်ရမည်။ အမောင်တို့သည် ယခုကတည်း က ကာယဗလဖွံ့ဖြိုးရေး၊ စစ်အတတ် သင်ကြားရေးတို့ကို လေ့လာကြပါလော့။ စစ်သားမရှိသော တိုင်းပြည်သည် ခြေထောက် နှစ်ဖက်ပြတ်သော တိုင်းပြည်နှင့်တူ၍ သူများကို တိုက်ရည်လည်းမရှိ။ ခံရည်လည်း မရှိ။ အဘက်ဘက်က ရှုံး၍နေတော့၏။ အမောင်တို့ အပျော်အပါးကို တန်းချိတ် ထားပြီးလျှင် အမောင်တို့ သားစဉ်မြေးဆက်

ကောင်းစားရေး အတွက် ကြိုးစားကြစမ်းပါလော့။ ဘဇာ ကြောင့် လူပေါ်ကြော့ လူပျော်လူရွှင်ကလေးတွေအဖြစ် နှင့် နေလိုကြသနည်း။ ငါတို့ လူမျိုးသည် သူများကို အရှုံး ပေးလိုသော လူမျိုး မဟုတ်။ သွေးနက်အောင် ပြုပြင်ကြလော့။

**နေသူရိန်(မဟာဆွေ)**
**ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်**
**စာ ၂၂၄-၂၃၀**

## ကျွမ်းကျင်မှုစည်းမျဥ်းများ

စာဖတ်မြန်အောင်လုပ်ရာတွင် 'ရပ်တိုင်' နည်းနှင့် စကားလုံး တွဲများမှာ အဓိကနိဿယများ ဖြစ်သည်။ စာကို မြန်မြန်ဖတ်နိုင် သည်နှင့် စာများများဖတ်ဖြစ်မည်။ များများ ဖတ်တော့ ဘဝတွင် တိုးတက်လာမည်။

ယခု စာဖတ်နှေးစေသည့် အကြောင်းအရင်းများကို ပယ်ဖျောက် နည်းများ တင်ပြပါမည်။

### ရွတ်၍ဖတ်ခြင်း

တစ်ခါတစ်ရံ ခက်ခဲလေးနက်သည့် အကြောင်းအရာ တစ်ခုကို ဖတ်နေရသည့်အခါ ပါးစပ်လှုပ်၍ ရွတ်ဖတ်ခြင်း၊ အသံထွက်၍ ရွတ်ဖတ် ခြင်းများ လုပ်မိပါသလား။ ယင်းမှာ ငယ်စဉ်က စာသင် ကြားရာတွင် စာကို အသံထွက် ဖတ်ပြခဲ့ရ သောကြောင့် ဖြစ်ပါသည်။ ထိုသို့ အသံထွက် ရွတ်ဖတ်ခြင်း၊ အသံမထွက်ဘဲ ပါးစပ်လှုပ်၍ ရွတ် ဖတ်ခြင်းများသည် စာဖတ် နှေးစေသည့် အကြောင်းတစ်ရပ်ဖြစ်သည်။

ထိုသို့ ရွတ်ဖတ်သည့်အကျင့်ကို ဖျောက်ရန်မလွယ်။ ရွတ်ဖတ် သည့်အကျင့် ရှိနေရာမှ မရွတ်ဘဲ ဖတ်ရသည့်အခါ စာကို အဓိပ္ပာယ်

မပေါက်တော့။ နိုင်ငံခြားဘာသာတစ်ရပ်ကို ဖတ်ရသလို ဖြစ်သွားလိမ့်မည်။

လူတစ်ယောက် လက်ရေးဆိုးနှင့် ရေးထားသည့် စာများ ကို ကွန်ပျူတာထဲသို့ ရိုက်သွင်းရသည်နှင့်လည်း တူသည်။ ထိုလူသည် တစ်မိနစ်လျှင် စာလုံးရေ ၁၂၀ ရိုက်နိုင်သည် ဆိုပါစို့။ သို့သော် ယခုစာများကို ရိုက်သွင်းရသည့်အခါ တစ်လုံးချင်းဖတ်၍ ရိုက်နေရသဖြင့် တစ်မိနစ်လျှင် စာလုံးရေ ၆၀ သာရိုက်နိုင်တော့မည်ဖြစ်သည်။

ရွတ်၍ဖတ်တတ်သည့်အကျင့်ကိုဖျောက်ရန် အကောင်း ဆုံးနည်းမှာ စာဖတ်နေစဉ် ပါးစပ်ထဲကို လက်ထည့်ထားပါ။ ပါးစပ်လှုပ်၍ ရွတ်မိသည်နှင့် လက်ကို ကိုက်မိလိမ့်မည်။ ထိုသို့ လုပ်ရသည်မှာ သိပ်တော့မကောင်းလှ။ မျက်စိဆိုသည်မှာ စာကိုမရွတ်နိုင်မီနှင့် ရွတ်မိသောစာကို အဓိပ္ပာယ်မဖော် နိုင်မီ လျင်မြန်စွာ ရွေ့လျားသွားနိုင်ပါသည်။

လက်ကိုကိုက်မိ၍ နာသွားသည်နှင့် စာထဲတွင် စိတ်က မရောက်တော့။ ထို့ကြောင့် ပါးစပ်လှုပ်သည်ကို သိလိုက်သည် နှင့် စာကို ဆက်မဖတ်ပါနှင့်၊ စာအုပ်ကိုပိတ်ပစ်လိုက်ပါ။ ပြီးတော့ထိုရွတ်လိုက်မိသောစာလုံးကို မရွတ်ဘဲ စိတ်ထဲမှာ မြင်ကြည့်ပါ။ ထို့နောက် စာအုပ်ကို ပြန်ဖွင့်ကာ ပါးစပ်ထဲ လက်ထည့်၍ဖတ်ပါ။ ယင်းသို့ ခြောက်ကြိမ်၊ ခုနှစ်ကြိမ်ခန့် ရပ်ခဲ့ရပြီး လက်တွင်လည်း နှစ်နေရာ၊ သုံးနေရာလောက်လည်း ပတ်တီးစည်းရသည့် အချိန်လောက်တွင် ထိုအဖြစ်မျိုး မခံစား လိုတော့ကြောင်း တွေ့ရလိမ့်မည်။

ထိုအချိန်တွင် ရွတ်၍ဖတ်သည့်အကျင့် ပျောက်သွားပေ လိမ့်မည်။

## လက်ထောက်၍ဖတ်ခြင်း

စာဖတ်နှေးရခြင်း၏ အခြားအကြောင်းတစ်ရပ်ကို တင်ပြပါဦး

မည်။ စာကိုလက်နှင့် ထောက်ဖတ်တတ်ပါသလား။ ရှိရှိသားသား ဝန်ခံပါ။ တစ်ခါတစ်ရံ လေးသောစာများကို ဖတ်ရသည့်အခါ ဖတ်နေသည့်နေရာ ပျောက်သွားမည်စိုး၍ လက်နှင့်ထောက်ဖတ်တတ်သည် မဟုတ်လား။

ထိုသို့ မဟုတ်ဘူးဆိုလျှင်တော့ ချီးကျူးပါသည်။ မျက်လုံး သည် လက်ရွေ့သွားသည်ထက် ပို၍မြန်အောင် ရွေ့သွားနိုင်ပါသည်။ ဦးနှောက်သည်လည်း လက်ရွေ့သွားသည်ထက် လျင်မြန်စွာ အဓိပ္ပာယ်ဖော်သွားနိုင်ပါသည်။ စာထဲတွင် စိတ်ဝင်စား လျှင် စာကိုလက်နှင့်ထောက်ထားပြီး မှတ်နေရန်မလိုပါ။

လက်မထောက်ထဲ မနေနိုင်လျှင် လက်ကို ဖင်ခုထိုင်ပြီး ဖတ်ပါ။ ထိုအကျင့် ချက်ချင်းပျောက်သွားလိမ့်မည်။ လက် ထောက် ဖတ်ခြင်းသည် စာဖတ်နှေးစေပါသည်။

## နောက်ပြန်ကြော့ခြင်း

အချက်အလက်များကို ပြန်ကြည့်လို၍ ဖတ်ပြီးသား စာကြောင်း၊ ဖတ်ပြီးသား စာမျက်နှာများကို ပြန်ဖတ်တတ်ပါ သလား။ ပြန်မဖတ်ပါနှင့်၊ ပထမပိုင်း၌ စာထဲတွင် စိတ် မရောက်ဘဲ ဖတ်ခဲ့မိသည်ဆိုမှ ပြန်ဖတ်ပါ။

စာတစ်ပုဒ်ကို နောက်ကြောင်းပြန်ဖတ်ပြီး ဖတ်ပြီးသည့် အကြောင်းအရာကို ပြန်ရှာနေရသည် ဆိုကတည်းက အချိန် နှစ်ဆ ကုန်နေသည်၊ မိမိ ဘာကိုလုပ်လုပ် နှစ်ကြိမ်၊ သုံးကြိမ် ပြန်လုပ်ပါသလား။ ဆား တစ်ဇွန်းခပ်ပါ ဆိုသည့်နေရာတွင် နှစ်ဇွန်း သုံးဇွန်း ခပ်မည်လား။ ကားမောင်းသွားသည့်အခါ နောက်ဆုံး မိမိဖြတ်ခဲ့သည့် မီးပွိုင့်တွင် မီးဝါနှင့် ဖြတ်ခဲ့သည် လား၊ မီးနီနှင့် ဖြတ်ခဲ့သည်လားဟူ၍ ထိုမီးပွိုင့်ကို ပြန်သွားကြည့် မည်လား။

စာထဲတွင် စိတ်မရောက်ဘဲ ဖြစ်နေမှသာ နောက်ပြန်ကြော့၍ ဖတ်သင့်ပါသည်။နောက်ကြောင်း ပြန်ဖတ် တတ်သည့်အကျင့် ရှိနေသည်ဆိုလျှင် ဤစာအုပ်အခန်းတိုင်း၏ နောက်ဆုံးတွင် ပေးထားသည့် လေ့ကျင့်ခန်းစာပိုဒ်များကို နောက်ကြောင်းပြန်မဖတ်ဘဲ တောက်လျှောက်ဖတ်ချသွားပါ။ ထင်သည်ထက်ပို၍ မှတ်မိနေသည်ကို တွေ့ရလိမ့်မည်။

## စိတ်ရောကိုယ်ပါ

ခြုံ၍ဆိုရသော် စာဖတ်ချင်စိတ် အကြီးအကျယ်ရှိနေသည်ဆိုလျှင် ဘာမျှမလိုပါ။ စာဖတ်နည်းအဆင့်ဆင့်ကို ကျွမ်း ကျင်သည့်တိုင် ကျေညက်နိုင်မှုနှင့် စာ 'သွား' မှုနည်းနည်းသာ တိုးတက်လာသည်မျိုး ရှိကောင်းရှိမည်၊ စာတစ်ပုဒ်ကို မဖတ် နိုင်ဆိုသည်မျိုးတော့ ဖြစ်မည်မဟုတ်။

ထို့ကြောင့် စိတ်ရောကိုယ်ပါ အားထုတ်ပါ။ စာဖတ်ခြင်း ကို တိုက်ပွဲအသွင် ကြိုးစားပါ။ မည်သို့ကြိုးစားရမည်ကို ဆက် လက်၍ တင်ပြသွားပါမည်။

## ဆောင်ရန်များ

ဤနည်းနိသျသယများကို လေ့လာသည်ဆိုခြင်းမှာ စာဖတ် မြန်ဖို့ လေ့ကျင့်ရာတွင် ရုပ်ပိုင်းနည်းနိသျသယများသာ ဖြစ် သည်။ 'ရပ်တိုင်'ကို မလျှော့နိုင်လျှင် စကားလုံးတွဲကို ကြည့် ဖတ်ပါ။ စာဖတ်နှေးစေသည့် အကျင့်ဆိုးတွေကိုလည်း ဖျောက် ဖျက်လိုက်ပါ။ စာဖတ်ရာတွင် ပိုမို ကျေညက်နား လည်လာ စေရေးနှင့် စာဖတ်ခြင်းကို ပျော်မွေ့ရန် နည်းလမ်းများကို ဆက်လက် တင်ပြသွားပါဦးမည်။

ရည်မှန်းချက်မှာ စာဖတ်ခြင်းကို ပျော်မွေ့ရန် တစ်ခုသာ မဟုတ်၊ ဘဝ၏တန်ဖိုး အကြီးအကျယ် တိုးတက်လာစေရန် လည်း ဖြစ်သည်။

စာဖတ်ကောင်းတော့ စာအုပ်အရေအတွက် နှစ်ဆတိုး၍ ဖတ်ဖြစ်လာမည်။ ထိုအခါ စာတွေထဲမှ အဖိုး ထိုက်ရတနာများလည်း နှစ်ဆတိုး၍ ရလာပေမည်။

## စာဖတ်ပြေးလမ်း

အောက်ပါစာပိုဒ်များကို ဖတ်၍ မေးခွန်းများကိုဖြေပါ။ စာဖတ်မြန်နှုန်းနှင့် ကျေညက်မှုအဆင့်တို့ကို သိရပါလိမ့်မည်။ စာဖတ်စဉ်မိနစ်လက်တံကိုကြည့်၍ အချိန်မှတ်ပါ။ မေးခွန်း ဖြေသောအချိန်မပါပါစေနှင့်။ ထိုနောက် စာဖတ်မြန်နှုန်းနှင့် ကျေညက်မှုအဆင့်တို့ကိုပုံသေနည်းအတိုင်း တွက်ထုတ်ပါ။

## ' ပြဟ္မဏ၏သား '

အိမ်၏ အရိပ်၌လည်းကောင်း၊ မြစ်ကမ်းပါးရှိ လှေနာဝါများအပေါ် နေပူကျဲတဲတဲ၌လည်းကောင်း၊ မိုးမခပင်နှင့် သဖန်းပင်များ၏ အရိပ်အောက်၌ လည်းကောင်း၊ ပြာဟ္မဏ၏ သား လူချောလူလှ သိဒ္ဓတ္ထ သည် သူငယ်ချင်း ဂေါဝိန္ဒနှင့်အတူ လူလားမြောက်လာခဲ့သည်။ မြစ်ကမ်းပါး၌ ရေချိုးမီးလှူ လုပ်သောကြောင့် သူ၏ကြံ့လှီသော ပခုံးနှစ်ဖက်မှာ နေရောင် စားပြီး မွဲခြောက်ခြောက် ဖြစ်နေသည်။ သရက်ဥယျာဉ်အတွင်း ကစားနေသောအခါ၌ လည်းကောင်း၊ သူ့မိခင် ခမ္မသီချင်း သီဆိုနေစဉ်၌ လည်းကောင်း၊ သူ့ဖခင်ပညာရှိ သုခမိန်များ နှင့် တရားစကား ဆွေးနွေး ပြောကြားနေသောအခါ၌ လည်း ကောင်း၊ သူ၏မျက်လုံး၌ အရိပ်တွေတရိပ်ရိပ် ပေါ်ပေါက်လာ ကြသည်။

သိဒ္ဓတ္ထသည် ပညာရှိသုခမိန်တို့၏ တရားစကားဝိုင်း၌

ပါဝင်ဆွေးနွေးဖူးသည်မှာလည်း အကြိမ်များလှလေပြီ။ သူငယ် ချင်း ဂေါဝိန္ဒနှင့် တရားစကား ငြင်းခုံဆွေးနွေးဖူး သည်မှာလည်း တစ်ကြိမ်တစ်ခါ မကတော့ပေ။ တရားဘာ ဝနာ ပွားများ အား ထုတ်ဖူးသည်မှာလည်း များလှပြီ။ မြင့် မြတ်သော အက္ခရာ စာလုံးဖြစ်သည့် 'ဥုံ' ကိုလည်း အသံ မထွက်ဘဲ ရွတ်ဆိုတတ်နေ ပြီ။ အာနာပါဏ ကမ္မဋ္ဌာန်း ကို စီးဖြန်းရင်းနှင့်လည်း ထို'ဥုံ' အက္ခရာကို ရွတ်ဆိုတတ်နေ ပြီ။ မြင့်မြတ်စင်ကြယ်သော စိတ် နှလုံး၏ အရောင်းဝန်းသည် သူ၏နဖူးပြင်၌ ထွန်းလင်း တောက်ပနေသည်။ မိမိဘဝ၏ အတွင်းသား၌ တည်ရှိနေသော နိစ္စဓုဝဖြစ်သည့် အတ္တမ ကိုလည်း သိတတ်မြင်တတ် ဖြစ်နေ လေပြီ။

မိမိသား၏ ဉာဏ်ထက်မြက်ပုံနှင့် ပညာဗဟုသုတ လိုက် စားပုံကို တွေ့ရသောကြောင့် ဖခင်သည် ပီတိဖြစ် နေသည်။ မိမိသားသည် ပညာရှိတစ်ဦး ဖြစ်လာလိမ့်မည် ဟူ၍ လည်း ကောင်း၊ ယောဂီပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်လာလိမ့် မည်ဟူ၍ လည်းကောင်း၊ ပြဟ္မဏမျိုးနွယ်၏ မကိုဋ်သရဖူ ဖြစ်လာ လိမ့်မည်ဟူ၍ လည်းကောင်း ဖခင်ကမြင်ယောင် နေသည်။

မိမိသား၏ ထပုံ၊ထိုင်ပုံ၊သွားပုံ၊ လာပုံကို တွေ့ရသော အခါ မိခင်သည် ဘဝင်မြင့်နေသည်။ တောင့်တင်းသန်မာ ပြီး လှပ ပြေပြစ်သည့် သိဒ္ဓတ္ထသည် အလွန်တရာ သိမ်မွေ့ နူးညံ့စွာ မိခင်ကို ရိုသေသမှု ပြုသည်။

မြို့တွင်းက လမ်းမများတွင် သိဒ္ဓတ္ထလျှောက်သွားသည့် အခါ သူ၏ထယ်ဝါလျက်ရှိသော မျက်ခုံး၊ မဟာ

သွေးပါသော မျက်လုံး၊ ပြေပြစ်သည့် ကိုယ်ဟန်အနေ အထားကို တွေ့ရသည် ဖြစ်၍ ပြဟ္မဏ သမီးပျိုများသည် သိဒ္ဓတ္ထအား အငမ်းမရ ကြည့်ကြသည်။ ချစ်ကြိုက်သည့်စိတ် ပေါ်လာကြသည်။

ပြာဟ္မဏ၏ သားတစ်ယောက်ဖြစ်သူ ဂေါဝိန္ဒကမူ သိဒ္ဓတ္ထကို အချစ်ဆုံးဖြစ်သည်။ ဂေါဝိန္ဒသည် သိဒ္ဓတ္ထ၏ လှပ သောမျက်လုံးနှင့် ကြည်လင်ပြတ်သားသောအသံကို ချစ်၏။ သိဒ္ဓတ္ထလမ်းသွားပုံကို နှစ်သက်၏။ သိဒ္ဓတ္ထ၏ သိမ်မွေ့ သော ဟန်အမူအရာကို သဘောကျ၏။ သိဒ္ဓတ္ထ လုပ်သမျှ ပြောသမျှ ဘာမဆို အကုန်ကျေနပ်၏။ သိဒ္ဓတ္ထ၏ ပညာ၊ သိဒ္ဓတ္ထ၏ ထက်မြက်သည့် အတွေးအခေါ်၊ သိဒ္ဓတ္ထ၏ ခိုင်မာသော စိတ်ဓာတ်၊ သိဒ္ဓတ္ထ၏ မြင့်မြတ်သောတရားဓမ္မ စိတ်ကိုမူ အကြိုက်ဆုံးဖြစ်သည်။ သိဒ္ဓတ္ထသည် သာမန် ပြဟ္မဏရိုးရိုး တစ်ယောက် ဖြစ်လိမ့်မည်မဟုတ် ဟူ၍လည်း ကောင်း၊ ယဇ် ပူဇော်ပေးသူ ပြဟ္မဏတစ်ယောက် ဖြစ်လိမ့် မည်မဟုတ် ဟူ၍လည်းကောင်း၊ မျက်လှည့်နှင့် ပဥ္စလက် အကြောင်း ပြောပြပြီး စီးပွားရှာနေသော ငွေမက်သောပြဟ္မဏ တစ်ယောက် ဖြစ်လိမ့်မည်မဟုတ် ဟူ၍လည်း ကောင်း၊ အခြောက် တိုက် ဘဝင်မြင့်နေသည့် စာဟောဆရာ ပြဟ္မဏ တစ ်ယောက် ဖြစ်လိမ့်မည်မဟုတ် ဟူ၍လည်းကောင်း၊ စိတ် ယုတ်မာရှိသည့် ပုရောဟိတ်စဉ်းလဲ ဖြစ်လိမ့်မည်မဟုတ် ဟူ၍လည်း ကောင်း၊သို့မဟုတ် တိရိစ္ဆာန်အုပ်ထဲက ရိုး,အ သည့် သိုးကလေး တစ်ကောင် ဖြစ်လိမ့်မည်မဟုတ် ဟူ၍ လည်းကောင်း ဂေါဝိန္ဒက တွက်လေသည်။ သူကိုယ်တိုင်

လည်း ယင်းအမျိုးအစားထဲက တစ်ခုခုဖြစ်လိုစိတ် မရှိပေ။ အရာအထောင်သော အခြား ပြဟ္မဏတို့ကဲ့သို့ ပြဟ္မဏ တစ်ယောက်လည်း ဖြစ်လိုစိတ် မရှိပေ။

ဂေါဝိန္ဒသည် မြင့်မြတ်ကြီးကျယ်သော အချစ်ဆုံး သိဒ္ဓတ္ထ နောက်သို့သာလျှင်လိုက်လေသည်။ ထို့ပြင် အကယ်၍ သိဒ္ဓတ္ထ သည် နတ်ဖြစ်ပြီး နတ်ပြည်စံလျှင် ထိုအချိန်အခါ ၌လည်း ဂေါဝိန္ဒသည် သိဒ္ဓတ္ထ၏ သူငယ်ချင်းအဖြစ်ဖြင့်၊ သိဒ္ဓတ္ထ၏ အဖော်အဖြစ်ဖြင့်၊ သိဒ္ဓတ္ထ၏ အလုပ်အကျွေး အဖြစ်ဖြင့် သိဒ္ဓတ္ထ ၏ လှံတံကိုင်အဖြစ်ဖြင့်၊ သိဒ္ဓတ္ထ၏ အရိပ်အဖြစ်ဖြင့် သိဒ္ဓတ္ထ နောက်သို့သာလျှင် ထက်ကြပ် မကွာ လိုက်ပါသွားလိုလှသည်။

ယင်းသို့လျှင် သိဒ္ဓတ္ထအား အားလုံးက ချစ်ကြမြတ်နိုးကြ သည်။ သိဒ္ဓတ္ထကလည်း အားလုံးအား ကျေနပ် နှစ်သိမ့်အောင်၊ ပျော်ရွှင်အောင် ပြုမူသည်။

သို့ရာတွင် သိဒ္ဓတ္ထကိုယ်တော်တိုင်ကမူ ပျော်ရွှင်ခြင်း မရှိပေ။ သဖန်းဥယျာဉ်အတွင်းရှိ နှင်းဆီပင်များ ပွင့်လန်း ဝေဆာ နေသည့် လမ်းများပေါ်တွင် လျှောက်သွားသည့်အခါ၌ လည်းကောင်း၊ ပန်းချုံ ပန်းရုံများ၏ ညို့မှိုင်းသော အရိပ် အောက်၌ထိုင်ပြီး တရားဘာဝနာပွားများ အားထုတ်နေသည့် အခါ၌ လည်းကောင်း၊ စိတ်နှလုံး ဖြူစင်ရန်အတွက် မြတ် သော ရေချိုးခြင်း ပြုလုပ်နေသည့်အခါ၌ လည်းကောင်း၊ သရက် ဥယျာဉ်၏ တစ်ခဲနက်ညို့မှိုင်းနေသော အရိပ်အောက်၌ ထိုင်ပြီး ယဇ်ပူဇော် နေသည့်အခါ၌လည်းကောင်း အလွန် တရာသိမ်မွေ့ပြေပြစ်သော အမူအရာများဖြင့် သိဒ္ဓတ္ထသည်

အရဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

အားလုံးအား နှစ်သိမ့်စေခဲ့သည်။ ရွှင်ပြုံးစေခဲ့သည်။ သို့ရာတွင် သူ၏ နှလုံးအတွင်း၌မူ နှစ်သိမ့်မှုမရှိခဲ့။ ရွှင်ပြုံးမှုမရှိခဲ့။ မြစ်နဒီမှ လည်းကောင်း၊ ညဉ့်အခါ ပြိုးပြိုးပြက်ပြက်ဖြစ်နေကြသော ကြယ်တာရာများမှ လည်းကောင်း၊ နေမင်း၏ ဝင်လုဆဲနေ ရောင်ခြည်များမှ လည်းကောင်း အိပ်မက်များ၊ ရပ်နားခြင်း မရှိသည့် အတွေးများသည် သူ့ထံဝင်လာမစဲ ဖြစ်နေသည်။ အိပ်မက်များနှင့် စိတ်နှလုံး မငြိမ်သက်မှုများသည် ယဇ်မီး၏ အခိုးအငွေ့များမှလည်းကောင်း၊ 'ရိဂဝေဒ'၏ ဂါထာမန္တန်များ မှလည်းကောင်း၊ လူကြီးသူမပြဟ္မဏများ၏ အဆုံးအမ ဥပဒေ များမှလည်းကောင်း ပေါ်ထွက်ပြီးလျှင် သူ့ထံ လာနေကြသည်။

သိဒ္ဓတ္ထသည် မိမိသန္တာန်၌ မကျေနပ် မရောင့်ရဲမှု အစေ့ များ အညွန့်အညှောက် ဖြစ်ပေါ်လာပြီ ဆိုသည့် အကြောင်းကို သိစပြုလာသည်။ သူ့မိခင်၊ ဖခင်၏ ချစ်ခြင်းမေတ္တာနှင့် သူငယ်ချင်း ဂေါဝိန္ဒ၏ ချစ်ခြင်းမေတ္တာတို့သည် အခါခပ်သိမ်းပင်သူ့ကို ရွှင်ပြုံးအောင် မလုပ်ဟူ၍ လည်းကောင်း၊ သူ့အား ငြိမ်းချမ်းမှုမပေးဟူ၍လည်းကောင်း၊ သူ့ကိုကျေနပ်မှု ရောင့်ရဲမှုရအောင်မပြုဟူ၍လည်းကောင်း သိဒ္ဓတ္ထ နားလည်စ ပြုလာ သည်။ သူ၏ အရည်အချင်းပြည့်ဝသည့် ဖခင်နှင့် ဆရာသမား များသည် လည်းကောင်း၊ ပညာရှင် ပြဟ္မဏများသည် လည်း ကောင်း၊ သူတို့၏ ကြွယ်ဝသော ပညာကောင်း ပညာမွန်များကို သူ၏ ဆိတ်သုဉ်းနေသည့် ခွက်ထဲသို့ လောင်းထည့်ကြသည်။ သို့ရာတွင်

သူ၏ခွက်သည် ပြည့်မလာသေးပေ။ သူ၏ အသိ ဉာဏ်သည် ရောင့်ရဲတင်တိမ်မှု မရှိသေးပေ။ သူ၏ ဝိညာဉ် သည် ငြိမ်းချမ်းမှု မရရှိသေးပေ။ သူ၏ နှလုံးသားသည် တည်ငြိမ်မှု မရရှိသေးပေ။ ယင်းသို့ သိဒ္ဓတ္ထ သံသယ ဖြစ်လာ သည်။

မြတ်သော ရေချိုးခြင်းသည် သင့်လျော်ကောင်းမွန်လှပေသည်။ သို့ရာတွင် ယင်းသည် ရေမျှသာလျှင် ဖြစ်သည်။ ရေချိုးခြင်းသည် မကောင်းမှုများ ပပျောက်စင်ကြယ်သွားအောင် မတတ်နိုင်ပေ။ ပူပန်နေသည့် စိတ်နှလုံးကိုလည်း အေးချမ်းရွှင်လန်းသွားအောင် မပြုနိုင်ပေ။ ယဇ်ပူဇော်ခြင်းနှင့် နတ်ဒေဝတာများအား ပသခြင်းသည် မွန်မြတ်လှပေသည်။ သို့ရာတွင် ယင်းအပြုမူများဖြင့် ပြည့်စုံလုံလောက်ပြီလော၊ ယဇ်ပူဇော်မှုများသည် ချမ်းသာရွှင်လန်းမှုကို ပေးစွမ်းနိုင်ပါ သလော။ နတ်ဒေဝတာများကကော။ ပြဟ္မာမင်းက ကမ္ဘာ လောကကို ဖန်ဆင်းသည် ဆိုသည်မှာ မှန်ပါ၏လော။ အတ္တမ သည်သာလျှင် ကမ္ဘာလောကကို ဖန်ဆင်းသည် မဟုတ်ပါ လော။ နတ်ဒေဝတာတို့၏ ပုံပန်းသဏ္ဍာန်များ သည်လည်း ကျွန်ုပ်နှင့် သင်တို့၏ ပုံပန်းသဏ္ဍာန်များကဲ့သို့ပင် မဟုတ် လော။ သူတို့တွင်လည်း ဇရာ၊ မရဏရှိသည် မဟုတ်လော။ သို့ဖြစ်လျှင် နတ်ဒေဝတာများအား ယဇ်ပူဇော် ပသခြင်းသည် သင့်မြတ်ကောင်းမွန် မှန်ကန်သည့် အပြုအမူ ဖြစ်ပါမည် လော။ လူသည် အတ္တမတည်းဟူသော တစ်ခုတည်းသော အရာကလွဲပြီး အခြားအရာတစ်ခုခုကို ပူဇော်ပသ သင့်ပါ သလော။

အတ္တမကိုကော ဘယ်နေရာမှာ ရှာမည်နည်း။ အတ္တမ၏ နေရာဌာန ဘယ်မှာရှိသနည်း။ အတ္တမသည် အသား၊ အရိုး မဟုတ်။ အတွေး၊ အသိမဟုတ်။ ယင်းသို့လည်း ပညာရှိများ အမိန့်ရှိထားကြ၏။ သို့ဖြစ်လျှင် အတ္တမ ဘယ်မှာရှိသနည်း။ အတ္တမရှိရာသို့ သွားဖို့ရန်အတွက် တခြားရှာဖွေသင့် ရှာဖွေ အပ်သည့်လမ်း ရှိသေးသလော။ ထိုလမ်းကို မည်သူမျှမညွှန်ပြ။ ထိုလမ်းကို မည်သူမျှမသိ။ သူ့ဖခင်လည်း မသိ။ သူ့ဆရာသမား လည်း မသိ။ မြင့်မြတ်သည့် ဓမ္မဂီတများကိုလည်းမသိ။ ဗြဟ္မဏများနှင့် ယင်းတို့၏ မြင့်မြတ်သည့် ဓမ္မကျမ်းဂန်များသည် အရာဝတ္ထုအားလုံးကိုသိ၏။ ယင်းတို့သည် အရာဝတ္ထုအားလုံး အတွင်း ထွင်းဖောက်ဝင် ရောက်၏။ ကမ္ဘာလောကကို ဖန်ဆင်းမှု၊ စကား စတင်ဖြစ် ပေါ်မှု၊ ထွက်သက်၊ ဝင်သက်၊ ဣန္ဒြေတို့၏ အစုအစဉ်၊ နတ်ဒေ ဝတာတို့၏ အပြုအမူ စသည် အားလုံးကိုသိ၏။ ယင်းတို့သည် ကျယ်ပြန့်သော အသိဉာဏ်နှင့် ပြည့်စုံ၏။ သို့ရာတွင် အရေး ကြီးသော အရာဝတ္ထုတစ်ခုကို၊ တစ်ခုတည်းသော အရေးကြီး သော အရာဝတ္ထုတစ်ကို မသိလျှင် ထိုအရာဝတ္ထုအားလုံးကို သိ၍ကော ဘာအကျိုးကျေးဇူး ရှိမည်နည်း။

ဓမ္မကျမ်းဂန်များ၏ များစွာသော ဂါထာတို့သည် လည်းကောင်း၊ အားလုံးထက်ပိုပြီး သာမဝေဒ၏ ဥပါနိသျှဒ်တို့သည် လည်းကောင်း၊ ယင်း အတွင်းကျသည့် အရာဝတ္ထုအကြောင်းကို ပြောပြကြသည်။ "သင်၏ ဝိညာဉ်သည်

ကမ္ဘာ လောက တစ်ခုလုံး ဖြစ်သည်” ဟု ရှင်းလင်းပြတ်သားစွာ ရေးသား ထားကြသည်။ အိပ်ပျော်သွားလျှင် လူသည် မိမိ၏ အတွင်းသား ထဲ ထိုးဖောက်ဝင်ရောက်သွားပြီး အတ္တမဉ် နေထိုင်၏ ဟူ၍ ပြောပြထားကြသည်။ ယင်းဂါထာ ပုဒ်ပါဌ်များ၌ အံ့သြဖွယ် ပညာဉာဏ်များ စုနေကြသည်။ ရသေ့သူတော်စင်တို့၏ အသိပညာအားလုံးကို ပျားများသိုမှီးထားသည့် ပျားရည်ကဲ့သို့ စင်ကြယ်သန့်ပြန့်စွာ နှစ်လိုဖွယ် ဘာသာစကားလုံးများဖြင့် ဖွင့်ပြထားကြသည်။ ဗြဟ္မဏ ပညာရှိ ဘိုးစဉ်ဘောင်ဆက်တို့ သိုမှီးထိန်းသိမ်းထားခဲ့သည့် ယင်းကြွယ်ဝသော အသိပညာအစု အပုံကို ခပ်လွယ်လွယ် ဥပေက္ခာပြုလိုက်၍ မဖြစ်ပေ။ သို့ရာတွင် ယင်းကြွယ်ဝသော အသိပညာ ကို ရရှိရုံသာလျှင် မဟုတ်။ သိမြင် ထိတွေ့ခြင်း၌ အောင်မြင်မှုရှိကြသော ထိုဗြဟ္မဏများ၊ ထိုပုရောဟိတ်များ၊ ထိုပညာရှင်များ ယနေ့ဘယ်မှာ ရောက်ရှိ နေကြသနည်း။ အိပ်ပျော်နေစဉ် အတ္တမကိုရရှိပြီး ထိုအတ္တမကို နိုးနေသော အခါ၌ လည်းကောင်း၊ အသက်ရှိနေသည့်အခါ၌ လည်းကောင်း၊ နေရာအနှံ့အပြား စကား၌လည်းကောင်း၊ အလုပ်၌လည်းကောင်း ထိန်းထားနိုင်သည့်ထိုဉာဏ်ရှင် ပညာရှင်များ ယခု ဘယ်ရောက် နေကြသနည်း။

သိဒ္ဓတ္ထသည် ထိပ်တန်းဗြဟ္မဏများစွာကိုသိ၏။ အားလုံး ထက်ပို၍ သူ့ဖခင်သည် မြင့်မြတ်စင်ကြယ်သူ၊ ဉာဏ်ပညာ ကြီးသူ၊ လေးစားအပ်သူ ဗြဟ္မဏတစ်ဦးဖြစ်၏။ သူ့ဖခင်၏ အမူအရာသည် ငြိမ်သက်၏။ မြင့်မြတ်၏။

သူ့ဖခင်၏ ဘဝ သည် စင်ကြယ်ကောင်းမြတ်၏။ သူ့ဖခင်၏ စကားများသည် နက်နဲ၏။ သူ့ဖခင်၏ ဦးနှောက်၌ လှပြီး မြင့်မြတ်သော အတွေး အခေါ်များစု၍နေ၏။ ဤရွှေ့ဤမျှ တတ်သိ နားလည်နေ သော သူ့ဖခင်သည်ပင်လျှင် စိတ်အေး လက်အေး နေရပြီ လော။ ငြိမ်းချမ်းမှုရရှိပြီလော။ သူ့ဖခင် လည်း မရောင့်ရဲနိုင် သေးသော သုတေသီတစ်ယောက်ပင် မဟုတ်လော။ သူ့ဖခင် ကော မရောင့်ရဲနိုင်သည့်မွတ်သိပ်မှု ဖြင့် ဓမ္မခရီးကို ဆက်မ သွားဘူးလော။ ယဇ်ပူဇော်မှုများ၌ လည်းကောင်း၊ ကျမ်းဂန် စာအုပ်များ၌ လည်းကောင်း၊ ပြဟ္မဏတို့၏ တရားအဆုံးအမ၌ လည်းကောင်း သူ့ဖခင် သည် မသိသေးသည့်အရာကို မစူးစမ်း မရှာဖွေဘူးလော။ သူ့ဖခင်သည် အပြစ်အနာအဆာမရှိသူ ဖြစ်သော်လည်း နေ့စဉ်နေ့တိုင်း အဘယ့်ကြောင့် မြတ်သော ရေချိုးခြင်းဖြင့် မိမိအပြစ်ကို ဆေးကြောပြီး မိမိကိုယ်ကို စင် ကြယ်အောင် ပြုလုပ်နေသနည်း။ ယင်းတို့ဖြစ်ပါမူ သူ့ဖခင်၏ အဇ္ဈတ္တိက သန္တာန်၌ အတ္တမမရှိဘူးလော။ သူ့ဖခင်၏ နှလုံး အတွင်း၌ အချက်အလက် မရှိဘူးလော။ လူသည် မိမိ၏ အဇ္ဈတ္တိက သန္တာန်တွင်းမှသာလျှင် အချက်အလက်ကို ရယူသင့်သည်။ လူသည် အချက်အလက်နှင့် ပြည့်စုံအောင် ပြုသင့်သည်။ ထိုမှတစ်ပါး အခြားသောအရာများသည် ရှာမှီး ခြင်းသာ ဖြစ်သည်။ မိမိကိုယ်ကို လှည်းစားခြင်းသာ ဖြစ်သည်။

ဤကား သိဒ္ဓတ္ထ၏ အတွေးဖြစ်သည်။ သိဒ္ဓတ္ထ၏ မွတ်သိပ်မှု ဖြစ်သည်။ သိဒ္ဓတ္ထ၏ ခံစားမှု ဖြစ်သည်။

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

သိဒ္ဓတ္ထသည် ဆန္ဒောဂျေယ ဥပနိသျှဒ်မှ တဿဟာဝါ **ဧတဿ ဗြဟ္မဏာနာမ သစ္စမိတိ။ အဟာရဟာဗ္ဗ ဧဝံ ဝိသဂ္ဂ လောကမေတိ**[၁] ဟူသော ဂါထာပါဌ်ကို မကြာခဏ ရွတ်ဖတ် သရဇ္ဈာယ်နေသည်။

နတ်ပြည်နတ်လောကသည် အနီးအနားမှာပင် ရှိသည်ဟု ထင်နေရသည်။ သို့ရာတွင် သိဒ္ဓတ္ထသည် ဘယ်တော့မှ ထို နတ်ပြည် နတ်လောကသို့ မရောက်။ ဘယ်တော့မှ နောက်ဆုံးမွတ်သိပ်မှုသည် ပြေမသွားခဲ့။ ထို့ပြင် သူသိသော၊ သူ့ကို တရားအဆုံးမ ညွှန်ပြဟောပြသော ကညာရှိကြီးထဲကလည်း နတ်ပြည် နတ်လောကကို ရောက်ရှိသွားသူဟူ၍ တစ်ဦးတစ် ယောက်မျှ မရှိ။ ထာဝရမွတ်သိပ်မှု ပြေငြိမ်းသွားသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိ။

"ဂေါဝိန္ဒ"

သိဒ္ဓတ္ထသည် သူ့မိတ်ဆွေအား ခေါ်လိုက်သည်။ 'ဂေါဝိန္ဒ၊ လာ ညောင်ပင်အောက် သွားကြရအောင်။ ဟိုမှာ ငါတို့ တရား ထိုင်ကြမယ်'

---

၁။ သိဒ္ဓတ္ထ ရွတ်သောဂါထာမှာ ဆန္ဒောဂျေယ ဥပနိသျှဒ် အဋ္ဌမ ပပါဌက စတုတ္ထခဏ္ဍဂါထာ ၄-၅ ဖြစ်သည်။ ယင်းဂါထာကို စာရေးဆရာ၏ မူရင်းစာ၌ မည်သို့ရေးထားသည်ကို မသိရသော် လည်း အင်္ဂလိပ်ဘာသာပြန်၌မူ အနက်ဓိပ္ပာယ်မျှကိုသာ ပြန်ထား သည်။ အနက်အဓိပ္ပာယ်ကား "အမှန်စင်စစ်အားဖြင့် ဗြဟ္မဟူသော အမည်သည် သစ္စာ ဖြစ်၏။ ယင်းအချက်ကို တကယ်သိသူသည် နတ်ပြည် နတ်လောကသို့ နေ့စဉ် နေ့တိုင်း ရောက်ရှိ၏။"

မြန်မာပြန်သူ

ညောင်ပင်အောက် သွားကြပြီးလျှင် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အလှမ်းနှစ်ဆယ်လောက် ခွာပြီး ထိုင်လိုက်ကြ၏။ ‘ဥုံ’ ကို ရွတ်ရန် စနစ်တကျ ထိုင်ပြီးသောအခါ သိဒ္ဓတ္ထသည် **ပရဏဝေါဓနု သရောဟျတ္တမာ ဗြဟ္မ တလ္လ က္ခယမုစ္စတေ၊ အပရမတေန ဝေဒ္ဓယဗ်ံ့ သရဝတ္တံ့ မယော ဘဝေ**[၁] ဟူသောဂါထာပါဌ် ကိုရွတ်ဖတ်သရဇ္ဈာယ်လိုက်သည်။

ထုံးစံအတိုင်း တရားထိုင်သည့်အချိန် စေ့သွားသောအခါ ဂေါဝိန္ဒသည် မတ်တတ်ရပ်လိုက်၏။ အချိန်မှာ ညနေဆည်း ဆာချိန် မြတ်သောရေချိုးခြင်းကို ပြုရန်အချိန် ရောက်လာလေ ပြီ။ ဂေါဝိန္ဒ သိဒ္ဓတ္ထကို ခေါ်လိုက်၏။ သိဒ္ဓတ္ထထံမှ စကား ပြန်မရ။ သိဒ္ဓတ္ထသည် နေရာမရွေ့ ထိုင်နေ၏။ ခရီးလှမ်းသော ရည်မှန်းချက်ရှိရာသို့ စူးစိုက်ကြည့်နေသည် ထင်ရ၏။ လျှာဖျား ကလေးကို သွားကြားထဲတေ့ထား၏။ ကြည့်ရသည်မှာ အသက် ရှုနေသည်ဟု မထင်ရ။ ထိုအတိုင်း ထိုင်ပြီး တရားဘာဝနာကို ပွားများရင်း၊ ‘ဥုံ’ ကို စဉ်းစား

---

၁။ သိဒ္ဓတ္ထ ရွတ်ဆိုသောဂါထာမှာ မုဏ္ဍက ဥပနိသျှဒ် ဧကေဒသမ ပပါဌက ဒုတိယဏ္ဍ စတုတ္ထသုတ် ဖြစ်သည်။ ဤ နေရာ၌လည်း စာရေး ဆရာ၏ မူရင်းစာတွင်မည်ကဲ့သို့ ရေးထား သည်ကို မသိရသော်လည်း အင်္ဂလိပ်ဘာသာပြန်၌မူ အနက် အဓိပ္ပာယ်ကိုသာ ပြန်ထားသည်။ အနက် အဓိပ္ပာယ်ကား ‘ဥုံ’ သည် လေးဖြစ်၏။ မြားသည် အတ္တမဖြစ်၏။ ဗြဟ္မ သည် မြား၏ ရည်မှန်း ချက် ဖြစ်၏။ လူသည် ထိုရည်မှန်းချက်ကို စွဲစွဲ မြဲမြဲထားသင့်သည်။

**မြန်မာပြန်သူ**

http://www.cherrythitsar.org

ဆင်ခြင်ရင်း မိမိဝိညာဉ်ကို မြားကဲ့သို့ ပြဟ္မရှိရာကို ချိန်ရွယ်ထား၏။

တစ်ခါတုန်းက သမဏအချို့သည် သိဒ္ဓတ္ထ၏မြို့မှ ဖြတ် သွားကြဖူးသည်။ ဒေသစာရီ ခရီးလှည့်လည်နေသည့် ယောဂီ သုံးဦးတို့ ဖြစ်ကြ၏။ သုံးဦးလုံးပင် ကိုယ်ကာယ ကြုံလှီခြောက် ကပ်နေသူများ ဖြစ်ကြ၏။ အရွယ် အားဖြင့်မူ အိုလည်း မအို၊ ပျိုလည်း မပျို။ သူတို့၏ ပခုံး၌ မြေမှုန့် အလိမ်းလိမ်း ကပ်နေ၏။ သွေးစ သွေးန ပေကျံနေ၏။ ကိုယ်လုံးတည်းများ ဖြစ်နေကြ၏။ နေရောင် စားသဖြင့် အသား အရေများ မဲ့ခြောက်ခြောက် ဖြစ်နေ၏။ သူတစ်ပါးနှင့်လည်း ရောရောနှောနှော မရှိ။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ဆန်းဖြစ်နေကြ၏။ ကြည့်ရသည်မှာ နှစ်မြို့ဖွယ်လည်း မရှိ။ လူ့အသိုင်းဝိုင်း ထဲ၌ တောခွေးပိန်များ ရောက်လာ သကဲ့သို့ ထင်ရ၏။ သူ့တို့၏ လေးဖက်လေးတန်၌ ငြိမ်သက်နေ သော အတွေး အသိ ပတ်ဝန်းကျင် လွှမ်းနေ၏။ သူ့တို့၏ အကျင့်မှာ အပြု မဟုတ်။ အဖြစ် ဖြစ်၏။ မိမိတို့၏ ဘဝကို အညှာတာ မဲ့စွာ လျစ်လျူရှုထားသူများ ဖြစ်ကြ၏။

ညနေဆည်းဆာအချိန် တရားဘာဝနာ ပွားများချိန် ကုန်လွန်သွားသောအခါ သိဒ္ဓတ္ထက ဂေါဝိန္ဒအား ပြောလိုက် လေသည်။

“မိတ်ဆွေ၊ နက်ဖြန်ခါကျရင် သိဒ္ဓတ္ထတော့ သမဏ တွေ နောက် လိုက်သွားတော့မယ်။ သိဒ္ဓတ္ထလည်း သမဏလုပ် လိမ့်မယ်”

ဂေါဝိန္ဒသည် ထိုစကားကိုကြားရပြီး သူ့မိတ်ဆွေ၏

မျက်နှာပေါ်တွင် ပေါ်နေသည့် ခိုင်မြဲသော အဆုံးအဖြတ်ကို မြင်ရသောအခါ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ လေးမှ လွတ် လိုက်သော မြားကဲ့သို့ သိဒ္ဓတ္ထ၏ အဆုံးအဖြတ် သည် ရည်မှန်း ချက်ရှိရာသို့ ရောက်ရှိရေး၌ တိမ်းစောင်းသွားခဲလှ သည်။ သူ မိတ်ဆွေ၏ မျက်နှာကို တစ်ချက်ကြည့်လိုက်ရုံ မျှဖြင့် "အင်း အလုပ်တော့စပြီ" ဟု ဂေါဝိန္ဒ သဘောပေါက် သွားသည်။ သိဒ္ဓတ္ထသည် မိမိလမ်း မိမိခရီးကို ထွက်လာခဲ့ လေသည်။ သိဒ္ဓတ္ထ၏ ကံကြမ္မာသည် ပေါ်လွင်လာလေပြီ။ သိဒ္ဓတ္ထ၏ ကံကြမ္မာနှင့် အတူတကွ သူ့ကံကြမ္မာလည်း ထင်ရှားပြတ်သား လာပြီ။ ယင်းသို့စဉ်းစားပြီးလျှင် ဂေါဝိန္ဒ သည် ငှက်ပျောဖတ်ကဲ့ သို့ ဖြူဖတ် ဖြူရော် ဖြစ်နေသည်။

"သိဒ္ဓတ္ထ၊ မင်းဖခင်က မင်းကို ခွင့်ပေးမှာတဲ့လား။" ဂေါဝိန္ဒက သိဒ္ဓတ္ထကို မေးလိုက်သည်။ သိဒ္ဓတ္ထသည် အိမ်ပျော် နေရာမှ နိုးလာသည့်အလား သူ့မိတ်ဆွေကိုကြည့် လိုက်သည်။ လျှပ်ပြက်သကဲ့သို့ တစ်ခဏအတွင်းမှာပင် ဂေါဝိန္ဒ၏ စိုးရိမ်မှု၊ ကြောင့်ကြမှု၊အားလျော့မှုကို သိရှိ နားလည်သွား၏။ ဖြည်းညင်း စွာပင် ပြန်ပြောလိုက်သည်။

"ငါ စကားရှည် မနေချင်တော့ဘူး ဂေါဝိန္ဒ။ နက်ဖြန်ခါ မိုးလင်းတာနဲ့ တစ်ပြိုင်နက် ငါ သမဏဘဝကို အစပြုတော့ မယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး နောက်ထပ် စကားမစရင် ကောင်းလိမ့်မယ်"

သိဒ္ဓတ္ထသည် အခန်းတစ်ခန်းထဲ ဝင်သွားသည်။ အခန်းထဲ တွင် ဖခင်ဖြစ်သူသည် ဖျာပေါ်မှာ ထိုင်နေသည်။ သိဒ္ဓတ္ထသည် သူ့ဖခင်နောက်ဘက်သွားပြီး သူရောက်ရှိနေကြောင်း သူ့

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

ဖခင်မသိမချင်း မတုန်မလှုပ် ရပ်နေသည်။ ဖခင်ပြဟ္မဏာကြီးက မေးလိုက်သည်။

"သိဒ္ဓတ္ထလား။ ဘာပြောချင်လို့လဲ"

သိဒ္ဓတ္ထက အဖြေပေးသည်။

"အဖေ ခွင့်ပြုရင် ကျွန်တော် တစ်ခုပြောချင်ပါတယ်။ ကျွန်တော် နက်ဖြန်ခါ အဖေ့အိမ်ကထွက်ခွာပြီး သမဏတွေဆီ လိုက်သွားတော့မယ်။ ကျွန်တော် သမဏတစ်ဦးဖြစ်ချင်တဲ့ စိတ်ဆန္ဒ ပြင်းပြနေပါတယ်။ အဖေ့အနေနဲ့ ကန့်ကွက်မှာ မဟုတ်ဘူးလို့ ကျွန်တော် စိတ်ချယုံကြည်ပါတယ်"

ကြယ်တာရာများ ထိုပြတင်းပေါက်ငယ်ကို ဖြတ် ကျော်သွားသည်အထိ ဖခင်ပြဟ္မဏာကြီးသည် စကားမပြော တုံဏှိ ဘော လုပ်နေ၏။ သားဖြစ်သူကလည်း လက်အုပ်ချီပြီး မတုန် မလှုပ်ရပ်နေ၏။ ဖခင်ဖြစ်သူသည် ဖျာပေါ်၌ ကျောက်ရုပ်ကဲ့သို့ ထိုင်နေ၏။ ကြယ်တာရာများက ကောင်းကင်ပြင်၌ ဖြတ်ကျော်သွားကြသည်ထိုနောက်မှဖခင်ကပြောလေသည်။

"ဒေါသနဲ့ စကားအော်ကျယ်ဟစ်ကျယ်တော့ ပြဟ္မဏာတွေ အနေနဲ့ မလျော်ပါဘူး။ ဒါပေမယ့် ငါ့နှလုံးထဲမှာ စိတ်မချမ်း မသာ ဖြစ်နေတယ်။ မင်းဆီက ဒီလိုတောင်းပန်တာမျိုး ငါ နောက်ထပ်မကြားချင်ဘူး။"

ဖခင် ပြဟ္မဏာကြီးသည် ဖြည်းညင်းစွာ ထလိုက်သည်။ သိဒ္ဓတ္ထကမူ လက်အုပ်ချီလျက် မတုန်မလှုပ်ပင် ရပ်မြဲရပ်နေ၏။

"မင်း ဘာစောင့်နေတာလဲ" ဖခင်က မေးလိုက်သည်။

"ကျွန်တော် ဘာစောင့်နေတယ်ဆိုတာ အဖေသိပါတယ်" သိဒ္ဓတ္ထက ပြန်ဖြေသည်။

ဖခင်ဖြစ်သူသည် စိတ်လက်မချမ်းမသာဖြင့် အခန်းထဲက ထွက်ပြီး အိပ်ရာထဲ သွားလှဲနေလိုက်သည်။

တစ်နာရီခန့်မျှ ကြာသွား၏။ သို့ရာတွင် ပြဟ္မဏကြီး သည် အိပ်မပျော်သဖြင့် ထပြီး အိမ်ထဲ၌ ဟိုလျှောက်ဒီလျှောက် လုပ်နေသည်။ ထို့နောက် အိမ်ထဲက အပြင်ထွက် လိုက်သည်။ ပြတင်းပေါက်ငယ်မှ ကြည့်လိုက်သောအခါ လက် အုပ်ချီပြီး မလှုပ်မယှက်ရပ်နေသော သိဒ္ဓတ္ထကို တွေ့မြင်ရ သည်။ သိဒ္ဓတ္ထ၏ ဝါဖြော့သောအင်္ကျီမှာ တလက်လက်ဖြစ်နေသည်။ နှလုံးသားထဲတွင် နာကျင်လာသဖြင့် ဖခင် ပြဟ္မဏကြီး သည် အိပ်ရာထဲတွင် ပြန်လှဲလိုက်ပြန်သည်။

နောက်တစ်နာရီ ကြာသွားပြန်၏။ သို့ရာတွင် ပြဟ္မဏကြီး သည် အိပ်၍မရသဖြင့် ထပြီး အိမ်ထဲတွင် ဟိုလျှောက်ဒီလျှောက် လုပ်နေပြီးနောက် အိမ်အပြင်ထွက်ပြန်သည်။ ထိုအခါ လထွက်လာသည်ကိုတွေ့ရသည်။ ပြတင်းပေါက်ငယ်မှ ကြည့်လိုက်ပြန်ရာ လက်အုပ်ချီပြီး မလှုပ်မယှက် ရပ်နေသော သိဒ္ဓတ္ထကို တွေ့ရပြန်သည်။ သိဒ္ဓတ္ထ၏ ညို့ပြသကျည်းပေါ်၌ လရောင် တလက်လက် တောက်နေသည်။ နှလုံးထဲတွင် နာကျင်လာသဖြင့် ဖခင် ပြဟ္မဏကြီးသည် အိပ်ရာထဲ သွားလှဲ လိုက်ပြန်လေသည်။

ထို့နောက် တစ်နာရီအကြာတွင် တစ်ခါ၊ နှစ်နာရီအကြာ တွင် တစ်ခါ၊ ဖခင်ပြဟ္မဏကြီးသည် ထထလာပြီး ပြတင်း ပေါက်ကနေ ကြည့်၏။ လရောင်အောက်၌ လည်းကောင်း၊ ကြယ်ရောင်အောက်၌ လည်းကောင်း၊ မှောင်ထဲ၌လည်းကောင်း၊ မလှုပ်အယှက်ရပ်မြဲရပ်နေသော

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

သိဒ္ဓတ္ထကို တွေ့ရ၏။ ထိုနောက် ဖခင်ပြဟ္မဏကြီးသည် တစ်နာရီပြီး တစ်နာရီ ချွတ်နင်း နင်းလာပြီး အခန်းထဲ လှမ်းမျှော်ကြည့်၏။ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက်သာ ရပ်နေသော သိဒ္ဓတ္ထကို တွေ့ရ၏။ ပြဟ္မဏကြီး၏ နှလုံးထဲတွင် ဒေါသ၊ သောက၊ ဘယ၊ ဒေါမနဿ များ ပြည့်လျှံလာလေသည်။

ထိုနောက် မိုးမလင်းမီ ညဥ့်၏ အပြီးသတ်နာရီ၌ ဖခင် ပြဟ္မဏကြီးသည် တစ်ဖန်လာပြီး အခန်းထဲဝင်ကြည့် ပြန်သည်။ သားလုလင်မှာ နေရာမရွေ့၊ ရပ်မြဲပင် ရပ်နေသည်။ ဖခင် ပြဟ္မဏကြီးသည် သားဖြစ်သူအား အရပ် အမောင်းရှည်သူ တစ် ယောက်လိုလို၊ လူစိမ်းသူစိမ်းတစ် ယောက်လိုလို ထင်မှတ် နေသည်။

" သိဒ္ဓတ္ထ၊ မင်း ဘာကိုစောင့်နေတာလဲ" ဖခင်က မေးလိုက်ပြန် လေ၏။

"ဘာကိုစောင့်နေတယ်ဆိုတာ အဖေ သိတယ်"

"မင်းမိုးလင်းအထိ၊ မွန်းတည့်အထိ၊ ညနေအထိ ဒီလိုပဲ ရပ်စောင့်နေမလို့လား"

"ဟုတ်ကဲ့၊ ကျွန်တော် ရပ်စောင့်နေမယ်"

"မင်း မမောဘူးလား သိဒ္ဓတ္ထ "

"ကျွန်တော်လား မောလာမှာ"

"မင်း အိပ်မပျော်သွားဘူးလား သိဒ္ဓတ္ထ "

"ကျွန်တော် အိပ်ပျော်သွားဖို့ ဝေးပါသေးတယ်"

"မင်း သေမသွားဘူးလား သိဒ္ဓတ္ထ "

"ကျွန်တော်လား သေသွားမှာ"

"အင်း ပြီးတော့ ကိုယ်ဖခင်စကားကို နားမထောင် ရတာ ထက် သေလိုက်ရတာကို မင်းသဘောမကျဘူးလား"

" သိဒ္ဓတ္ထဟာ ဘယ်အခါမဆို ကိုယ့်ဖခင်စကားကို နား ထောင်ပါတယ်"

"ဒါဖြင့် မင်း ကိုယ့်အကြံကို လက်လျှော့လိုက်ပြီလား"

" သိဒ္ဓတ္ထဟာ ကိုယ့်ဖခင်ပြောတာကိုပဲ လုပ်မယ်"

နေ့၏ ရောင်ခြည်ဦးသည် အခန်းထဲ ဝင်ရောက်လာသည်။ သိဒ္ဓတ္ထ ဒူးအတန်ငယ် တုန်လာသည်ကို ဖခင် ပြဟ္မဏ ကြီး တွေ့ရ၏။ သို့ရာတွင် သိဒ္ဓတ္ထ၏ မျက်နှာ၌မူ စိုးစဉ်းမျှ တုန်လှုပ်ခြင်းမရှိ။ ဝေးကွာလှသောအရပ်သို့ လှမ်းမျှော်ကြည့် နေ၏။ သိဒ္ဓတ္ထသည် မိမိနှင့်အတူ အိမ်၌ ကြာကြာနေနိုင် တော့မည် မဟုတ်ကြောင်း၊ မိမိကို စွန့်ခွာ ထားပြီးပြီဖြစ် ကြောင်း ဖခင်ပြဟ္မဏကြီး ရိပ်မိသွား၏။

ဖခင်သည် သိဒ္ဓတ္ထ၏ ပခုံးကို ကိုင်လိုက်သည်။

"မင်း တောထွက်တော့မယ် ဟုတ်လား။ သမဏ လုပ် တော့မယ် ဟုတ်လား။ အကယ်၍ မင်း တောထဲမှာ မြင့်မြတ်တဲ့ တရားအမြင်ကို မြင်တွေ့လို့ရှိရင် ပြန်လာပြီး ငါ့ကိုလည်း ညွှန်ကြားသင်ပြပါ။ အကယ်၍ မင်းဟိုမှာ ဘာမျှထူးတာကို မတွေ့ရင်လည်း ပြန်လာခဲ့ပါ။ ငါတို့ တစ်ဖန်အတူ နတ် ဒေဝတာတွေကို ယဇ်ပူဇော်ကြမယ်။ ကဲ သွားပေတော့။ မင်း အမေကို နမ်းရှုပ်ပြီး မင်းဘယ်သွား မယ်ဆိုတာကို ပြောပြလိုက် ဦး။ ငါကတော့ အခု မြစ်ထဲသွားပြီး မြင့်မြတ်တဲ့ရေချိုးခြင်း ပြုလုပ်ချိန် ရောက် လာပြီ"

ဖခင်ပြဟ္မဏကြီးသည် သား၏ ပခုံးပေါ်မှ လက်ကို ရုတ် လိုက်ပြီး အပြင်ဘက် ထွက်သွားသည်။ ထွက်သွားမည် ပြုသော အခါ သိဒ္ဓတ္ထသည် ဒယိမ်းဒယိုင် ဖြစ်နေသည်။ ကိုယ့်ကိုယ်ကို ထိန်းထားလိုက်ပြီး ဖခင်အား ဦးညွတ် အရိုအသေပြုလိုက်သည်။ ထို့နောက် ဖခင် ပြောကြားသည့် အတိုင်း ပြုလုပ်ရန် မိခင်ဆီသို့ သွားသည်။

အရုဏ်တက်ချိန်၌ အိပ်ပျော်နေသေးသည့်မြို့မှ သိဒ္ဓတ္ထ သည် ထုံကျဉ်နေသည့် ခြေထောက်ဖြင့် တစ်လှမ်းချင်း ထွက်ခွာ သွားသောအခါ ခပ်ရှို့ရှို့အရိပ်တစ်ခုသည် နောက်ဆုံး ပိတ် တဲတစ်ခုအတွင်းမှ ပေါ်လာပြီးလျှင် ဓမ္မခရီးသည်နှင့် လာဆုံ လိုက်လေသည်။

"မင်းရောက်လာပြီလား" သိဒ္ဓတ္ထက ပြောပြီး ပြုံး လိုက် သည်။

"အေး၊ ငါရောက်လာပြီ" ဂေါဝိန္ဒက ပြန်ဖြေလိုက်သည်။

**ပါရဂူ**

**သိဒ္ဓတ္ထ၊ စာ ၁ - ၁၃**

**မေးခွန်းများ**

၁။ သိဒ္ဓတ္ထနှင့် ဂေါဝိန္ဒတို့သည် -

- မိခင် ဓမ္မသီချင်းဆိုနေစဉ်
- မိုးမခပင်နှင့် သဖန်းပင်အောက်တွင်
- ဖခင် သုခမိန်များနှင့် ဆွေးနွေးစဉ်

အတူကစား ကြသည်။

၂။ သိဒ္ဓတ္ထသည် သူခမိန်တို့နှင့် -
- ငြင်းခုန်သည်
- ဆွေးနွေးသည်
- တရားဘာဝနာ ပွားများ အားထုတ်သည်

၃။ သိဒ္ဓတ္ထ၏ နဖူးပြင်၌ထွန်းလင်းတောက်ပနေသည်မှာ -
- ဥဏ္ဏ
- အတ္တမ
- စိတ်နှလုံး၏ အရောင်ဝန်း

၄။ ဖခင် ပီတိဖြစ်ရသည်မှာ သိဒ္ဓတ္ထသည်-
- ဗဟုသုတ လိုက်စား၍
- လှပပြေပြစ်၍
- သိမ်မွေ့နူးညံ့၍

၅။ သိဒ္ဓတ္ထတွင် ဂေါဝိန္ဒအကြိုက်ဆုံးမှာ -
- လှပသော မျက်လုံးနှင့် ကြည်လင် ပြတ်သားသော အသံ
- လမ်းသွားပုံ
- ခိုင်မာသော စိတ်ဓာတ်
- မြင့်မြတ်သော တရားဓမ္မစိတ်

၆။ သိဒ္ဓတ္ထတွင် ပြဟ္မဏသမီးပျိုတို့ အငမ်းမရဖြစ်ရသည့် အရည်အချင်း တစ်ရပ်မှာ -
- ပြဟ္မဏမျိုးနွယ်၏ မကိုဋ်သရဖူဖြစ်၍
- မဟာသွေးပါသောမျက်လုံးရှိ၍
- ယဇ်ပူဇော်သော ပြဟ္မဏတစ်ယောက်ဖြစ်၍


အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

၇။ ပညာကောင်း ပညာမွန်များ သိဒ္ဓတ္ထ ရရှိသည်မှာ -
- မိခင်ထံမှ
- ဖခင်ထံမှ
- ဂေါဝိန္ဒထံမှ
- ပညာရှင် ပြဟ္မဏများထံမှ


၈။ ကမ္ဘာလောကကို ဖန်ဆင်းသည်မှာ-
- ပြဟ္မာမင်း
- အတ္တမ
- ပြဟ္မဏ
- နတ်ဒေဝတာတို့

၉။ ပြဟ္မဏနှင့် ဓမ္မကျမ်းဂန်များသည် -
-အရာဝတ္ထုအားလုံးအတွင်း ထိုးဖောက်ဝင်ရောက်၏
- အတွင်းသားထံ ထိုးဖောက်ဝင်ရောက်ပြီး အတ္တမ၌ နေထိုင်၏။

၁၀။ ဖခင်မှာ -
- မြင့်မြတ်စင်ကြယ်သူ
- ရောင့်ရဲနိုင်သူ
- အတ္တမရှိသူ
- ငြိမ်းချမ်းမှု ရရှိပြီးသူ




စာလုံး အရေအတွက်ကို ဖတ်သည့် မိနစ်နှင့် စားလျှင် တစ်မိနစ် အမြန်နှုန်း ကိုရ သည်။တစ်မိနစ်လျှင် စာလုံး ရေ ၁၇၀ ခန့် ရဖို့လိုသည်။




စာကျေညက်မှုအဆင့်ကို တိုင်းတာရန် ပုံသေနည်းမှာ မိမိ ဖြေနိုင်သော မေးခွန်း အရေ အတွက်ကို ၁၀ နှင့် မြှောက်ပါ။ ယင်းသည်ကျေ ညက်နိုင်မှု ရာခိုင်နှုန်း းဖြစ်၏။ ၇၀% အောက်သို့ကျနေ လျှင် ထပ်၍ကြိုးစားရဦး မည်။

# ဖတ်
# ဖည့်
# စာ
# ကို
# သိ

**″ Literature is the art of writing something that will be read twice; journalism what will be grasped once.″**

**- Cyril Connolly**

"အနုစာပေဆိုသည်မှာ နှစ်ကြိမ်ပြန်ဖတ်ချင်စရာကောင်းသော စာမျိုးဖြစ်၍ စာနယ်ဇင်းဆိုသည်မှာ တစ်ကြိမ်သာ ဖတ်ရန်လိုသော စာမျိုးဖြစ်သည်"

- **ခရီးလ်ကော်နယ်လီ**

စာဖတ်ကောင်းအောင်၊ စာဖတ်သွားအောင်၊ အထစ် အငေါ့မရှိ စာဖတ်နိုင်အောင် အင်တိုက်အားတိုက်ကြိုးစား၍ အသင့်ရှိနေပြီဆို ပါစို့၊ ကောင်းပါပြီ၊ ဘာဆက်လုပ်မလဲ။

စာအမျိုးမျိုးကို နည်းလမ်းတစ်ရပ်တည်းနှင့် ဖတ်မည် လား။ ရူပဗေဒ ဘာသာရပ်ဖတ်စာနှင့် ကာလပေါ် ဝတ္ထု တစ်အုပ်ကို တစ်ပုံစံ တည်းဖတ်မည်လား။ ကဗျာစာအုပ်တစ်အုပ်နှင့် သတင်းစာတစ်စောင် ကို တစ်ပုံစံတည်း ဖတ်မည် လား။ ထိုသို့ဖတ်မည်ဆိုက နဂိုအခြေ အနေ သို့ ပြန်ရောက်သွား ဖွယ်ရာရှိသည်။

## အကြောင်းရင်းကို ခွဲခြားသိ

မိမိဖတ်မည့် စာအမျိုးအစားကို ခွဲခြားသိထားရမည်။ ဤစာအုပ် အစပိုင်းတွင် စာအမျိုးအစား သုံးမျိုးကို တင်ပြခဲ့ သည်။ ယင်းမှာ ယေဘုယျသဘောသာဖြစ်၍ လမ်းညွှန်မှုသာဖြစ်သည်။ (ထိုနေရာကို ပြန်မကြည့်ပါနှင့်) စာဖတ်ရာတွင် အရေးကြီးသော မေးခွန်းများကို ယခုတင်ပြပါမည်။

စာတစ်ပုဒ်ကို ဖတ်တော့မည်ဆိုလျှင် ထိုမေးခွန်းများကို စိတ်ထဲမှ ဖြေကြည့်ပါ။ စာဖတ်ရန် ထိုင်သည်နှင့် ပထမဆုံး မိမိကိုယ်ကို မေးရမည့် မေးခွန်းမှာ **ဤစာကို ဘာကြောင့် မိမိ ဖတ်ရသနည်း** ဟူ၍ဖြစ်သည်။ ဖတ်ရမည်မို့ ဖတ်သည်ဟူ သောအဖြေမှာ မခိုင်လုံပါ။ မိမိ ဖတ်မည့် စာထဲမှ မိမိဘာတွေ ရရှိမည်ဟု မသိဘဲနှင့် စာကိုဆက်ဖတ်ဖို့ မသင့်။ စာဖတ်ရ သည့် **အကြောင်းရင်းကို ခွဲခြားသိ** ဖို့လိုသည်။

**ဖတ်သည့် စာအမျိုးအစားကို သိရန်အရေးကြီး သလို ဘာကြောင့် ဖတ်ရသည် ကိုလည်း သိရန် အရေးကြီးသည်။ ကုန်တိုက်တစ်ခု တွင် ဆယ်မိနစ်ခန့် ဈေးဝင်ဝယ်သည်ဆိုပါစို့။ ပစ္စည်းတစ်မျိုး လျှင် တစ်ခုစီ အကုန်လျှောက်ဝယ်မည်လား။ သို့မဟုတ် ကလည်း မိမိခွေးကို ကျွေးရန် ခွေးစာတွေချည်း အိတ် ပေါင်းလေးဆယ် လောက် ဝယ်သွားမည်လား။ ပစ္စည်းတင် လှည်း အကြီးကြီးနှင့် တင်ရ လောက်အောင် ဝယ်ချင်ဝယ်၊ သို့သော် ဆယ်မိနစ် နှင့် အကျိုးရှိသော ဈေးဝယ်ခြင်းမျိုး ဖြစ်သင့် သည်။** *အကြောင်းရင်းကို* ***ခွဲခြားသိ*** **ခြင်းဖြင့် စာကိုမည် သည့်ပုံစံ နှင့် ဖတ်ရ မည်၊ မည်သို့ အဆင် ပြေအောင် ဖတ်ရမည်တို့ကို သိလိမ့်မည်။**

ကျောင်းသားပဲဖြစ်ဖြစ်၊ လုပ်ငန်းရှင်တစ်ယောက်ပဲ ဖြစ် ဖြစ်၊ သာမန်စာဖတ်သူပဲဖြစ်ဖြစ်၊ လုပ်ငန်းအရ ဖတ်သည်ပဲ ဖြစ်ဖြစ် စာထဲမှ မိမိဘာရမည်ကို မသိဘဲ ဖတ်၍ရမည်မဟုတ်။ စာတစ်ပုဒ်ကို မဖတ်မီ အောက်ပါမေးခွန်းများကို မိမိဘာသာ ဖြေကြည့်ပါ -

၁။ ဤစာထဲမှ ဗဟုသုတ ဘယ်လောက်များများ မိမိရနိုင် မည်နည်း။ နားလည်သဘောပေါက်အောင် လား၊ သိရုံလား၊

တစ်နည်းအားဖြင့် ပိုင်နိုင် အောင် လား၊ တတ်မြောက်အောင် လား၊ မှတ်မိ အောင်လား။

၂။ ဘယ်လိုပုံစံနှင့် ဖတ်မည်နည်း။ အမြန်လား၊ မမြန် မနှေး လား၊ အနှေးလား။

၃။ စာထဲမှရသည့် ဗဟုသုတမှာဘယ်လောက် ကြာကြာ လို အပ်မည်နည်း။ မနက်ဖြန်အထိလား၊ ရေရှည်လား၊ တစ် သက်လုံးလား။

ထိုမေးခွန်းများကို ဖြေပြီးသည်နှင့် ထိရောက် ထက်မြက် စွာ စာဖတ်နိုင်ဖို့ အသင့် ဖြစ်သွားလိမ့်မည်။ ထိုမေးခွန်း များကို မည်သို့ ဖြေမည်နည်း။ မေးခွန်းတစ်ခုချင်းကို ဆန်းစစ်ကြစို့။

## ၁။ ဤစာထဲမှ ဗဟုသုတ ဘယ်လောက်များများ မိမိရနိုင် မည်နည်း

ဤစာကိုမိမိဘာကြောင့်ဖတ်ရကြောင်း မိမိကိုယ်ကိုမေးကြည့် ပါ၊ တာဝန်အရလား။ စာထဲမှ အကြောင်းအရာတွေ ကို တတ်မြောက် အောင်လား။ အလုပ်အတွက် လိုအပ်သည်မို့ နေ့စဉ်အသုံးချရမည့် အကြောင်းအရာတွေလား။ တစ်ခါ တစ်ရံ လိုအပ်လာတတ်သည့် မလိုလေး၊ လိုလေး အကြောင်း အရာတွေလား။ သတင်းစာ၊ မဂ္ဂဇင်းထဲမှ ဆောင်းပါးများဖြစ် ရာ ဖတ်ချင်၍ ဖတ်ခြင်းဖြစ်ပြီး အသေးစိတ်သိရန် မလိုသော အကြောင်းအရာများလေလား။ ထိုအချက်များအပေါ် မူတည် ၍ စာဖတ်နှုန်းအနှေးအမြန်ကို သတ်မှတ်၍ ဖတ်သင့်သည်။

## ၂။ ဘယ်လိုပုံစံနှင့် ဖတ်မည်နည်း

စာမှာ ခပ်ပေါ့ပေါ့ဖြစ်၍ စာထဲတွင် စကားပြောတွေ၊ အမူအရာ လှုပ်ရှားမှုတွေ ပါနေသဖြင့် ခပ်သုတ်သုတ်ဖတ်သွား လျှင်ရ မည့်စာ လား။ ခက်ခဲသော ပညာရပ်တစ်ခုကို ဂရပ်တွေ၊ လက္ခဏာ အမှတ်

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

အသားတွေနှင့် ရှင်းပြထားသည့်စာမျိုးလား။ တင်ပြသည့်စာမျိုး၊ ငြင်းဆိုချေပသည့် စာမျိုးလား။ ဤမေးခွန်း များမှာ ပထမမေးခွန်းမှ ထပ်ခွဲထားသည့် မေးခွန်းများဖြစ် သည်။ စာတစ်ပုဒ်ကို ဖတ်ရမည့်ပုံ၊ ဖတ်ရမည့် အမြန်နှုန်း တို့ကို စိတ်ထဲမှ သိထားရန်ဖြစ်သည်။

**၃။ စာထဲမှရသည့်ဗဟုသုတမှာ ဘယ်လောက်ကြာကြာ လိုအပ်မည်နည်း**

အခြားလူတွေကို မိမိခိုင်းချင်ရာခိုင်း၍ရသောစိတ်ညို့ ပညာမျိုး တတ်ချင်၍ စိတ်ညို့ပညာ စာအုပ်ကို ဖတ်သည်ဆိုပါစို့၊ ထိုစာအုပ်ပါ အကြောင်း အရာကို တစ်သက်လုံး မှတ်မိနေဖို့လိုသည်။ စားသောက်ဆိုင် မှ စားသောက်ဖွယ်စာရင်းကို ဖတ်သည့်အခါ နောက်တစ်ကြိမ် လာစားရန် စိတ်ကူးမရှိသဖြင့် စားသောက်ဖွယ်မှာပြီး နှစ်မိနစ် လောက်မှာပင် ဖတ်ပြီးသမျှကို မေ့ပစ်လိုက်ပေလိမ့်မည်။

အရေးကြီးသည့် အကြောင်းအရာများကို မှတ်မိစေရန် မှာ ထို အကြောင်းအရာကို လက်နှင့်ချရေးကာ မှတ်ခြင်းသည် အကောင်းဆုံး ဖြစ်၏။ မှတ်ချင်သလိုမှတ်၍ မှတ်မိသွားပြီ ဆိုလျှင်မူ အမြဲတမ်း မမေ့တော့။ အချိန်တိုတိုအတွင်း မှတ်မိစေရန်ကတော့ စာအုပ်ပေါ် မှာပင် မျဉ်းသား၊ ရေးခြစ်မှတ်သား ရန်လိုသည်။ စာအားလုံးကို ချရေးပြီး မှတ်ရန်မလို၊ အကုန်လုံး ကို မှတ်မိရန် မလွယ်။

## လေ့ကျင့်ခန်း ( ၇ )

အောက်ပါလေ့ကျင့်ခန်းသည် အထက်ပါ မေးခွန်းသုံးခုကို ခွဲခြားတတ်ရန်ဖြစ်သည်။ (၁) ဤစာထဲမှ ဗဟုသုတ ဘယ် လောက် များများ မိမိရနိုင်မည်နည်း။ မှတ်သားနိုင်ရဲ့လား၊ သိရဲ့လား။(၂) ဘယ်လိုပုံစံနှင့် ဖတ်မည်နည်း။ (၃) စာထဲမှ ရသည့်ဗဟုသုတမှာ ဘယ်လောက်ကြာကြာ လိုအပ်မည်နည်း။

ပထမတစ်ခုကို နမူနာ ဖြေပြထားပါသည်။

၁။ ရူပဗေဒ ကျောင်းသင်ပြဋ္ဌာန်းစာအုပ်ကို ဖတ်သည့်အခါ (၁)နားလည် သဘောပေါက် အောင်၊ (၂) အနှေး၊ (၃) ရေရှည်အတွက်

၂။ ဆံပင်ညှပ်ဆိုင်တွင် မိမိအလှည့် မကျသေးသဖြင့် စောင့် နေစဉ် မဂ္ဂဇင်းတစ်အုပ်ကို ဆွဲဖတ်သည့်အခါ -
(၁) (၂) (၃)

၃။ သတင်းစာထဲတွင် မိမိလုပ်နေသည့် စီးပွားရေးလုပ်ငန်း နှင့် တိုက်ရိုက်သက်ဆိုင်သော အစိုးရကြေညာချက် တစ် ခုကို ဖတ်သည့်အခါ -

၄။ အိပ်ရာထဲတွင် လဲလျောင်းရင်း ဒုတိယကမ္ဘာစစ်အတွင်း ဂျာမနီနိုင်ငံတွင် လှုပ်ရှားနေသော အင်္ဂလိပ် သူလျှို တစ် ယောက်အအကြောင်း ရေးထားသည့် ဝတ္ထုတစ်အုပ်ကို ဖတ်သည့်အခါ -

၅။ မိမိလက်အောက်မှ တင်ပြသည့်လုပ်ငန်းနှင့် ပတ်သက် သောအစီရင်ခံစာတစ်စောင်ကို ဖတ်သည့်အခါ -

၆။ ခပ်ပေါ့ပေါ့ စာအုပ်တစ်အုပ်ကို ဖတ်သည့်အခါ -

၇။ မိမိ၏ ညီအစ်ကိုတစ်ယောက်နှင့် ပတ်သက်သော ရဲအဖွဲ့ ၏ အစီရင်ခံစာတစ်စောင်ကို ဖတ်သည့်အခါ -

၈။ အတန်းတင်စာမေးပွဲတွင် ဖြေရမည့် ရူပဗေဒ ဘာသာ ရပ်ကို အထောက်အကူပြုသော သင်္ချာဖတ်စာအုပ် တစ်အုပ် ကို ဖတ်သည့်အခါ -

၉။ မိမိဇနီးသည်၏ ရည်းစားစာ အဟောင်းများကို ဗီရို ထဲတွင် တွေ့သဖြင့် ဖတ်ကြည့်သောအခါ -

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

၁၀။ မိမိလက်အောက်တွင် လာရောက်အမှုထမ်းမည့် ဝန်ထမ်း တစ်ယောက်တင်ပြသည့် ထောက်ခံစာများကို ဖတ်ကြည့် သည့်အခါ -
၁၁။ ရုပ်ပြကာတွန်း တစ်အုပ်ကို ဖတ်နေသည့်အခါ -
၁၂။ အတန်းတင်စာမေးပွဲ မဖြေမီညတွင် 'စစ်နှင့် ငြိမ်းချမ်း ရေး' ဝတ္ထုကြီးကို ဖတ်နေသည့်အခါ -

## စာဖတ်ပြေးလမ်း

အောက်ပါစာပိုဒ်များကိုဖတ်၍ မေးခွန်းများကို ဖြေပါ။ စာဖတ်အမြန်နှုန်းနှင့် ကျေညက်နားလည်နိုင်မှုအဆင့်ကို သိရှိရန် စာဖတ်ချိန်ကို မိနစ်လက်တံဖြင့် မှတ်သားထားပါ။ မေးခွန်း ဖြေသည့် အချိန်ကို မှန်ရန်မလိုပါ။ ထို့နောက်အမြန်နှုန်းနှင့် ကျေညက်မှုအဆင့် ကို ဖော်ပြပါ ပုံသေနည်း များဖြင့် တွက်ကြည်ပါ။

## ' ကျွန်မ၏ ကျွန်မ '

ကျွန်မတို့တွင် ညီအစ်ကို မောင်နှမ ငါးယောက်ရှိရာ ကျွန်မမှာ အလတ်ဖြစ်၍ ကျောင်းမှ ထွက်လိုက်ပြီးကတည်းက အစ်မများ၊ ညီမများကဲ့သို့ ဘဏ်လုပ်ငန်း ရုံးအလုပ်ကိုဝင် မလုပ်ဘဲနေသဖြင့် လွတ်လပ်ခွင့်အချိန်များများရသူ တစ်ဦး ဖြစ်လေသည်။

နေ့စဉ် သတင်းစာ၊ လစဉ် မဂ္ဂဇင်း၊ ကာလပေါ်ထွက် သမျှ ဝတ္ထုများအပြင် မြန်မာစာပေကျမ်း၊ ပျို့များပါ တစ်ဦး တည်း ဒိုင်ခံဖတ်လျက် အချိန်ဖြုန်းနေခဲ့သည်။

မိဘများမှာ ကျိကျိတက် ချမ်းသာလောက်အောင် သူဌေးသူကြွယ်ကြီးများ မဟုတ်ကြပေ။ သို့သော်လည်း

ငွေကြေး ပိုက်ဆံကို ရေတွက်၍မပြဘဲ အနေ၊ အစား၊ အဆင့်အတန်းကို ဖော်ပြရမည် ဖြစ်၍ ဖော်ပြရပါလျှင် မျက်နှာဖြူလူမျိုးများ အလုပ်ကို မိဘများက လုပ်သဖြင့်၊ ၎င်းတို့နှင့်လည်း တစ်အိမ် တည်းနေကြ ရသောကြောင့်မည် သည့်ဘက်မှ အောက်တန်း မကျ၊ ကြောင့်ကြပူပန်ရသည် မရှိဘဲ အင်္ဂလိပ်လူမျိုး အနေ အထိုင် နှင့် တတန်းတစား တည်းဖြစ်ကာ ခေတ်အနေအထိုင်၊ ခေတ်အလိုက် အထက် တန်းကျကျ ချမ်းချမ်းသာသာ နေရ သည်ဟု ဆိုနိုင်ပါပေ သည်။

အိမ်တွင်းအလုပ် အိမ်အလုပ်ဆိုလျှင်လည်း လိုလေ သေး မရှိအောင် အိမ်ဖော်များထားရှိပေးသဖြင့် အိမ်အလုပ် ဆို မည်သည့်အလုပ်မျှ ကိုယ်တိုင်ထလုပ်ရန် လုပ်ကွက် လုပ်ခင်း လည်း မရှိပေ။ အိမ်ထောင်ကြီးသော အိမ်ကြီး တစ်အိမ်လုံးကို ကျွန်မ၏မိခင်က စနစ်တကျ ကျနစွာ စီမံ ခန့်ခွဲအုပ်ချုပ်ထား သဖြင့် အနေအထိုင်၊ အဝတ်အစား၊ အစားအသောက်တွင် စနစ်သေဝပ်မှု ရှိဖို့ရာကိုသာ လိုက်နာ ရိုသေ လေးစားကြရ လျက် အခြားအရေးများမှာမူ လွတ်လပ် ခွင့် ပေးချင်တိုင်း ပေးထားလေသည်။

ကျွန်မသည် အဖိုးထိုက်အဖိုးတန် ကောင်းပေ့ဆိုသည့် အဝတ်အစားမျိုးကိုမှ ကြိုက်နှစ်သက်တတ်သည်။ အိမ်ပြင်သို့ သွားရသည်ဖြစ်စေ၊ မသွားဘဲ နေသည်ဖြစ်စေ၊ အိမ်ထဲ၌ ပင် ဝတ်ကောင်း စားကောင်းများဖြင့် အချိန်မှန် ဖီးလိမ်း ဝတ်စားပြီး နေ၏။ အဝတ်အထည် ကို တစ်ထည်ကောင်း နှစ်ထည်ကောင်း မဟုတ်ဘဲ ဗီရိုအပြည့် သန့်သန့်

ရှင်းရှင်း ကြော့ကြော့လွင်လွင် အဖုံဖုံ အနည်းနည်း ပြောင်းလဲ ဆင်ယင်ဝတ်သည်။

အစ်မနှင့် ညီမလေးတို့မှာလည်း နေ့စဉ်ပင် အောက်ထပ် ရုံးခန်းသို့ဆင်းကာ ဖခင်နှင့်အတူ အလုပ်လုပ်ရသဖြင့် အဝတ် အထည်ကို အလဲအလှယ် အမြောက်အမြား ထားရှိကာ ဝတ်ဆင် ကြသူများဖြစ်၍ ကျွန်မနှင့် ၎င်းတို့မှာ စိတ်တိုင်းကျ ဝတ်ဆင်နေတတ်သော အလေ့တွင် တူညီကြသည်။

အိမ်တွင်း၌အချင်းချင်းဆက်ဆံရေး၊ အိမ်ပြင်ဆက်ဆံရေး၊ စိတ်ခံစားဝါသနာစသည်တို့၌ ကျွန်မသည် ညီမနှစ်ယောက် နှင့် လုံးဝမတူဘဲ ကျွန်မ၏ လျင်မြန်ဖြတ်လတ် သွက် လက်သည့် အချက်များကြောင့် တသီးပုဂ္ဂလ ဖြစ်၍ နေတတ် သည်။

သူတို့မှာ စိတ်သိမ်မွေ့၍ စိတ်ပျော့ပြောင်းပြီးလျှင် အေးအေး ဆေးဆေး နေထိုင်တတ်သည်။ စကားလည်း နည်းကြသည့်ပြင် နေရာတကာတွင် အေးရာအေးကြောင်းသာ ရှေးရှု တတ်ကြသည်။ အေးအေးလူလူသာ ကိစ္စခပ်သိမ်း အလိုရှိကြ သည်။

ကျွန်မအဖို့၌ မခံချင်စရာဖြစ်လျှင် မခံချင်တတ်ခြင်း၊ မခံခြင်း၊ ကိုယ်လုပ်ချင်ရာ ကိုယ်မလုပ်ရလျှင် မနေတတ်ခြင်း၊ ကြီးသည်သေးသည် ကိစ္စကိုမခွဲဘဲတရားအတိုင်းဖြစ်ရမှ ကျေနပ်နိုင်ခြင်း၊ ဘယ်သူဘာ ပြောပြောအညံ့မခံဘူး၊ လုပ်မည် စသည် တင်းမာသည့် စိတ်ခံစားရှိခြင်း၊ အန္တံ့အတာ အကြမ်း ပတမ်းဒဏ်မှန်သမျှ ဒုန်းပေသရေ သည်းညည်း အမျိုးမျိုး ခံနိုင်ခြင်း၊ ကိုယ့်နည်းနှင့်ကိုယ်

ကြိုက်သလို ကိုယ့်စိတ်တိုင်း ကျ ကိုယ်တိုင်ရွေးချယ်၍ ရှေ့ဆောင်ရှေ့ရွက် လက်ခံလုပ်ကိုင် သွားလာရမှ စသည့် အချက်အလက် မြောက်မြားစွာပင် ညီ အစ်မများနှင့် အနေကွဲလွဲ၊ စိတ်ခံစားကွဲလွဲ၊ အကျင့်ကွဲ လွဲနေ သည်။

မိခင်မှာ ကျွန်မကိုယ်ကျွန်မ အစိုးရနေပုံကို အချို့နေရာ၌ အလိုမလိုက်နိုင်၍ ကျပ်တည်းချုပ်ချယ်ပေးသည်။ ကျွန်မတစ်ယောက် အတွက် ကျပ်တည်းချုပ်ချယ် ထုတ်ပြန်ထားသည့် အိမ်တွင်းစည်းမျဉ်း ဥပဒေကလေးများကို ကျွန်မ စိတ်တွင် အကျိုးနှင့် အကြောင်းနှင့် အမြဲဝေဖန်သုံးသပ်ကြည့် လေ့ရှိ၏။ အစိုးရိမ်အပူပန်ပိုမှုကြောင့် ချုပ်ချယ်သည့် စည်း မျဉ်းမျိုးဖြစ်နေလျှင် အတိုက်အခံမလုပ်သော်လည်း မကြိုက် မနှစ်သက်သည် အမှန်ဖြစ်၏။ ဤလိုပူပုံမျိုးကို စိတ်အအေးဆုံး ဖြစ်အောင် တစ်နေ့တွင် ပေါ်လွင်စေမည်ဟု အမြဲတမ်း အတွေးကြီးသူ တစ်ယောက်ဖြစ်ခဲ့သည်။ ကျွန်မအတွက် စိတ်အအေးရဆုံး ဖြစ်စေမည်ဟူသည့် စိတ်ခံစားကကျွန်မအား ကြိတ်၍ အစဉ်အား ပေးနေသည်။

အများအမြင်၊ အများအပြောမှာ ဘာမဆို သူ့စိတ်နှင့်သူ့ကိုယ် လွှတ်ပေးထားရင် ခက်မယ်ဟု လွတ်လပ်မှုရှိနေခြင်း ကို အပြစ်တင်ကြ၏။ အပြစ်တင်ရာမှ တစ်ဖန် အစိုးရိမ် အပူပန်ပိုသည်အထိ ရောက်သွား ရသည့်အတွက်ကြောင့် အပြစ်ကို ပိုမိုအတင်ခံရသည်။

ကျွန်မ၌ ကျွန်မစိတ်နှင့်ကျွန်မကိုယ်သာ လုပ်လို၊ နေလို၊ ပြောလို၊ ကျင့်လို၏။ သူများစိတ်နှင့် ကျွန်မကိုယ်ကို

လုပ်ဖို့ရာ ဝေးစွ၊ ထားကြည့်၍ပင် မရနိုင်ပေ။ ကျွန်မ၏ အသွင်အပြင်၊ အမူအရာသာကြည့်၍ ဆုံးဖြတ် ဝေဖန်သမှု လုပ်ကြခြင်း ဖြစ်သည်။ အတွင်း၌ မည်သည့်စိတ်ဓာတ်မျိုး ကိန်းအောင်းစွဲမြဲ နေခြင်းကို ကျွန်မအသိနှင့်သာ ကျွန်မတွင် လက်ခံရှိပြီးဖြစ်နေ ကာ သူတို့အား ရှင်းစာရာမလိုဟု ကိုယ့်ကိုယ်ကို အယုံကြီးခဲ့သူ ဖြစ်သည်။

တစ်ဖက်၌ ကျွန်မတွင် သူတို့ထက် စိတ်တစ်စိတ် ထူးကဲစွာ ရှိသေးသည်။ သနားကြင်နာတတ်သည့်စိတ်နှင့် ပေးရကမ်းရ ဝေခြမ်းရသည်ကို အရက်ရောနိုင်ဆုံး၊ အနှစ် ခြိုက်ဆုံး၊ အပျော် ပိုက်ဆုံး ဖြစ်ပြီးလျှင် ဤစိတ်တွင် ဆွေမျိုးတစ်စုလုံး တွင် အကျော်ကြား ဆုံးဖြစ်သည်။

ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ တွန့်တိုနှမြောတတ် သည်ဆိုလျှင် ဤပုဂ္ဂိုလ်ကို ကြည့်၍မရတော့ပေ။ ဆက်ဆံ၍ မရတော့ပေ။ သူတို့အကြောင်း သိရ၊ ကြားရလျှင်ပင် အလိုလို စိတ်ဆင်းရဲသည်။

ဤသည်တို့မှာ ကျွန်မစိတ်ဓာတ်နှင့် အကျင့်များဖြစ်၍ ဝါသနာမှာ အထက်ဖော်ပြသည့်အတိုင်း စာမဖတ်ရလျှင် မနေနိုင်ဘဲ၊ တစ်နေ့တစ်နေ့ ထမင်းစာရုံ ရေချိုးရုံသာ ထလုပ် ပြီး စာသာလျှင် ထိုင်ဖတ်ချင်နေသည့် စိတ်သာ တစ်နေ့ထက် တစ်နေ့ ဝါသနာ ကြီးမားလာသည်။

မိဘများက ကျွန်မအား ဝတ္ထုဖတ်ခြင်းကို အလျှဉ်း သဘောမတူပေ။ ပြင်းပြင်းထန်ထန် ကန့်ကွက်တားမြစ် ထား ကြသည်။

မိဘကန့်ကွက်သည်ကို လေးစားရရိုး ထုံးစဉ်လာ

အတိုင်း ၎င်းတို့ရှေ့တွင် မဖတ်ဘဲနေသည်။ ၎င်းတို့ ကွယ်ရာတွင်ကား တစ်အုပ်ပြီးတစ်အုပ် ဖတ်ခဲ့သည်။ ဝတ္ထုစာအုပ်များ ဖတ်ခြင်း အပြစ်ကိုပါ စာအုပ်ထဲတွင် ရှာ၍ဖတ်သွားသည်။ ကြမ်းကြမ်း ရမ်းရမ်းအခန်းများရောက်လျှင် လူကြီးတွေ ဒါကို မဖတ်စေချင် တာပါကလားဟု အပြစ်ကို တွေ့မြင်ဆင်ခြင်မိ၏။ ဤအချက် ဤအခန်းကို ဖတ်လိုက်သည့်ကျွန်မအတွက်မူ သဘာဝကျ အောင်၊ သရုပ်ပေါ်အောင် လျှောက်ရေးတာပဲဟု အောက်မေ့ လိုက်သည်။

ဝတ္ထုစာအုပ် ဖတ်ပြီးလျှင် ဝတ္ထုအစဖော်ပုံ၊ အဆုံးသတ်ပုံ၊ ဝတ္ထုအကြောင်းနှင့်တကွ ဝတ္ထုတစ်ခုလုံးကို ခြုံ၍ ဝေဖန်ဆန်းစစ်ကြည့်သည်။ ဝတ္ထုခန်းကို ဖြည့်စွက်၍ သော်လည်းကောင်း၊ ဖြုတ်ဖျက်၍သော်လည်းကောင်း။ တစ်ပုဒ်လုံးကို ဖျက်၍ ပြင်ကြည့်ပြီးနောက် စာရေး ဆရာကောင်းလျှင် ကောင်းသည်၊ စာရေးဆရာရှော်လျှင် ရှော်သည်ပါ မှတ်တမ်းတစ်ခါတည်း ချသွားသည့်အတွက် ထိုစဉ်က ကျွန်မဝတ္ထုဖတ်သည်မှာ ဝတ္ထုဖတ်ရုံသာမဟုတ်ဘဲ စာရေးဆရာလက်ရာများပါ လေ့လာနေမှန်း၊ ဖတ်နေမှန်းကို ကျွန်မကိုယ်ပင် ကျွန်မ မရိပ်မိခဲ့ပေ။

အထူးသဖြင့် ပျို့များကို နှစ်ခြိုက်ခဲ့သည်။ စာကြောင်း ကလေးများတွင် ရွေးချယ်၍ စီကုံးဖွဲ့နွဲ့ထားသည့်စာလုံး ကလေးများကို ဘယ်ပုံဘယ်နည်း ချစ်မိမှန်းမသိပေ။

စကားလုံးကလေးများလှလျှင် ရေးသူကို ချီးကျူး၍ မပြီးနိုင်ဘဲ ၎င်းစကားလုံးတွေကို မြတ်နိုးပုံသည်လည်းအသည်းထဲ၌ စွဲသွားအောင်ဖြစ်သည်။

ကျောင်းတွင်နေစဉ်က မြန်မာစာပေဘက်တွင် ဆရာဖြစ်သူ ဆရာတင်သည် ကျွန်မကို အမြဲတမ်း မြေတောင်မြှောက်ပေးခဲ့သည်။ မြန်မာစာပေ လေ့လာလိုက်စားဝါသနာကြီးရသည်မှာလည်း ဤဆရာ့ကျေးဇူးကြောင့်သာဖြစ်သည်။

ဤသို့လွတ်လပ်ခွင့်ရလျက် အေးအေးချမ်းချမ်းဘဝ၌ စိတ်သဘောကျအတိုင်းလွတ်လပ်၍အချိန်ဖြုန်းနေစဉ် မိဘ များမှာ ကျွန်မအား ဓမ္မတာအတိုင်း အိမ်ထောင်ချလိုကြသည်။ ကျွန်မအစ်မကြီးမှာ အိမ်ထောင်ပြုသွားပြီဖြစ်သဖြင့် ညီမလေး သာလျှင် ဖခင်နှင့်ဘဏ် လုပ်ငန်းများကို နေ့စဉ်နှင့်အမျှ တာဝန် ထမ်းနေရှာသည်။ ဖခင်က သားသမီးထဲတွင် တစ်နေ့ မည်သူကိုယ်ပိုင်လုပ်ငန်းနှင့်ရှိမည်မသိ၊ စာရင်းကိုင် အတတ်ကို တတ်သိထားလျှင် ကောင်းသည်ဟူသောရည်ရွယ်ချက်ဖြင့် သားသမီးများအား ဘဏ်တိုက်တွင် အလုပ်သင်ကြား လုပ်ကိုင် စေသည်။ အစ်ကို၊ အစ်မ၊ ညီမများ ဝင်ရောက် လုပ်ကိုင် သော်လည်း ကျွန်မက မျက်နှာဖြူများလက်အောက်တွင် မလုပ်လိုဟု ငြင်းဆန်ကာ မလုပ်ဘဲ နေသည့်အတွက် အိမ်တွင် အပိုဖြစ်နေသည်။ နောက်ဆုံး၌ လူအား၊ လူပိုကို မြန်မြန်နေရာ ချထားရန် ကြံစည်ကြလေသည်။

ကျွန်မသည် ၁၆ နှစ်အရွယ်၌ လူငယ်ချင်း ခင်မင်သူတစ်ဦးရှိသည်။ ကျောင်းသားဘဝအရွယ်၌ဖြစ်ကြ၍ တစ်နေ့ လူကြီးဖြစ်ကြလျှင် လက်ခံနိုင် လောက်သည့် အရည်အချင်းနှင့် ပြည့်စုံကလက်ထပ်မည်ဟု ရည်ရွယ် ကြည့်သည်။ အရည်အချင်းပြည့်ဝ၍ လူတစ်လုံး သူတစ်လုံးဖြစ်မြောက်

အောင် ဘ၀ လမ်းကြောင်းကို အမျိုးမျိုး အားပေးကာ မြေတောင်မြှောက် ပေးလျက် ရေလောင်းပေးခဲ့သည်။

အိမ်ထောင်ပြုရမည်ဆိုလျှင် ကျွန်မရည်မှန်းချက် စိတ်ကူး တွေရှိသည်။ ထိုရည်မှန်းချက် စိတ်ကူးတွေသည် ပွင့်ပွင့်လင်း လင်း မဟုတ်ပေ။ စိတ်ထဲတွင် တစ်စိတ်တစ်ဒေသ တစ်နေရာ တွင် ခိုကပ်စွဲမြဲ ကိန်းအောင်းနေလျက် ကျွန်မ၌ အခွင့်ပေါ် ပေါက်တိုင်း ဤစိတ်ကူးများသည် တစ်ပါတည်း ယှဉ်လျက် ပေါ်၍ လာတတ်သည်။

ကျွန်မ အိမ်ထောင်ပြုလိုသည့် သူမှာ မည်သို့သောသူမျိုး ဖြစ်ချင်သည်၊ အရွယ်မှာ မည်သည့်အရွယ်၊ ပညာအရည်အချင်း၊ အကျင့်၊ စိတ်ဓာတ် လူတစ်ကိုယ်လုံးကို ကျွန်မကြိုက် ပုံပန်းသဏ္ဌာန် ထု၍ စိတ်ကူးကြည့်ထားသည့် အကောင်အထည် မရှိသည့်လူမှာ ကျွန်မ၏ အိမ်ထောင်ရေးတွင် အမြဲ တမ်းရှေ့က အရိပ်ထိုးပြနေသည်။

ကျွန်မလည်း အရိပ်ကို အကောင်အထည်ဖြစ်အောင် အသက်သွင်းကြည့်ဖူးသည်။ ပညာကို ကြိုးစား၍ သင်ရန် စိတ်ဓာတ်ကြီးမား မြင့်မြတ်ရန်၊ ကိုယ်ကျင့်တရား ပြည့်ဝရန်၊ ယောကျ်ား ဘ၀အောင်မြင်ရန် အချက်ပေါင်းများစွာနှင့် အသက် သွင်းပုံသွန်းကြိုးစားခဲ့သော်လည်း ထမြောက်အောင် မြင်ခြင်း မရှိပေ။

ကျွန်မအကြောင်းကိုလည်း ကောင်းကောင်း နားမလည်။ ကျွန်မရည်ရွယ်ချက်ကိုလည်း မရိပ်မိ။ ကျွန်မကို ချစ်သည့်စိတ် တစ်စိတ်သာရှိလျက် မိဘများ အိမ်ထောင်ချလိမ့်မည့်သတင်း ရလျှင်ရချင်း သူခေါ်ရာသို့ လိုက်ရန် တောင်းပန် ရှာသည်။

အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

ယောကျ်ားတစ်ယောက်နောက်သို့ မိဘများမသိ အောင် လိုက်ပြေးဖို့ကိစ္စကို ကျွန်မကဲ့သို့သော မိန်းကလေး အတွက် သွေးဆောင်၍ရမရ တွေးတောမကြည့်သည့် စိတ်ကူးကို အလွန်ပင် ဝမ်းနည်းမိသည်။ မိဘများ ပေးစားမည့်သူကို အလွယ်တကူ ခေါင်းညိတ်လိမ့်မည်ဟု ထင်လိုက်သည့် အတွက် ကျွန်မစိတ်ကို နားလည်မှုရှိအောင် မကြိုးစားနိုင် သည့် အတွက် လည်း ကျွန်မအလွန်ပင် စိတ်ပျက်မိသည်။

သို့သော် ကျွန်မဝတ္တရားအတိုင်း မည်သည့်ယောကျ်ား မျိုးမဆို ကျွန်မသဘောကျ မိဘသဘောကျ၊ နှစ်ဦးနှစ်ဝ အလိုပြည့်မှသာ အိမ်ထောင်ပြုလိမ့်မည်အကြောင်း ပြန်ကြား လိုက်သည့်နေ့ရက်ကစ၍ ကျွန်မကိုရဖို့အရေး ကြိုးစားရန် စိတ်လျှော့ပစ်လိုက်သည်။ ဤကိစ္စ၌ သူ့အဖို့လည်း ကောင်း ပါ ပေသည်။ ကျွန်မအဖို့လည်း ကောင်းပါပေသည်။ ရှေ့ အနာ ဂတ်တွင် စိတ်တူကိုယ်တူ မရှိက နေရတကာ သဘောကွဲလွဲ ကာ စိတ်ဆင်းရဲကြရမည်။ လက်လျှော့ဆုံး ဖြတ်လိုက်သည့် သူ့နည်းလည်း သူ့အတွက် တာဝန်ကင်း၍ ဒုက္ခငြိမ်းသည်ဟု ဆိုရပေမည်။ ကျွန်မနည်းလည်း ကျွန်မ အတွက် ကျွန်မဘက်က လမ်းမှန်ကြသည်ဟု ယူဆလိုက် သည်။

မိဘများ ထိမ်းမြားပေးစားလိုသည့် သူများမှာလည်း ကျွန်မအရိပ်ထဲက ပုံသဏ္ဍာန် ယောကျ်ားမျိုးနှင့် တစ်ယောက် တလေမှ မကိုက်ညီပေ။

သူတို့မှာ ပစ္စည်းရှိကြသည်။ ပညာရှိကြသည်။ ရုပ် ရှိကြသည်။ ဂုဏ်ရှိကြသည်။ သို့သော် စိတ်သဘောမှာ သူ

လို ငါလို ယေဘုယျစိတ်မျိုးထက် မြတ်နိုးစုံမက်လောက်အောင် ထူးကဲ ပိုမို မြင့်မြတ်သည့် စိတ်နှလုံးမျိုး မက်မောလောက်စရာ အစအနမျှ မမြင်မိခြင်းဖြစ်သည်။

ကျွန်မသည် သူတို့နှင့်အတူနေ၍ ထာဝစဉ် သူတို့ပေါ် တွင် 'ကျွန်မ ဘာကိုမြတ်နိုးနေရမည်ကို ရှာမရပါဘူး' ဟု ပြောဆိုကာ လက်မခံဘဲ ငြင်းဆန်ပစ်လိုက်သည်။

ဖခင်ရော မိခင်ပါ ကျွန်မအတွက် အလွန်အစဉ်းစားခက်သွားကြသည်။ ကျွန်မကို ဆုံးဖြတ်ရ ခက်ကုန်ကြသည်။ ကျွန်မကို ဇွတ်လုပ်၍မရမှန်းလည်း သိကြသည်။ ကျွန်မလုပ်ချင်ရာလုပ်လေ မည်လားဟု ရင်လေး၍ ရှေးကထက်ပို၍ ပူပန်လာကြသည်။ သို့သော်လည်း အတင်းအဓမ္မမလုပ်ကြဘဲ အကျိုးနှင့် အကြောင်းနှင့် ဖျောင်းဖျောင်းဖျဖျပြောဆိုကာ၊ ဤ အရေးကို ကျွန်မသဘောကျမှ ဟူသောလွတ်လပ်ခွင့်ပေးလိုက် ကြပြီးနောက် တစေ့တစောင်းအရိပ်အကဲခတ်နေ ကြသည်။

မိဘများအား ထိုစဉ်က ကျေးဇူးတင်မိသည်မှာ ပြောဖွယ်ရာမရှိပေ။ စိတ်မချမ်းမသာ ဖြစ်မည်ပြောသည်ကိုအတင်း မတိုက်တွန်းသကဲ့သို့ ကျွန်မကလည်း မိဘသဘောနှင့် ဖီလာဆန့်ကျင် မဖြစ်စေရဟု စွဲမြဲစွာ အဓိဋ္ဌာန်ချထားလိုက် သည်။

**ဂျာနယ်ကျော် မမလေး**
**သူလိုလူ၊ စာ ၁၉ - ၂၇**

http://www.cherrythitsar.org

## မေးခွန်းများ

၁။ ကျွန်မတို့တွင် ညီအစ်ကို မောင်နှမ -
- နှစ်ယောက်
- သုံးယောက်
- ငါးယောက်
- ခြောက်ယောက်

ရှိသည်။

၂။ နေ့စဉ် သတင်းစာ၊ လစဉ်မဂ္ဂဇင်း၊ ကာလပေါ် ထွက် သမ္မု ဝတ္ထုများအပြင် -
- ဧချင်း
- လူးတား
- ပို့
- ရကန်

များပါ တစ်ဦးတည်း ဒိုင်ခံဖတ်လျက် အချိန်ဖြုန်း နေခဲ့ သည်။

၃။ မိဘများမှာ -
- ဆင်းရဲသည်
- ကျိုကျိုတက်ချမ်းသာသည်
- မရှိမရှား

၄။ အိမ်အလုပ်များကို -
- ကိုယ်တိုင်လုပ်ရသည်
- မိခင်ကြီးက လုပ်သည်။
- အခြားညီအစ်မများက လုပ်သည်
- အိမ်ဖော်များက လုပ်သည်

၅။ ဖခင်၏ ဘဏ်အလုပ်ကို -

- ကိုယ်တိုင်ဝင်ကူလုပ်သည်
- အစ်မနှင့် ညီမလေးတို့က ကူလုပ်သည်
- အစ်ကိုက ကူလုပ်သည်။

၆။ စိတ်သိမ်မွေ့၍ စိတ်ပျော့ပြောင်းသည်မှာ -

- ကျွန်မ
- အစ်ကိုများ
- အစ်မနှင့် ညီမလေး
- ညီမနှစ်ယောက်

၇။ ကျွန်မကို ကျပ်တည်းချုပ်ချယ်သူမှာ-

- အစ်ကိုများ
- မိဘများ
- မိခင်
- ဖခင်

၈။ ကျွန်မအလုပ် မလုပ်လို ရသည်မှာ -

- စာမဖတ်ရမည်စိုး၍
- အိမ်ထောင်ပြုလို၍
- ဖခင်လက်အောက်တွင် မလုပ်လို၍
- အင်္ဂလိပ်လက်အောက်တွင် မလုပ်လို၍


၉။ ကျွန်မတွင် လူငယ်ချင်းခင်မင်သူ တစ်ဦးရှိခဲ့သည်-

- ကျွန်မ ကျောင်းသူဘဝက ဖြစ်သည်
- အသက် ၂၀ အရွယ်က ဖြစ်သည်
- အသက် ၁၇ နှစ်အရွယ်က ဖြစ်သည်
- အသက် ၁၆ နှစ်အရွယ်က ဖြစ်သည်


အရုဏ်ကောင်းကင် စာအုပ်တိုက်
http://www.cherrythitsar.org

၁၀။ ကျွန်မ၏ ဆန္ဒမှာ -

- ယောက်ျားနောက်သို့ မိဘများမသိအောင် လိုက်ပြေးလိုသည်
- မိမိစိတ်ကြိုက် ယောက်ျားကို ရွေးလိုသည်
- မိမိစိတ်ကြိုက်၊ မိဘကလည်း သဘောတူသူကို ယူလိုသည်
- မိဘသဘောတူသူကိုယူလိုသည်




စာလုံး အရေအတွက်ကို ဖတ်သည့် မိနစ်နှင့် စားလျှင် တစ်မိနစ် အမြန်နှုန်းကိုရ သည်။တစ်မိနစ်လျှင် စာလုံး ရေ ၁၇၀ ခန့် ရဖို့လိုသည်။




စာကျေညက်မှုအဆင့်ကိုတိုင်းတာရန် ပုံသေနည်းမှာ မိမိ ဖြေနိုင်သော မေးခွန်း အရေ အတွက်ကို ၁၀ နှင့် မြှောက် ပါ။ ယင်းသည်ကျေ ညက်နိုင် မှုရာခိုင်နှုန်း ဖြစ်၏။ ၇၀% အောက်သို့ကျနေလျှင် ထပ်၍ ကြိုးစားရဦးမည်။